# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိပြုဖွယ် အမှုကိစ္စ**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရားဌီတည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ဓမ္မပဒ(ဓမ္မပဒ-၂၁၇)


၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက် | ၂၀၂၃ ခုနှစ်၊ မတ် ၃ ရက်၊ သောကြာနေ့ | အတွဲ (၆၂)၊ အမှတ်(၁၅၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ထန်းတပင်မြို့နယ်၌ စနစ်ကျလယ်ယာမြေ ၅၃၁ ကေရှိပြီး ကေ ၂၀၀ ထပ်မံအကောင်အထည်ဖော်မည်



စနစ်ကျလယ်ယာမြေဖော်ထုတ်မှုလုပ်ငန်းခွင်ကို တွေ့ရစဉ်။

ထန်းတပင် မတ် ၂

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနက မြို့နယ်အတွင်း အရည်အသွေးကောင်းမွန်သော စံပြကွက်များ ဖြစ်စေရေးအတွက် စက်မှုလယ်ယာ စနစ်ကျလယ်ယာမြေများ ဖော်ဆောင်လျက်ရှိရာ ယနေ့အထိ မြို့နယ်အတွင်း စနစ်ကျစက်မှုလယ်ယာမြေ ၅၃၁ ကေအထိ အကောင်အထည်ဖော်နိုင်ခဲ့ပြီး လယ်ယာမြေကေ ၂၀၀ ကို ထပ်မံအကောင်အထည်ဖော်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ထန်းတပင်မြို့နယ်၌ စနစ်ကျလယ်ယာမြေအဖြစ် ရေပေါ်သောင်ကျေးရွာတွင် ၃၈၁ ကေ နှင့် ရေဖြူကျေးရွာ ကေ ၁၅၀ ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ဆက်လက်၍ ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း ရေတွင်းကုန်းကျေးရွာ၌ စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေ ကေ ၂၀၀ ကို ထပ်မံဆောင်ရွက်ရန် တင်ပြထားကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်က ရှင်းပြသည်။

"မြို့နယ်အတွင်းမှာရှိတဲ့ တောင်သူတွေ စပါးစိုက်ပျိုးချိန်ကာလမှာ အဆင်ပြေစေဖို့အတွက်ကိုလည်း ဌာနအနေနဲ့ စပါးရိတ်သိမ်းခြွေလှေ့စက် သုံးစီး၊ ကောက်စိုက်စက်နှစ်စီး၊ လယ်ထွန်စက်ကြီး ခုနစ်စီးနဲ့ လယ်ယာဝန်ဆောင်မှုလုပ်ငန်းတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှာ တောင်သူတွေကို လက်ကိုင်ရှည် လက်တွန်းထွန်စက် အစီး ၂၀ ကို

စာမျက်နှာ ၄ ကော်လံ ၁ ❖

## ရိုးရာဓလေ့အစဉ်အလာအတိုင်း နွားလှည်းယာဉ်တန်းဖြင့် မန်းရွှေစက်တော်သို့ ဘုရားဖူးထွက်ခွာ



မင်းဘူး မတ် ၂

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ် မင်းလှကျင်း ရွာသူရွာသားများသည် ရိုးရာဓလေ့ အစဉ်အလာအတိုင်း နွားလှည်းယာဉ်တန်းဖြင့် ဘုရားဖူးထွက်ခြင်းကို တပေါင်းလဆန်း ၁၂ ရက် ညနေ ၃ နာရီခွဲတွင် ရွှေစက်တော်သို့ညအိပ်ဘုရားဖူး ထွက်ခွာခဲ့ကြပြီဖြစ်ကြောင်း မင်းလှကျင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအုံးကြိုင်ထံမှ သိရသည်။

ရွှေစက်တော် ဘုရားပွဲတော်ကို နှစ်စဉ် တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်အထိ

စာမျက်နှာ ၆ ကော်လံ ၁ ■


**ယနေ့ ဖတ်စရာ**

သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်း — ပြည်တွင်းသတင်း — စာ - ၃

ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်း — ပြည်တွင်းသတင်း — စာ - ၃

ပါတီစုံခေတ်တွင် ပြည်သူကို ကိုယ်စားပြုရမည့် ပါတီများ ခိုင်မာအားကောင်းရေး — ဆောင်းပါး — စာ - ၁၀

လက်ရှိ ပထဝီဝင်နိုင်ငံရေး တင်းမာမှုများကို ပေါင်းစည်းအားဖြင့် ဖြေရှင်းရန် ဝန်ကြီးချုပ် မိုဒီ တောင်းဆို — နိုင်ငံတကာသတင်း — စာ - ၁၃

# ငွေကြေး၊ အချိန်နှင့် ဘဝတို့ ကြီးစွာသော ဆုံးရှုံးမှုမကြုံရအောင်

ပစ္စက္ခမြန်မာ့ပညာရေးကို သရုပ်ခွဲကြည့်လျှင် အလင်းခြမ်းနှင့် အမှောင်ခြမ်းဟူ၍ နှစ်ပိုင်းတွေ့နိုင်သည်။ အလင်းခြမ်းတွင် အခြေခံပညာကျောင်းများ မူလတန်းနှင့် အလယ်တန်းတို့ နှစ်ဆုံးစာမေးပွဲများ အေးချမ်းပျော်ရွှင်စွာ ဖြေဆိုပြီးစီးကြပြီ ဖြစ်သည်။ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် နိုင်ငံတစ်ဝန်းမှ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများမှာလည်း တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့် ကတ်ပြားများကို ထုတ်ယူနေကြပြီဖြစ်သည်။

အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများ ပညာသင်ယူနိုင်မည့် အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် ရှင်းလင်းအသိပေးလျက်ရှိသကဲ့သို့ သက်ဆိုင်ရာကျောင်းများအလိုက်လည်း မိဘများနှင့် ကျောင်းသား ကျောင်းသူများအား အသိပညာပေး ဟောပြောမှုများ ပြုလုပ်လျက်ရှိသည်။ အဆင့်မြင့်ပညာရေးတွင် နိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ၏ ပုံမှန်ပညာသင်နှစ် သင်ကြားပို့ချမှုများ၊ စာတမ်းဖတ်ပွဲ၊ ပညာပေးဟောပြောပွဲများ၊ လူငယ်စကားဝိုင်းများ၊ သီချင်းဆိုပြိုင်ပွဲ၊ အားကစားပြိုင်ပွဲ၊ ဘောလုံးပွဲများ ကျင်းပကာ ရွှင်လန်းတက်ကြွစွာ သင်ကြားသင်ယူမှုများဖြင့် လှုပ်ရှားရှင်သန်လျက်ရှိသည်။ မြန်မာ့ပညာရေး၏ အလင်းခြမ်းတွင် ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးအတွက် မရှိမဖြစ် အရေးပါသော တန်ဖိုးမြင့်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနိုင်ငံတော်၏ ဆောင်ရွက်ချက်များနှင့်အတူ ကျောင်းသူကျောင်းသား လူငယ်များ၏ အနာဂတ်မျှော်လင့်ချက်များနှင့် တက်ကြွလှုပ်ရှားမှုများကို ပီပြင်စွာ တွေ့မြင်နိုင်သည်။

မြန်မာ့ပညာရေး၏ အမှောင်ခြမ်းမှာမူ အမြင်ကျဉ်းမြောင်းပြီး တစ်ကိုယ်ကောင်းဆန်သည့် နိုင်ငံရေးအမှောင့်ပယောဂများ ပူးကပ်ခံရကာ ကျောင်းသူကျောင်းသားလူငယ်များမှာ သားကောင်များအဖြစ် စတေးခံနေကြရသည်။ အကြမ်းဖက်သမားများက စာသင်မပျက်သည့် ဆရာဆရာမများကို ရန်သူအဖြစ် သတ်မှတ်၍ သတ်ဖြတ်ကြပြီး ကျောင်းစာအုပ်များ၊ စာသင်ကျောင်းများကို မီးရှို့မိုင်းခွဲဖျက်ဆီးကြသည့်အပြင် ခြိမ်းခြောက်၍ စာသင်ကျောင်းများကို ပိတ်ခိုင်းခြင်းဖြင့် ကလေးများ၏ ပညာသင်ယူနိုင်ခွင့် အခွင့်အရေးများကိုပိတ်ပင်ကာ အနာဂတ်ဘဝများစွာတို့ကို ဖျက်ဆီးလိုက်ကြသည်။ ထို့အပြင် အကြမ်းဖက်အုပ်စု NUG သည် Free Online Education Institution Myanmar (FOEIM) ဟု အမည်ပေးထားသည့် အွန်လိုင်းပညာရေးစာသင်ကျောင်းများ ထူထောင်ထားသည်ဟုဆိုကာ ကျောင်းဝင်ကြေးများ ကောက်ခံခဲ့ပြီး ကြေညာထားသည့် ကျောင်းအရေအတွက်များအတိုင်း မဖွင့်လှစ်ဘဲ စတိသဘောမျှသာဖွင့်ခဲ့ခြင်း၊ ကျောင်းအပ်နှံငွေများ အဝေမတည့်ဘဲ ၎င်းတို့အချင်းချင်းကြားတွင် စာရင်းမရှင်းနိုင်ခြင်းနှင့် ငွေကြေးလိမ်လည်မှုများ ဖြစ်ပေါ်ခဲ့ခြင်း၊ နိုင်ငံတကာအသိအမှတ်ပြု အထောက်အထား ခိုင်မာစွာ မရှိသည့်အတွက် အဆိုပါ အွန်လိုင်းကျောင်းမှ အောင်မြင်ပါကလည်း နိုင်ငံတကာ တက္ကသိုလ်၊ ကောလိပ်များသို့ တက်ရောက်နိုင်မည်မဟုတ်ဘဲ အချိန်ကုန်၊ ငွေကြေးဆုံးရှုံးမည်ဖြစ်သည့်အပြင် အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေအရပါ အရေးယူခံရမည်ဖြစ်ခြင်း စသည့်အကြောင်းများကြောင့် အကြမ်းဖက် NUG ကို ယုံကာ ဘဝကိုပုံအပ်ခဲ့သူတို့မှာ အမှောင်တကာ့အမှောင်တွင် ဘဝပျက်ကြရမည်ဖြစ်သည်။

ပညာကို ပထမအရွယ်တွင်သာ ရှာကြရခြင်းဖြစ်ပြီး အချိန်ကာလ တစ်နှစ်တိုင်း၊ တစ်နှစ်တိုင်းမှာ လွန်စွာအရေးကြီးသည်။ မည်သို့သော အကြောင်းကြောင့်ဖြစ်စေ အကြမ်းဖက်အုပ်စုက တည်ထောင်သည့် အွန်လိုင်းကျောင်းများတွင် ကျောင်းအပ်နှံခြင်းက ငွေကြေး၊ အချိန်နှင့် ဘဝတို့ ကြီးစွာသော ဆုံးရှုံးမှုများနှင့် ကြုံရနိုင်သည့်အလျောက် ဝေးစွာရှောင်ကြဉ်ကြရမည်ဖြစ်ပြီး အစိုးရစာသင်ကျောင်းများနှင့် အစိုးရအသိအမှတ်ပြုစာသင်ကျောင်းများတွင်သာ ကျောင်းအပ်နှံပညာသင်ကြားကြရေးအတွက် အကျိုးမျှော်ကာ နှိုးဆော်အသိပေးအပ်ပါကြောင်း။ ။

# (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

- ☆ ဒို့တာဝန်အရေး (၃) ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။
- ☆ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအပေါ်အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။
- ☆ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

# နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဘုန်းတော်ကြီးကျောင်းများ၊ ပရဟိတကျောင်းများအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ အမယ်လေးမျိုး ဆက်ကပ်လှူဒါန်း

**နေပြည်တော် မတ် ၂**



နယ်စပ်ရေးရာဝန်ကြီးဌာနသည် နေပြည်တော်ကောင်စီ နယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များရှိ ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်းများသို့ ဆွမ်းကွမ်း အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် အခြားလှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းလျက်ရှိသည်။ (ယာပုံ)

ထိုသို့ ဆက်ကပ်လှူဒါန်းလျက်ရှိရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးစိုင်းထွန်းညိုနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီ နယ်မြေ ဇမ္ဗူသီရိမြို့နယ် အေးမြရွှေပြည်ကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များ၊ စာသင်သား သာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘုရားဖူးပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေး

**သီပေါ မတ် ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပေါ်ကြိုကျေးရွာ၌ ရေးနှစ်ပေါင်း ၂၀၀၀ ကျော်က သီရိဓမ္မာသောကမင်းကြီး တည်ထားကိုးကွယ်ခဲ့သော ရှေးဟောင်းသမိုင်းဝင်ပေါ်ကြိုဘုရားကြီး ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ကို ကိုဗစ်-၁၉ ရောဂါကြောင့် ကျင်းပနိုင်ခြင်းမရှိခဲ့၍ ယခုနှစ်တွင် စည်ကားသိုက်မြိုက်စွာကျင်းပရေးအတွက် မြို့နယ်သံဃနာယကအဖွဲ့၏ ဩဝါဒကို ခံယူကာ ဖေဖော်ဝါရီ ၂၈ ရက်က ဖွင့်ပွဲမင်္ဂလာအခမ်းအနား ကျင်းပသည်။



ဗုဒ္ဓပူဇနိယပေါ်ကြိုဘုရားကြီး တပေါင်းပွဲတော်ကို ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၆ ရက်အထိ ကျင်းပမည်ဖြစ်ရာ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ သံဃာတော်အရှင်သူမြတ်များအား ဆွမ်းဆက်ကပ်လှူဒါန်းပြီး ဝတ္ထုပစ္စည်းများ ဆက်ကပ်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ဘုရားကြီးမုခ်လေးမုခ်၌ စံပယ်တော်မူသော ရတနာရန်အောင်၊ ရတနာမာန်အောင်၊ ရတနာ့ရန်အောင်နှင့် ရတနာစျာန်အောင်မြတ်ဘုရားလေးဆူတို့အား ရွှေသင်္ကန်းများ ကပ်လှူခြင်း၊ ဆွမ်းတော်ကြီး ကပ်လှူပူဇော်ခြင်း စသည့် ကောင်းမှုကုသိုလ်များကို ဒေသခံရှမ်း၊ ပလောင်တိုင်းရင်းသားများက တပေါင်းလပြည့်နေ့အမီ တောင်ပေါ်ဒေသစခန်းများမှ စတင်ထွက်ခွာလာကြသည်။

ဘုရားဖူးလာ ဗုဒ္ဓနွယ်ဝင်တိုင်းရင်းသားများ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ပေါ်ကြိုဘုရားကြီးဂေါပကအဖွဲ့၊ မြို့နယ်ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက နှာခေါင်းစည်းများ ဝေငှခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်ဆေးပေးခြင်း စသည့် ကျန်းမာရေးဆိုင်ရာ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ (ဝဲပုံ)

**စိုင်း(သီပေါ)**

# သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ် ၇၆ / ၂၀၂၃**
**၁၃၈၄ ခုနှစ် ၊ တပေါင်းလဆန်း ၁၂ ရက်**
**(၂၀၂၃ ခုနှစ်၊ မတ်လ ၂ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက သာသနာတော်သုံးရပ် တိုးတက်စည်ပင်ထွန်းကားပြန့်ပွားစေရန်အလို့ငှာ ဗုဒ္ဓသာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းခဲ့သော အောက်ပါပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်ကို ချီးမြှင့်အပ်နှင်းလိုက်သည်-

**အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်**

၁။ ဒေါ်ကြူကြူလှ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်
၂။ ဒေါ်ကြိုင်ကြိုင်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်
၃။ ဒေါ်မြမြစန်း၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်
၄။ ဒေါ်ခင်ခင်ဝင်း၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်
၅။ ဒေါ်ခင်သက်ငွေး၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်
၆။ ဒေါ်သန်းသန်းနွဲ့၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၇။ ဒေါ်နန်းရွှေမှုံ၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ် ၇၇ / ၂၀၂၃**
**၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်**
**( ၂၀၂၃ ခုနှစ် ၊ မတ်လ ၂ ရက် )**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လွတ်လပ်ရေးရပြီး (၇၅) နှစ်တာကာလအတွင်း နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံ့တာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ကြသော အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်အပ်နှင်းလိုက်သည် –

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များ**
**သီရိပျံ့ချီဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဦးရှိန်းထန်း | ဝန်ကြီး | ပြန်လည်ထူထောင်ရေးဌာန |
| ၂။ | စောအောင်ပ | ဝန်ကြီး | လမ်းလုပ်ငန်းနှင့် အိမ်ရာဆောက်လုပ်ရေးဌာန၊ ရေကြောင်း၊ မြို့ပြလေကြောင်းဌာနနှင့် ကျန်းမာရေးဌာန |
| ၃။ | ဦးလှိုင်ဟုတ် | ဥက္ကဋ္ဌ | ရာထူးဝန်အဖွဲ့ |
| ၄။ | ဦးအေးမောင် | ဝန်ကြီး | ယဉ်ကျေးမှုဝန်ကြီးဌာန |
| ၅။ | ဒေါက်တာအေးလှိုင် | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ၆။ | ဦးမောင်မောင်ဟန် | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ၇။ | ဦးခင်ဇော် | စာရင်းစစ်ချုပ် | စာရင်းစစ်ချုပ်ရုံး |
| ၈။ | ဦးအောင်စန်း | ဝန်ကြီး | ယဉ်ကျေးမှုဝန်ကြီးဌာန |
| ၉။ | ဦးခင်မောင်သိန်း | ဝန်ကြီး | စွမ်းအင်ဝန်ကြီးဌာန |
| ၁၀။ | ဗိုလ်မှူးချုပ် ဝင်းတင် | ဝန်ကြီး | ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန |
| ၁၁။ | ဦးကြည်အေး | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ၁၂။ | ဦးသန်းညိန်း | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ၁၃။ | ဒူဝါဇော်ရစ် | ကချင်ရေးရာဝန်ကြီး | |
| ၁၄။ | စောလူးလူ | ကရင်ရေးရာဝန်ကြီး | |
| ၁၅။ | ဦးတင်လှ | ဥက္ကဋ္ဌ | မန္တလေးတိုင်းပြည်သူ့ကောင်စီ |
| ၁၆။ | ဒေါ်သန်းသန်းနွဲ့ | ဥက္ကဋ္ဌ | မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် |
| ၁၇။ | ဒေါ်ခင်ခင်ဝင်း | ဥက္ကဋ္ဌ | မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် |

**ဝဏ္ဏကျော်ထင်ဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဦးအောင်မှီ | ဒုတိယဝန်ကြီး | အလုပ်သမားဝန်ကြီးဌာန |
| ၂။ | ဦးခင်မောင်တည် | ဒုတိယဝန်ကြီး | ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန |
| ၃။ | ဦးသိမ်းထူး | ဒုတိယဝန်ကြီး | သမဝါယမဝန်ကြီးဌာန |
| ၄။ | ဦးခင်ငြိမ်း | ဒုတိယဝန်ကြီး | ကျန်းမာရေးဝန်ကြီးဌာန |
| ၅။ | သူရ ဦးတင်မောင် | ဒုတိယဝန်ကြီး | ပြန်ကြားရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန |
| ၆။ | ဒေါက်တာဗိုလ်လေး | ဒုတိယဝန်ကြီး | လယ်ယာနှင့် သစ်တောဝန်ကြီးဌာန |
| ၇။ | ဦးဘိုးဟန် | ဒုတိယဝန်ကြီး | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၈။ | ဦးနေအေး | ဒုတိယဥက္ကဋ္ဌ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ၉။ | ဦးသောင်းတင် | ဒုတိယဝန်ကြီး | ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန |
| ၁၀။ | ဦးထင်အောင် | ဒုတိယဝန်ကြီး | စွမ်းအင်ဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန |
| ၁၁။ | ဒေါ်လှဲ့လှဲ့သိန်း | ဒုတိယဝန်ကြီး | အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန |
| ၁၂။ | ဦးဝင်း | သံအမတ်ကြီး(အငြိမ်းစား) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၁၃။ | ဦးကိုကိုလေး | သံအမတ်ကြီး(အငြိမ်းစား) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၁၄။ | ဦးကျော်မင်း | သံအမတ်ကြီး(အငြိမ်းစား) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၁၅။ | ဦးညွန့်တင် | သံအမတ်ကြီး(အငြိမ်းစား) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၁၆။ | ဒေါက်တာကျော်ဝင်း | သံအမတ်ကြီး(အငြိမ်းစား) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၁၇။ | ဦးတင်လတ် | သံအမတ်ကြီး(အငြိမ်းစား) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၁၈။ | ဦးကျော်မြင့် | သံအမတ်ကြီး(အငြိမ်းစား) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၁၉။ | ဦးသန်းထွန်း | သံအမတ်ကြီး(အငြိမ်းစား) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၂၀။ | ဦးအေး | သံအမတ်ကြီး(အငြိမ်းစား) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၂၁။ | ဦးမြသန်း | သံအမတ်ကြီး(အငြိမ်းစား) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၂၂။ | ဒေါက်တာအောင်နိုင် | သံအမတ်ကြီး(အငြိမ်းစား) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၂၃။ | ဦးညွန့်မောင်ရှိန် | သံအမတ်ကြီး(အငြိမ်းစား) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၂၄။ | ဦးသက်ဝင်း | သံအမတ်ကြီး(အငြိမ်းစား) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၂၅။ | ဦးစိုးမြင့် | သံအမတ်ကြီး(အငြိမ်းစား) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၂၆။ | ဦးကြည်သိန်း | သံအမတ်ကြီး(အငြိမ်းစား) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၂၇။ | ဦးထိန်ဝင်း | သံအမတ်ကြီး(အငြိမ်းစား) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၂၈။ | ဦးမျိုးလွင် | သံအမတ်ကြီး(အငြိမ်းစား) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၂၉။ | ဦးခင်ဇော်ဝင်း | သံအမတ်ကြီး(အငြိမ်းစား) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၃၀။ | ဦးမင်းသိန်း | သံအမတ်ကြီး(အငြိမ်းစား) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၃၁။ | ဦးစိုးနွယ် | သံအမတ်ကြီး(အငြိမ်းစား) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၃၂။ | ဦးဉာဏ်လင်း | သံအမတ်ကြီး(အငြိမ်းစား) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၃၃။ | ဦးညွန့်အောင် | ဦးဆောင်ညွှန်ကြားရေးမှူး (အငြိမ်းစား) | စက်မှုဝန်ကြီးဌာန |
| ၃၄။ | ဦးသိုက်ထွန်း | ဦးဆောင်ညွှန်ကြားရေးမှူး (အငြိမ်းစား) | စက်မှုဝန်ကြီးဌာန |
| ၃၅။ | ဦးဘိုဝင်း | ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) | ပညာရေးဝန်ကြီးဌာန |
| ၃၆။ | ဒေါ်သန်းသန်းလင်း | ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန |
| ၃၇။ | ဦးမောင်မောင်သန်း | ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

ရန်ကုန် မတ် ၂

**အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ကျင်းပသည်။ (ယာပုံ)**




အစည်းအဝေးသို့ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ)နှင့် အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေး၏ သဘာပတိ ဆရာတော်အဖြစ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ ၏ကိုယ်စား နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်အဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဓဇက ဆောင်ရွက်တော်မူသည်။

ဦးစွာ အခမ်းအနားမှူး ဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက် အောင်မြင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ ၏ ကိုယ်စား နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့နှင့် နိုင်ငံတော် သံဃဝိနိစ္ဆယအဖွဲ့ဝင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်အပါး ၄၀ တို့ကို နိုင်ငံတော်ဝိနည်းဓိုရ် လက်မှတ်များ ဆက်ကပ်တော်မူသည်။(**အောက်ပုံ**)



ဆက်လက်၍ အဋ္ဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေးတွင် ချမှတ်ခဲ့သည့် အစားထိုး ရွေးချယ်မှုများ၊ ဆုံးဖြတ်ချက်များ၊ အတည်ပြုချက်များ၊ မှတ်တမ်းတင်ချက်များကို သာသနာ့သမိုင်းဝင် မှတ်တမ်းစာအုပ်၌ သြဝါဒါစရိယ ဆရာတော်ကြီး ၁၅ ပါး၊ အကျိုးတော်ဆောင် ဆရာတော်၊ ရွှေကျင်ဂိုဏ်း၊ ဂဏဝိမုတ်ကူးတို့ဂိုဏ်း၊ စတုဘုမ္မိကမဟာသတိပဋ္ဌာန်ငှက်တွင်းဂိုဏ်း၊ ဓမ္မယုတ္တိနိ ကာယမဟာရင်ဂိုဏ်း၊ ဓမ္မဝိနယာနုလောမ မူလဒွါရနိကာယဂိုဏ်း၊ ဓမ္မာနုဓမ္မ မဟာဒွါရ နိကာယဂိုဏ်း၊ ဝေဠုဝန်နိကာယဂိုဏ်း၊ အနောက်ချောင်းဒွါရဂိုဏ်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကိုယ်စားလှယ် တစ်ပါးစီတို့က လက်မှတ်ရေးထိုးခြင်းတို့ ဆောင်ရွက်တော်မူကြသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ ၏ နိဂုံးချုပ် ဥယျောဇနကထာကို ဆရာတော်ကြီး၏ ကိုယ်စား သဘာပတိ ဆရာတော်က ဖတ်ကြားတော်မူရာ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများက နာယူတော်မူကြသည်။

ယင်းနောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်အားလုံးက "ဇယန္တော ဗောဓိယာမူလေ" အစချီ နှစ်ဂါထာကို သုံးကြိမ် ရွတ်ဆိုတော်မူကြပြီး "သာဓု" သုံးကြိမ် ခေါ်ဆိုကာ အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေးကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော် မူလာကြသော ဆရာတော်ကြီးများကို တစ်နေ့တာ ဆွမ်းအလှူရှင်အဖြစ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ(ငြိမ်း) ဇနီး ဒေါ်ကြိုင်ကြိုင် မိသားစု၊ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး (ငြိမ်း) ဇနီး ဒေါ်မြမြစန်း မိသားစု၊ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာ သီရိသုဓမ္မ ဦးသိန်းစိန် နိုင်ငံတော်သမ္မတ(ငြိမ်း) ဇနီး ဒေါ်ခင်ခင်ဝင်း မိသားစု၊ မဟာသရေစည်သူ (ဗိုလ်ချုပ်ကြီး စိုးဝင်း)(ငြိမ်း) ဇနီး ဒေါ်သန်းသန်းနွဲ့ မိသားစု၊ မဟာသရေစည်သူ ဒုတိယ ဗိုလ်ချုပ်ကြီး တင်အေး(ငြိမ်း) ဇနီး (ဒေါ်ကြည်ကြည်အုန်း) မိသားစု၊ ဇေယျကျော်ထင် ဗိုလ်ချုပ် တင်ငွေ (ငြိမ်း) ဇနီး ဒေါ်နန်းခင်လှဝင်း မိသားစု၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း (ငြိမ်း) ဇနီး ဒေါ်မာလာတင့် မိသားစု၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး (ငြိမ်း) ဇနီး ဒေါ်ခင်နှင်းဝေ မိသားစု၊ မဟာသရေစည်သူ (ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို) ဇနီး ဒေါ်ခင်လေးမြင့် မိသားစု၊ မဟာသရေစည်သူ (ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဝင်း) ဇနီး (ဒေါ်ခင်စန်းရီ) မိသားစုနှင့် မဟာသရေစည်သူ ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့်(ငြိမ်း) ဇနီး ဒေါက်တာ ဒေါ်တင်လင်းမြင့် မိသားစုတို့က ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**

---

❖ *ရွှေ့ဖိုးမှ*

သုံးနှစ်အတွင်း လေးရစ်ဆပ်စနစ်နဲ့ ရောင်းချပေးနိုင်ခဲ့ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ထန်းတပင်မြို့နယ်အတွင်း စက်မှုလယ်ယာ စနစ်ကျ လယ်ယာမြေဧက ဖော်ထုတ်ခြင်းလုပ်ငန်းကို ၂၀၁၆ ခုနှစ်တွင် ရေပေါ်သောင်ကျေးရွာရှိ စိုက်ပျိုးမြေ ၃၈၁ ဧကကိုလည်းကောင်း၊ ၂၀၂၂ ခုနှစ်တွင် ရေဖြူကျေးရွာအုပ်စု အုတ်ဖိုကျေးရွာတွင် လည်းကောင်း စနစ်ကျလယ်ယာမြေ ဖော်ထုတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။ စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေဧကများ ဖော်ထုတ်ခြင်းကြောင့် ဒေသခံတောင်သူများ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရောက်ရှိခြင်း၊ တောင်သူများ အကျိုးရှိ ဝင်ငွေတိုးပွားစေခြင်း၊ ရေသွင်းရေထုတ်မြောင်းများ ကောင်းမွန်စေခြင်း၊ လယ်ယာကုန်ထုတ်လမ်းများကြောင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာခြင်း၊ သီးနှံများ အထွက်တိုးပွားလာခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း အထောက်အကူပြုသည့် အကျိုးကျေးဇူးများရရှိကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

---

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မတ် ၂**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင် ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်များရှိ ဘုန်းတော်ကြီး ကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။(**ယာပုံ**)




ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ ရွှေမြိုင် ပရိယတ္တိစာသင်တိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဓာတုမာလာ ပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ ကောင်းဆုဝေကျောင်းတိုက်၊ ရန်ကင်းမြို့နယ်ရှိ မိုးဃ်းကောင်းကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ်ရှိ မဟာဝိစိတ္တာရုံကျောင်းတိုက်နှင့် လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်ရှိအောင်ဇေယျာမင်းကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ သုဝဏ္ဏနားဝမ် (ကိုရင်လေး) ကျောင်းတိုက်များသို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ သာမဏေကျော်ပရိယတ္တိစာသင်တိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ ဝေသာလီဂန္ဓာရုံကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ရွှေကျင်တိုက်မကြီးကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်ရှိ ကမာကဆစ်အနောက်ကျောင်း ပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အောင်မြေသာစည် ကံသာကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ ရွှေလီကျောင်းတိုက်များသို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်များ၊ ဦးစီးဌာနများမှ သက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း ရခိုင်ပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောက်ဖြူခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရှိ ဝန်ထမ်းများအား တွေ့ဆုံ

**နေပြည်တော် မတ် ၂**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း သည် ဖေဖော်ဝါရီ ၂၇ ရက် ညနေပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဧည့်ရိပ်သာခန်းမတွင် ရခိုင်ပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီဥက္ကဋ္ဌ၊ စီးပွားရေးရာဝန်ကြီး ဦးစံရွှေမောင်နှင့် အဖွဲ့ဝင်များကို လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



ထိုသို့ တွေ့ဆုံစဉ် ရခိုင်ပြည်နယ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ရခိုင်ပြည်နယ် MSME အေဂျင်စီကို ဖွဲ့စည်းထားပြီးဖြစ်၍ အေဂျင်စီဥက္ကဋ္ဌက ဦးဆောင်ပြီး ပြည်နယ်တွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်သွားရန်၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်လမ်းညွှန်ချက်များ၊ MSME လုပ်ငန်းရှင်များ၏ တင်ပြဆွေးနွေးချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်၊ MSME လုပ်ငန်းများအား စနစ်တကျ မှတ်ပုံတင်နိုင်ရေးဆောင်ရွက်ရန်နှင့် လိုအပ်ချက်များကိုလည်း ဗဟိုအေဂျင်စီသို့ တင်ပြဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်က MSME လုပ်ငန်းများအတွက် လိုအပ်သော သတင်းအချက်အလက်များ လျင်မြန်စွာ သိရှိနိုင်ရေးအတွက် MSME Web Portal ကို ရှင်းလင်းဆွေးနွေးသည်။

ဖေဖော်ဝါရီ ၂၈ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကျောက်ဖြူမြို့ရှိ ခရိုင်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ ရောက်ရှိပြီး ခရိုင်ဦးစီးဌာနမှူးက ဝန်ထမ်းအင်အားအခြေအနေ၊ စက်မှုမှတ်ပုံတင်လက်မှတ်များ ထုတ်ပေးခဲ့မှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်မှ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးဆောင်ရွက်လျက်ရှိသဖြင့် ပြည်နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးပြီး ရေရှည်ရပ်တည်နိုင်အောင် အားသွန်ခွန်စိုက် ကြိုးစားဆောင်ရွက်ပေးရန်နှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲများကို အချိန်နှင့်တစ်ပြေးညီ သိရှိကူညီဖြည့်ဆည်းပေးနိုင်ရေးအတွက် လုပ်ငန်းခွင်အရောက် မြေပြင်ကွင်းဆင်းဆောင်ရွက်ရန်၊ လုပ်ငန်းရှင်များ၏ အခက်အခဲများကို ကူညီဖြေရှင်းပေးနိုင်ရေးအတွက် ဝန်ထမ်းတစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်များကိုလည်း မြှင့်တင်ထားရန် လိုအပ်သလို ဝန်ထမ်းများကလည်း ကိုယ်ပိုင်အရည်အချင်းများ မြင့်တက်လာအောင် အစဉ်အမြဲ လေ့လာသင်ယူသွားကြရန်မှာကြားပြီး ဝန်ထမ်းများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ ဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း သနပ်ပင်မြို့နယ်၌ စပါးခွံသုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ဖြင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေး

**ပဲခူး မတ် ၂**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း သည် အစိုးရအဖွဲ့ တာဝန်ရှိသူများနှင့်အတူ မတ် ၂ ရက်က သနပ်ပင်မြို့နယ်၌ စပါးခွံစွန့်ပစ်ပစ္စည်းသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက် (Gasifire Power Plant) ဖြင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် သနပ်ပင်မြို့နယ် တော်ဝင်ဟသာ ဆန်စက်သို့ ရောက်ရှိရာ ဆန်စက်လုပ်ငန်းရှင် ဦးရာဇာလင်းက ဆန်စက်၊ စပါးအခြောက်ခံစက်၊ စပါးခွံ လောင်စာတောင့်နှင့် သဘာဝမြေသြဇာထုတ်လုပ်မှုနှင့် အဆိုပါလုပ်ငန်းများအား စပါးခွံစွန့်ပစ်ပစ္စည်းသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ဖြင့် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဆန်စက်၊ စပါးအခြောက်ခံစက်၊ စပါးခွံလောင်စာတောင့်နှင့် သဘာဝမြေသြဇာထုတ်လုပ်မှုနှင့် စပါးခွံစွန့်ပစ်ပစ္စည်းသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ရုံတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စပါးခွံလောင်စာတောင့်များ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်၍ ကျေးလက်ဒေသများအထိ ထင်းအစားထိုး သုံးစွဲနိုင်ရေးဆောင်ရွက်ရန်၊ ပြည်ပပို့ကုန်အဖြစ်လည်း ဈေးကွက်ရရှိနိုင်ရေး ဆောင်ရွက်ရန်၊ ဆန်စက်လုပ်ငန်းရှင်များအား ဖိတ်ခေါ်၍ Gasifire Power Plant ဖြင့် လျှပ်စစ်ဓာတ်အား လျှော့ချသုံးစွဲနိုင်ရေး အသိပညာပေးရန်နှင့် လျှပ်စစ်မီးမရရှိသေးသည့် ကျေးရွာများအား Gasifire Power Plant ဖြင့် လျှပ်စစ်မီးရရှိသုံးစွဲနိုင်ရေးစီမံချက်များ ချမှတ်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ထာဝရမိဘမေတ္တာ ပဲတီစိမ်းအဝယ်ဒိုင်သို့ ရောက်ရှိပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ပဲတီစိမ်းစိုက်ပျိုးသည့် တောင်သူများက သွင်းအားစုတန်ဖိုး ငွေကျပ် နှစ်သိန်းနှင့်ညီမျှသည့် ပဲတီစိမ်းများ ပြန်လည်ပေးသွင်းနေမှုအား ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ နွေစပါးအား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ထပ်မံတိုးချဲ့စိုက်ပျိုးရန်နှင့် စိုက်ပျိုးရေရရှိရေး ဆိုလာရေတင်စနစ်အား စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ သနပ်ပင်မြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ပဲတီစိမ်း ၅၀၀၀၀ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယနေ့အချိန်အထိ ဧက ၁၇၀၀၀ ကျော် ပြန်လည်ပေးသွင်းပြီးဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ပညာရေးလုပ်ငန်းများထိရောက်အောင်မြင်မှုရှိစေရန် ပညာရေးမိသားစုများ အချင်းချင်းစည်းလုံးညီညွတ်စွာ လက်တွဲဆောင်ရွက်ကြစေလို

**နေပြည်တော် မတ် ၂**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မိုးဇော်ထွန်း သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ကလောမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ တေဇခန်းမ၌ ကျင်းပသည့် ကလောမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။ **(အောက်ပုံ)**

တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးက မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်ကြစေလိုကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ပညာရေးလုပ်ငန်းများ ထိရောက်အောင်မြင်မှု ရှိစေရန် ပညာရေးမိသားစုများအချင်းချင်း အပြန်အလှန် လေးစားမှုဖြင့် စည်းလုံးညီညွတ်စွာ လက်တွဲဆောင်ရွက် ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကလောမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း (အင်းပြင်) အခြေခံ စာတတ်မြောက်ရေး စာသင်ဝိုင်းသို့ သွားရောက်၍ စာတတ်မြောက်ရေး သင်ကြားသင်ယူနေမှုများကို ကြည့်ရှုအားပေးကာ စာသင်သားများနှင့် နည်းပြများကို စာတတ်မြောက်ရေး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့နယ် အေးသာယာမြို့ရှိ အထက (၁) အေးသာယာ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ကျောင်းဆောင် ဆောက်လုပ်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်

**နေပြည်တော် မတ် ၂**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ Kum Khmer အားကစားနည်းနှင့် လှေလှော်အားကစားနည်းတွင် ပါဝင်ယှဉ်ပြိုင်မည့် အားကစားသမားများ လေ့ကျင့်နေမှုကို သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၂**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ၊ ဥပဒေချုပ် ဦးဌေးအောင်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ Kum Khmer အားကစားနည်းတွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ့ရိုးရာလက်ဝှေ့ အားကစားသမားများ၏လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

ထိုသို့ကြည့်ရှုစဉ် မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းအောင်က အမျိုးသားများအနေဖြင့် ၅၁ ကီလိုတန်း၊ ၅၄ ကီလိုတန်း၊ ၅၇ ကီလိုတန်း၊ ၆၀ ကီလိုတန်း၊ ၆၃ ဒသမ ၅ ကီလိုတန်း၊ ၆၇ ကီလိုတန်း၊ ၇၁ကီလိုတန်း၊ ၇၅ ကီလိုတန်း၊ ၈၁ ကီလိုတန်းများတွင်လည်းကောင်း၊ အမျိုးသမီးများအနေဖြင့် ၄၈ ကီလိုတန်း၊ ၅၄ ကီလိုတန်း၊ ၅၇ ကီလိုတန်းများတွင် ပါဝင်ယှဉ်ပြိုင်၍ နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး အထူးကြိုးစားဆောင်ရွက်နေမှုနှင့် ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ အင်းလျားလမ်းရှိ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်၌ အားကစားသမားများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေး၍ လေ့ကျင့်မှုများ အချည်းနှီးမဖြစ်စေရန် ကျန်းမာရေးကို အထူးဂရုစိုက်ရန် လိုအပ်ကြောင်းမှာကြားကာ အမျိုးသမီးလေးထပ်အိပ်ဆောင် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ်ရိပ်သာလမ်းရှိ နိုင်ငံခြားဘာသာတက္ကသိုလ်၌ ကျင်းပသည့် အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်နှင့် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံမြားပစ်သင်တန်း (၁/၂၀၂၃) ဆင်းပွဲသို့ တက်ရောက်သည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက လူငယ်များအနေဖြင့် မိမိဝါသနာပါရာ အားကစားကို လေ့လာလိုက်စားခြင်းဖြင့် အားကစားနည်းစနစ်ကို ကျွမ်းကျင်၍ နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့်အပြင် လူနေမှုဘဝအတွက် အလေ့အထကောင်းများကို ဖြစ်စေသည့်အတွက် မြားပစ်အားစားနည်းတစ်ခုတည်း မဟုတ်ဘဲ အခြားအားကစားနည်းများကိုပါ လေ့လာလိုက်စားစေလိုကြောင်း၊ မြားပစ်အားကစားနည်းကို ယခုလို ဖွင့်လှစ်ပေးနိုင်သည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း၊ အခြားတက္ကသိုလ်များလည်း ဖွင့်လှစ်စေလိုကြောင်း၊ မြားပစ်အားကစားနည်းသည် တစ်ဦးချင်းအလိုက်လည်းကောင်း၊ အဖွဲ့လိုက်လည်းကောင်း ယှဉ်ပြိုင်ရသည့်အပြင် စိတ်တည်ငြိမ်မှုရှိရပြီး ပြိုင်ပွဲကွင်း၌ လေတိုက်မှုနှုန်းကိုလည်း မှန်းဆတွက်ချက်တတ်ရန် လိုအပ်သည့်အတွက် အားကစားသမားတစ်ဦးချင်းစီ၏ ပင်ကိုအရည်အသွေး အရည်အချင်းပြည့်ဝနေလျှင် အောင်မြင်မှုရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကြည့်ရှင်က လာမည့် ဇူလိုင်လတွင် ယခုသင်တန်းမှ ထူးချွန်သူများကို အဆင့်မြင့်မြားပစ်သင်တန်းဖွင့်လှစ်၍ နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်၊ ကောလိပ်များ ပါဝင်သည့် မြားပစ်သင်တန်းကိုလည်း ဖွင့်လှစ်ရန်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက သင်တန်းဆင်းအမှတ်တရ ၁၀ မီတာ မြားပစ် အမျိုးသားပြိုင်ပွဲတွင် ဆုရရှိသူများကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဥပဒေချုပ် ဦးဌေးအောင်က ၁၀ မီတာမြားပစ် အမျိုးသမီးပြိုင်ပွဲတွင် ဆုရရှိသူများကိုလည်းကောင်း တစ်ဦးချင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး နိုင်ငံခြားဘာသာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာကြည့်ရှင်က သင်တန်းနည်းပြများကို ဂုဏ်ပြုမှတ်တမ်းလွှာ၊ ချီးမြှင့်ငွေများကိုလည်းကောင်း၊ ဒုတိယပါမောက္ခချုပ်က သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သင်တန်းသား သင်တန်းသူများ၏ သရုပ်ပြမြားပစ်ခတ်မှုများကို ကြည့်ရှုအားပေး၍ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# မုံရွာ၌ တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် နေကြာ၊ ဂျုံ၊ ဝါ၊ ကုလားပဲ၊ စပါးနှင့် ဆီထွက်သီးနှံများ ပန်းတိုင်အထွက်ရရှိရေး ပြပွဲ ၊ ဆွေးနွေးပွဲနှင့် စာတမ်းဖတ်ပွဲ ကျင်းပ

**နေပြည်တော် မတ် ၂**

တောင်သူ လယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် နေကြာ၊ ဂျုံ၊ ဝါ၊ ကုလားပဲ၊ စပါးနှင့် ဆီထွက်သီးနှံများ ပန်းတိုင်အထွက် ရရှိရေးပြပွဲ၊ ဆွေးနွေးပွဲနှင့် စာတမ်းဖတ်ပွဲ အခမ်းအနားကို ယနေ့တွင် မုံရွာမြို့ရှိ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးရုံးဝင်းအတွင်း ကျင်းပရာ အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုးက အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းလှိုင်ဦးက စာတမ်းဖတ်ပွဲ၊ ဆွေးနွေးပွဲနှင့် ပြပွဲဆောင်ရွက်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် ခင်းကျင်းပြသထားသည့် ပြခန်းများတွင် နေကြာ၊ ဂျုံ၊ ဝါ၊ ကုလားပဲ၊ နွေစပါး၊ မိုးစပါးနှင့် ဆီထွက်သီးနှံ မျိုးကောင်းမျိုးသန့် မျိုးစေ့များ၊ ဓာတ်မြေသြဇာ၊ သဘာဝမြေသြဇာနှင့် ပိုးမွှားရောဂါဆိုင်ရာပြခန်းများကို စိတ်ဝင်စားဖွယ် ခင်းကျင်းပြသထားပြီး လာရောက်လေ့လာကြသည့် တောင်သူများ၊ စိုက်ပျိုးရေးလုပ်ငန်းစိတ်ဝင်စားသူများ၏ သိရှိလိုသည်များကို သက်ဆိုင်ရာ စိုက်ပျိုးရေးပညာရှင်ဝန်ထမ်းများက အသေးစိတ်ရှင်းလင်းပြသခဲ့ကြကြောင်း **(အောက်ပုံ)**၊ အလားတူ စာတမ်းဖတ်ပွဲတွင် စပါး၊ ဂျုံ၊ ဝါ၊ ဆီထွက်သီးနှံ၊ ကြံ၊ ပဲမျိုးစုံသီးနှံများ အထွက်နှုန်းတိုးတက်ပြီး ပန်းတိုင်အထွက်ရရှိရေး ဆောင်ရွက်ရမည့် နည်းလမ်းများ၊ GAP စနစ်တွင် မှတ်တမ်းထားရှိရမည့် အချက်များ၊ စိုက်ပျိုးနည်းပညာများ၊ မြေဆီလွှာ အာဟာရမြှင့်တင်ရေး နည်းလမ်းများကို စစ်ကိုင်းတိုင်းဒေသကြီး ခရိုင်၊ မြို့နယ်များမှ စိုက်ပျိုးရေး ကျွမ်းကျင်ဝန်ထမ်း ၁၅ ဦးက စာတမ်း ၁၅ စောင် တင်သွင်း ဖတ်ကြားခဲ့ကြပြီး ဆွေးနွေးပွဲ တက်ရောက်လာကြသူများ၊ တောင်သူများ၏ သိရှိလိုသည့် မေးမြန်းချက်များကို ဆွေးနွေး ဖြေကြားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



---

## တာချီလိတ်မြို့၌ မြေအောက်ရေများ ခန်းခြောက်သဖြင့် သောက်သုံးရေပြတ်လပ်

**တာချီလိတ် မတ် ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ရာသီဥတုပူပြင်းလာသည်နှင့်အမျှ မြေအောက်ရေများ ခန်းခြောက်လာ၍ သုံးရေများပြတ်လပ်လာသော ရပ်ကွက်များအတွင်း ရေပေးဝေရေးကုမ္ပဏီ၏ ကူညီမှုဖြင့် ရွှေမယ်ယန်းလူမှုကူညီရေးပရဟိတအသင်းနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းကာ ရေပေးဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တာချီလိတ်မြို့နယ် ဟောင်လိတ်၊ ဝမ်ဟောင်၊ ဟွေခိုက်ကွက်သစ်၊ စက်မှုဇုန်၊ ငှက်ပျောတော၊ လေယာဉ်ကွင်းအောက်ကျောင်း၊ ရဲစခန်း၊ ဟောင်လိတ်ယာဉ်ငယ်လိုင်းကားဂိတ်၊ လွယ်စတုံ ရပ်ကွက်ဝန်းကျင်ရှိ နေအိမ်များတွင် နှစ်စဉ် နွေရာသီကာလတွင် အဝီစိတွင်းရေများ ခန်းခြောက်မှုရှိသော်လည်း မတ်လလောက်မှ စတင်၍ ခန်းခြောက်ကာ ယခုနှစ်တွင် ဇန်နဝါရီလအစောပိုင်းမှစတင်ကာ မြေအောက်ရေများ ခန်းခြောက်လာ၍ ရာသီဥတုပူပြင်းလာသည်နှင့်အမျှ သုံးရေများလုံလောက်စွာ မရရှိသည့်အတွက် သောက်သုံးရေများ ပြတ်လပ်မှု အခက်အခဲနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း ဟွေခိုက်ရပ်ကွက်နေ ပြည်သူတစ်ဦးက ပြောသည်။

အဆိုပါ မြေအောက်ရေခန်းခြောက်ကာ သောက်သုံးရေပြတ်လပ်မှုကြောင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ရေပြတ်လပ်သည့် ရပ်ကွက်များရှိ အများသုံး အုတ်ကန်များ၌ ရေများဖြည့်သွင်းပေးထားပြီး လိုအပ်သည့်အချိန်တွင် လာရောက်သုံးစွဲနိုင်ရန် စီစဉ်ဆောင်ရွက်ထားလျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

---

■ *ရှေ့ဖုံးမှ*

သုံးလတိုင်တိုင် ကျင်းပခဲ့ပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသော သမိုင်းဝင်တန်ခိုးကြီး ပါဒစေတီတော်မြတ်ကြီးဖြစ်သည်နှင့်အညီ မင်းလှကျင်း ရွာသူရွာသားများသည် ရွှေစက်တော်ဘုရားနှင့် ၁၃ မိုင်သာ ဝေးကွာသောကြောင့် နွားလှည်းမရှိသူများမှအပ ကျန်အိမ်ထောင်စုဝင်များအားလုံး ညီညီညွတ်ညွတ်ဖြင့် ဘုရားဖူးထွက်သည့် အစဉ်အလာရှိကြသည်။

နှစ်စဉ် တပေါင်းလဆန်း ၁၃ ရက်မှ လပြည့်ကျော် ၃ ရက်အတွင်း ဘုရားဖူးထွက်လေ့ရှိကြပြီး ခုနစ်ရက်တိုင် အောက်သောင်ပြင်ရေဆိပ်တွင် စခန်းချဖူးမြော်လေ့ရှိကြသော်လည်း ယခုနှစ်တွင် တပေါင်းလဆန်း ၁၂ ရက်မှ လပြည့်ကျော် ၁ ရက်အထိ လေးရက်သာ ညအိပ်စခန်းချဖူးမြော်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

မင်းလှကျင်း ကျေးရွာသည် မင်းဘူး(စကု)မြို့နယ်တွင် တည်ရှိပြီး ဘိုးဘေးဘီဘင်လက်ထက်မှ ယနေ့ မျက်မှောက်ခေတ်ကာလအထိ ရှေးရိုးစဉ်လာမပျက် နွားလှည်းတန်းများဖြင့် စည်ကားသိုက်မြိုက်စွာ ဘုရားဖူးခဲ့ကြသည့် တစ်ခုတည်းသော ကျေးရွာဖြစ်သကဲ့သို့ ယခုနှစ်တွင်လည်း ရိုးရာဓလေ့ အစဉ်အလာကို ဖော်ကျူးသည့်အနေဖြင့် နွားလှည်းယာဉ်တန်းဖြင့် ရွှေစက်တော်ဘုရားသို့ ဘုရားဖူး ထွက်ခွာလျက်ရှိကြပြီး လာမည့်နှစ်များတွင်လည်း ဘုရားဖူး ထွက်ကြဦးမည်ဖြစ်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအုန်းကြိုင်က ပြောပြသည်။

**ဇေယျာထက်(မင်းဘူး)**

# မြန်မာနှင့် အိန္ဒိယ တိုင်းရင်းဆေးပညာကဏ္ဍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်ရေး အမြင်ချင်းဖလှယ်ဆွေးနွေး




**နေပြည်တော် မတ် ၂**

အိန္ဒိယနိုင်ငံ အာသံပြည်နယ် Guwahati မြို့တွင် မတ် ၂ ရက်မှ ၃ ရက်အထိ ကျင်းပပြုလုပ်သည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအဖွဲ့၏ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ညီလာခံနှင့် ပြပွဲတက်ရောက်ရန် အိန္ဒိယနိုင်ငံ၌ ရောက်ရှိနေသော ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယမန်နေ့ ညနေပိုင်းတွင် အိန္ဒိယနိုင်ငံ အာယုဗေဒ ဆိပ်ကမ်းနှင့် ရေကြောင်းပို့ဆောင်ရေးဆိုင်ရာ ပြည်ထောင်စုဝန်ကြီး H.E.Shri Sarbanada Sonowal ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် The Radisson Blu Hotel Guwahati ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် တိုင်းရင်းဆေးပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်ရေး၊ မန္တလေးတိုင်းရင်းဆေးတက္ကသိုလ်တွင် အိန္ဒိယနိုင်ငံမှ တိုင်းရင်းဆေးပညာရှင်များ လာရောက်ပညာသင်ကြားပို့ချနိုင်ရေး၊ မြန်မာနိုင်ငံတွင် နှစ်စဉ်ကျင်းပသော တိုင်းရင်းဆေးသမားတော်များညီလာခံ၊ တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲများနှင့် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲများတွင် အိန္ဒိယနိုင်ငံမှ တိုင်းရင်းဆေးပညာရှင်များ တက်ရောက်၍ အသိပညာဖလှယ်ရေး၊ နှစ်နိုင်ငံ တိုင်းရင်းဆေးပညာရှင်များ လေ့လာရေးခရီး အပြန်အလှန် စေလွှတ်နိုင်ရေး၊ တိုင်းရင်းဆေးဝါးများကို သိပ္ပံနည်းကျ သုတေသနပြုလုပ်၍ ပိုမိုကျယ်ပြန့်စွာ အသုံးပြုနိုင်ရေးနှင့် တိုင်းရင်းဆေးများဖော်စပ် ထုတ်လုပ်ရာတွင် အသုံးပြုနိုင်ရန် အရည်အသွေး ပြည့်ဝသော တိုင်းရင်းဆေးကုန်ကြမ်းပစ္စည်းများ တင်ပို့နိုင်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ မြန်မာကိုယ်စားလှယ်အဖွဲ့မှ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မန္တလေးတိုင်းရင်းဆေးတက္ကသိုလ်ပါမောက္ခချုပ်၊ အိန္ဒိယနိုင်ငံ အာယုဗေဒဝန်ကြီးဌာနမှ အတွင်းရေးမှူး၊ အာယုဗေဒ အမျိုးသမီးနှင့် ကလေးဖွံ့ဖြိုးတိုးတက်ရေး ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အိန္ဒိယနိုင်ငံ အာယုဗေဒဝန်ကြီးဌာနမှ တည်ခင်းဧည့်ခံသော ကြိုဆိုညစာစားပွဲသို့ တက်ရောက်ကြသည်။

**သတင်းစဉ်**



# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး စဝ်စံထွန်းဆေးရုံ၌ မျက်စိခွဲစိတ်ကုသမှုခံယူနေသော ပြည်သူများအား သွားရောက်ကြည့်ရှု၍ ထောက်ပံ့ပစ္စည်းများပေးအပ်

**တောင်ကြီး မတ် ၂**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် တာဝန်ရှိသူများသည် ယမန်နေ့က တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံ၌ မျက်စိခွဲစိတ်ကုသပြီး ပြည်သူများနှင့် ခွဲစိတ်ကုသမှုခံယူမည့် ပြည်သူများအား သွားရောက်ကြည့်ရှု အားပေးစကားပြောကြားကာ မျက်မှန်နှင့် စားစရာများ ထောက်ပံ့ပေးအပ်သည်။ (ဓာတ်ပုံ)

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စဝ်စံထွန်းဆေးရုံ၌ မွေးကင်းစ ဆေးကုသမှုခံယူနေသော ကလေးလူနာဆောင်အား သွားရောက်ကြည့်ရှုပြီး စားစရာများ ထောက်ပံ့ပေးအပ်ကာ ဆေးကုသမှုခံယူနေသော ပြည်သူများကိုလည်း စားစရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဓာတ်ရောင်ခြည်ဌာနသို့ သွားရောက်ကာ ဓာတ်ရောင်ခြည်ဖြင့် ဆေးကုသမှုခံယူမည့် ပြည်သူများကို အားပေးစကားပြောကြားပြီး စားစရာများ ထောက်ပံ့ပေးအပ်ကာ ဓာတ်ရောင်ခြည်ခန်းမဆောင်နှင့် MRI Room အခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါဆေးရုံ၌ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ခရိုင်များမှ ဒေသခံပြည်သူများ မျက်စိလာရောက်ခွဲစိတ်ကုသမှုခံယူသူ ၄၃ ဦး ရှိကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# မြန်မာနိုင်ငံတွင် တရုတ်(တိုင်ပေ)မှ စီးပွားရေးလုပ်ငန်းပေါင်း ၃၀၀ ကျော် ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိ

**ရန်ကုန် မတ် ၂**

မြန်မာနိုင်ငံ အခြေစိုက် Taipei Economic and Cultural Office မှ Director, Mr. Chen Po-Cheng နှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၈ ရက်က လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သို့ လာရောက်၍ အသင်းချုပ် ဥက္ကဋ္ဌ ဦးအေးဝင်းနှင့်တာဝန်ရှိသူများအား တွေ့ဆုံကာ စီးပွားရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးရာတွင် ဆေးဝါးကဏ္ဍနှင့်ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတို့၏ အလားအလာ၊ ပြည်တွင်း စားသောက်ကုန်ထုတ်လုပ်မှုနှင့် ဈေးကွက်အခြေအနေ၊ လျှပ်စစ်ပစ္စည်းများ၊ ထုပ်ပိုးမှု စက်ကိရိယာများကို မြန်မာနိုင်ငံဘက်မှ ဝယ်ယူမှုမြင့်မားလျက်ရှိခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ်တိုးတက်စေရန်အတွက် အစီအစဉ်များ၊ CMP လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်မှုအခြေအနေ၊ ကုန်သည်/စက်မှုအသင်းချုပ်၏ အလုပ်ရှင်ရေးရာဝန်ဆောင်မှုဌာနမှ အလုပ်ရှင်၊ အလုပ်သမားရေးရာ ကိစ္စရပ်များ ဆောင်ရွက်ပေးနိုင်မှု စသည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

မြန်မာနိုင်ငံတွင် တရုတ်(တိုင်ပေ)မှ စီးပွားရေးလုပ်ငန်းပေါင်း ၃၀၀ ကျော် ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိကြောင်း၊ ရင်းနှီးမြှုပ်နှံသူများ ထပ်မံလာရောက်မည်ဖြစ်ကြောင်း၊ Myanmar- Taiwanese Chamber of Commerce ဖွဲ့စည်းထားပါကြောင်းနှင့် သတင်းအချက်အလက်များ ဖလှယ်နိုင်ပါကြောင်း၊ ကုန်သွယ်မှုအခက်အခဲများကို ဖြေရှင်းပေးလျက်ရှိသည့် UMFCCI Help Desk ၏ ဆောင်ရွက်ပေးမှုများ ကောင်းမွန်ပါကြောင်း Taipei Economic and Cultural Office အဖွဲ့က ပြောကြားသည်။

**မျိုးမင်းသူရ**

# မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင် အစည်းအဝေးကျင်းပ

**ရန်ကုန် မတ် ၂**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင် အစည်းအဝေး (၁/၂၀၂၃) ကို မတ် ၂ ရက် နံနက်ပိုင်းက နိုဗိုတယ်ရန်ကုန်မက်စ်ဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ စိုင်းဆမ်ထွန်း၊ အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်း အစည်းအဝေးတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ စိုင်းဆမ်ထွန်း၊ အလုပ်အမှုဆောင်များဖြစ်သည့် ဦးကျော်ဆန်း (အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြု)၊ ဦးကိုကိုဌေး (ပညာရေးဝန်ကြီးဌာန ကိုယ်စားပြု)နှင့် အလုပ်အမှုဆောင်များ၊ ကော်မတီဥက္ကဋ္ဌများနှင့် မြန်မာနေရှင်နယ်လိဂ်မှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးသည်။ အစည်းအဝေးတွင် လူငယ်မျိုးဆက်သစ်များ ပေါ်ထွက်လာရေးအတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်နှင့် ပူးပေါင်းကျင်းပမည့် FIFA-MFF U15 Youth League 2023 အား အောင်မြင်စွာကျင်းပနိုင်ရေး အဓိကဆွေးနွေးခဲ့သည်။ ယင်းနောက် တက်ရောက်လာသည့် အမှုဆောင်အဖွဲ့ဝင်များက AFC "Pro" လိုင်စင်ရ မြန်မာနည်းပြများ ထွက်ပေါ်လာရေးအတွက် အာရှဘောလုံးအဖွဲ့ချုပ် (AFC)နှင့် ဆက်သွယ်ဆောင်ရွက်ရေး၊ ပြည်တွင်းပြည်ပနည်းပြများ ခန့်အပ်တာဝန်ပေးခြင်း၊ လက်ရွေးစင်အသင်းများ ပြင်ဆင်ဖွဲ့စည်းထားမှု အခြေအနေ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ လူငယ်ပြိုင်ပွဲများ ကျင်းပနေမှုနှင့် အဆိုပါပြိုင်ပွဲများမှ လူငယ်ကစားသမားများအား Scouting ပြုလုပ်ထားရှိရေး၊ ယခုနှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအသင်းများ အောင်ပွဲရရှိရေး ကြိုတင်ပြင်ဆင်မှုများ၊ နိုင်ငံတကာပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်မှုနှင့် ဖီဖာအဆင့်ပြိုင်ပွဲများအထိ ရည်မှန်းချက်များထားရှိရေး၊ ဖူဆယ်လိဂ်ပြိုင်ပွဲများ ကျင်းပနေမှုနှင့် ဆက်လက်ကျင်းပမည့် ဖူဆယ်ပြိုင်ပွဲများအား ရှင်းလင်းတင်ပြခြင်း၊ ၂၀၂၃ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ကွန်ဂရက်နှင့်အဖွဲ့ချုပ်ရွေးကောက်ပွဲကျင်းပရေး အစရှိသည့် လုပ်ငန်းစဉ်များကို ဝိုင်းဝန်းဆွေးနွေးခဲ့သည်။

**ကိုညီလေး၊ ဓာတ်ပုံ - MFF**



# ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာ၌ (၆၁)နှစ်မြောက် တောင်သူလယ်သမားနေ့ ကျင်းပ



တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အဖွဲ့ဝင်များ ခင်းကျင်းပြသထားသော ပြခန်းများကို လိုက်လံကြည့်ရှုအားပေးစဉ်။

**နေပြည်တော် မတ် ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာ၌ ယနေ့တွင် ပြုလုပ်သော (၆၁) နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီး၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တောင်သူလယ်သမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက တောင်သူလယ်သမားနေ့ အခမ်းအနား မုခ်ဦးဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ ပေးပို့သော သဝဏ်လွှာကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖတ်ကြားပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် လယ်ယာကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့သော ထူးချွန်တောင်သူများနှင့် ဝန်ထမ်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြပြီး တက်ရောက် လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ ယင်းနောက် ခင်းကျင်းပြသထားသော ပြခန်းများနှင့် စိုက်ခင်းများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်) ရခိုင်ပြည်နယ် ဂွမြို့နယ်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၂**

ရခိုင်ပြည်နယ်အတွင်းရှိ ကမ်းရိုးတန်းဒေသ တစ်လျှောက်မှ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ အထူးကုဆေးအဖွဲ့များမှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သည့် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်) သည် ယနေ့တွင် ဂွမြို့နှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ ၈၉၁ ဦးအား ယင်းမြို့ရှိ ရတနသိဒ္ဓိဗိမာန်တော်၌ အခြေပြု၍ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။



### တက်ရောက်ကုသ

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၇၆ ဦး၊ ခွဲစိတ်ရောဂါ ၄၈ ဦး၊ သားဖွား/မီးယပ်ရောဂါ ၄၉ ဦး၊ ကလေးရောဂါ ၃၆ ဦး၊ အရိုးရောဂါ ၂၂၀၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၆၀ ၊ မျက်စိရောဂါ ၂၂၁ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၈၁ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် ခွဲစိတ်ကုသရန် လိုအပ်သူ အထွေထွေခွဲစိတ်လူနာ နှစ်ဦး၊ မျက်စိခွဲစိတ်လူနာ ၁၂ ဦး၊ ဓာတ်မှန်ရိုက်လူနာ ခုနစ်ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၆၃ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၆၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၇ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန် လိုအပ်သည့် လူနာများအား နီးစပ်ရာ တပ်မတော်ဆေးရုံများနှင့် ပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

### ညှိနှိုင်းဆောင်ရွက်

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်) ပေါ်ရှိ ခွဲစိတ်လူနာများနှင့် မျက်စိခွဲစိတ်လူနာများအား အာဟာရဖြည့်စားသောက်ဖွယ်ရာများ၊ လက်ဆောင်ပစ္စည်းများနှင့် မျက်မှန်များ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကျန်းမာရေး ဆောင်ရွက်ပေးမှုအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရပါတယ်-

"ဆရာဝန်ကပြောတယ် အမေ့မျက်လုံးက အများကြီး ပိုဆိုးတယ်။ မျက်လုံးကို ခွဲမှဖြစ်လို့ လာပြီးကုသတာပါ။ အရမ်းလည်း ဝမ်းသာတယ်။ ကိုယ့်အမေ မမြင်ရတော့ဘူးလို့ထင်ထားတာ။ အရမ်းလည်းဝမ်းနည်းမိတယ် ကိုယ့်အမေငယ်ငယ်ရွယ်ရွယ်နဲ့ မျက်လုံး



ဒေသခံပြည်သူတစ်ဦး။

ကန်းရဖို့ဆိုပြီးတော့ ကိုယ့်ကိုယ်ကိုယ်လည်း ဝမ်းနည်းကြေကွဲရတယ်။ မရှိတဲ့လူတွေအဖို့မှာတော့ ဒီလို လာရောက်ကုသပေးတဲ့အတွက် အများကြီး ကောင်းတာပေါ့။ ဒီလိုလာပေးတဲ့အတွက် အများကြီး ကျေးဇူးတင်တယ်။ သမီးအမေကို မျက်လုံးခွဲပေးတဲ့အတွက်လည်း ဘယ်လိုကျေးဇူးတင်ရမယ်ဆိုတာ မပြောတတ်လို့ သမီးစိတ်ထဲမှာ တအားပဲကို ကျေးဇူးတင်မိတယ်။ ပျော်လည်းပျော်တယ်။ သမီးတို့မြို့ကို တစ်နှစ်ကို တစ်ခါလောက်တော့ လာစေချင်တယ်။ ဘာလို့ဆိုရင် သမီးမိဘတွေအပြင် တခြားမရှိတဲ့သူတွေကိုလည်း ကုချင်သချင်တယ်။ ခုလာကုတဲ့သူတွေလည်း ဘာမှပူစရာမလိုဘူး။ ထမင်းဆိုထမင်း၊ ရေဆို ရေ၊ အကုန်အစစအရာရာလိုရာခပ်သိမ်း အကုန်လုံး လုပ်ပေးတယ်။ ထမင်းကျွေးတာကအစ ခွံ့ခက်ကျွေးတယ်။ အများကြီးလည်း တာဝန်ကျေတယ်။ ဒီလိုမျိုး ဆရာဝန်ကြီးတွေနဲ့ လုပ်ကိုင်ပေးတဲ့ လူတွေ အဖွဲ့အားလုံးကိုသမီးက အများကြီး ကျေးဇူးတင်တယ်။ ပြောမပြတတ်အောင် ကျေးဇူးတင်ပါတယ်။"

"သင်္ဘောပေါ် တက်သွားကတည်းက တယုတယ လိုလေသေးမရှိ အကုန်တွဲပို့ တွဲချီ တွဲမ ခုတင်တွေ အဆင်သင့် စောင်တွေလည်း အဆင်သင့်ရှိတယ်။ လိုလေသေးမရှိ အိပ်ယာခေါင်းအုံးက အစ ပေါ့။ ညကြတော့ ထမင်းကျွေးတယ်။ လိုလေသေးမရှိ စားလို့သောက်လို့ အလွန်အရသာရှိတာ။ အိမ်သာသွားချင်ရင်လည်း တယုတယ အကုန်တွဲပြီး ပို့တယ်။ ဒီလိုမျိုးကုပေးတဲ့ အဖွဲ့တွေကိုလည်း အထူးအထူး ကျေးဇူးတင်တယ်။ အများကြီး ကျေးဇူးတင်တယ်။ လာမယ့်နှစ်တွေလည်း လာနိုင်ပါစေလို့ ဆုတောင်းပါတယ်။"



ဒေသခံပြည်သူတစ်ဦး။

"မျက်စိတစ်ဖက်မမြင်လို့ အခုတော့ကောင်းသွားပြီ၊ ကြည်သွားပြီ ခွဲပေးတဲ့သူတွေကိုလည်း အများကြီး ကျေးဇူးတင်ပါတယ်။ သင်္ဘောကြီးပေါ်မှာ ထမင်းလည်းကျွေးတယ်။ အကုန်လုံး အစစအရာရာ လိုလေသေးမရှိဘူး။ မနက်စာလည်းကျွေးတယ်။ ညစာလည်း ကျွေးတယ်။ အကုန်လုံးလည်း ဝမ်းသာပါတယ်။ သူတို့လုပ်ပေးတာကိုလည်း ပီတိတွေ ဖြစ်ပါတယ်။ အခမဲ့လည်းကုပေးတယ်။ အကုန်လုံးအစစအရာရာ အဆင်ပြေအောင်လည်း လိုက်လုပ်ပေးတယ်။ တက်တာ ဆင်းတာကအစ အကုန်လိုက်လုပ်ပေးတယ်။ သူတို့လည်း ပင်ပန်းပါတယ်။ အကုန်လုံး ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ လိုရာခရီးတွေ ရောက်ပါစေလို့ ဆုတောင်းပေးပါတယ်။"



ဒေသခံပြည်သူတစ်ဦး။

"အဆီအကြိတ်လေးဖြစ်နေလို့ လာခဲ့တာပေါ့။ ဒီရောက်လာတော့ သူတို့ နွေးနွေးထွေးထွေးပါပဲ ကြိုဆိုကြတယ်။ ကျွန်တော်တို့ ဒေသလေးက မြို့ပေါ်သာ ပြောတယ်။ မြို့လေးက သေးသေးလေး ဆိုတော့ ဖွံ့ဖြိုးမှုလည်း နည်းနည်း နောက်ကျတယ်လေ။ အဲ့တာကြောင့် ကျန်းမာရေးနဲ့ပတ်သက်လို့ ယခုလိုမျိုး အခမဲ့ လာရောက်ကုသပေးတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်။ အမြဲတမ်းလည်း မကြာမကြာ လာစေချင်ပါတယ်။ ဆေးရုံက ခုတင် ၅၀ ပဲ ရှိတယ်လေ။ ခုတင် ၅၀ ပဲ ရှိတဲ့အခါကြတော့ ဆရာဝန် အလုံအလောက်မရှိဘူး။ ရောဂါတွေကလည်း မျိုးစုံရှိတယ်။ ဆရာဝန်က အလုံအလောက် မရှိတဲ့အခါကြတော့ ခုလိုစုံစုံလင်လင်လာပြီး ကုသပေးတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်။ ခုလို လာရောက် ကုသပေးတဲ့အတွက် နိုင်ငံတော်အကြီးအကဲ အပါအဝင် သက်ဆိုင်ရာ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေအားလုံး ကျေးဇူးအထူးတင်ရှိပါတယ်။"

**သတင်းစဉ်**

## ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းပွဲနှင့် တပေါင်းလပြည့်နေ့တွင် ဘာသာရေးအလှူဒါနပြုလုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်း

**မုံရွာ မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် မတ် ၁ ရက် မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၂၃ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပ်နှင်းချီးမြှင့်ပွဲနှင့် တပေါင်းလပြည့်နေ့တွင် ဘာသာရေး အလှူဒါနကုသိုလ်ကောင်းမှုများ ပြုလုပ်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။



တိုင်းဒေသကြီးဝန်ကြီးချုပ်က အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဖွဲ့စည်းထားရှိသည့် ကော်မတီများအနေဖြင့် ကော်မတီအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများအပေါ် စေတနာထားကာ တာဝန်ကျေပွန်စွာဖြင့် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် လုံခြုံရေးအသိ သတိတို့ဖြင့် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် အခမ်းအနားကျင်းပရေးကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအေးလှိုင်က အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆပ်ကော်မတီများအလိုက် တာဝန်ရှိသူများက မိမိတို့တာဝန်ယူ ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဟုမ္မလင်းမြို့၌ ခရိုင်စုပေါင်းရုံးတည်ဆောက်ရေး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဟုမ္မလင်းမြို့ ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေသော ဒေသခံ တိုင်းရင်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးပြီး အဟာရဖြည့်စွက် အစားအစာများ ထောက်ပံ့ပေးအပ်သည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## (၇၈)နှစ်မြောက်တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်(ရေ) ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကျင်းပ



**နေပြည်တော် မတ် ၂**

(၇၈)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် တပ်မတော်(ရေ) ဗဟိုအဆင့် စစ်သည်တော် ကျင့်ဝတ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် သန်လျင်တပ်နယ် တပ်နယ်ခန်းမ၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ် (ရေ) ကွပ်ကဲမှုအောက် ဌာနချုပ်များ၊ ကျောင်းများနှင့် တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များ ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုကြသည်။

အဆိုပါတပ်မတော်(ရေ)ဗဟိုအဆင့် စစ်သည်တော် ကျင့်ဝတ်ပြိုင်ပွဲသို့ ဝင်ရောက်ဖြေဆိုကြသည့် အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များ၏ ဖြေဆိုနေမှုများကို ကာကွယ်ရေးဦးစီးချုပ် (ရေ) ကိုယ်စား ရေတပ်လေ့ကျင့်ရေး ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ် နိုင်မင်းကျော်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပြင်ဦးလွင်မြို့နယ် ဆင်ဖြူအင်းကျေးရွာ၌ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မတ် ၂**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဆင်ဖြူအင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို အဆိုပါကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၌ ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူ ၁၈၆ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွား/မီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

**ညှိနှိုင်းဆောင်ရွက်**

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



❖ *ကျောဖုံးမှ*

ယင်းပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မတ် ၂ ရက်က ကျင်းပသည့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင် အစည်းအဝေး (၁/၂၀၂၃)တွင် အဓိက ဆွေးနွေးခဲ့သည်။ အဆိုပါပြိုင်ပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ မြို့နယ်များမှ ယူ – ၁၅ အမျိုးသားအသင်းများ ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်သွားမည်ဖြစ်ပြီး အသင်းတစ်သင်းချင်းစီအတွက် ထောက်ပံ့ကြေးများပေးအပ်ရေး၊ လူငယ်လိဂ်ပြိုင်ပွဲအားစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ကျင်းပရေး၊ ပရိသတ်များအားပေးနိုင်ရေးအတွက် တိုက်ရိုက်ထုတ်လွှင့်မှု စီစဉ်ဆောင်ရွက်ရေးနှင့် သတင်းအချက်အလက်များ ထုတ်ပြန်ရေး၊ ထူးချွန်သည့် ကစားသမားများအား Scouting Team ထားရှိပြီး သက်တမ်းအလိုက် မြန်မာလူငယ်လက်ရွေးစင်အသင်းများအတွက် ရွေးချယ်နိုင်ရေး အစရှိသည်တို့ကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် FIFA–MFF U15 Youth League 2023 ပြိုင်ပွဲကျင်းပရေးအတွက် ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ မြို့နယ်များမှ အသင်းများအား မကြာမီ ဖိတ်ခေါ်သွားမည်ဖြစ်သည်။

ထို့ပြင် အသင်းများ မှတ်ပုံတင်ဝင်ခွင့်လျှောက်ထားခြင်း၊ အသင်းဝင်အရေအတွက် သတ်မှတ်ချက်ထက် ကျော်လွန်နေပါက ခြေစစ်ပွဲများကစားခြင်း၊ အသက်မှန်ကန်မှု စစ်ဆေးခြင်းနှင့် အသင်းတစ်သင်းတွင်ထားရှိရမည့် သတ်မှတ်စံနှုန်းများ၊ အုပ်ချုပ်နည်းပြအဖွဲ့များ ဖွဲ့စည်းခြင်းတို့အတွက် ဆက်လက်ထုတ်ပြန်မည်ဖြစ်သည်။ **ကိုညီလေး**

❒ *ကျောဖုံးမှ*

ပထမပိုင်းတွင် ဝက်စ်ဟမ်းအသင်း၏ ဖိအားပေးကစားမှုအောက် ပုံစံကောင်းပျောက်ဆုံးခဲ့ပြီး သွင်းဂိုးရရှိရန် ရုန်းကန်ခဲ့ရသည်။ ဒုတိယပိုင်း ပြန်လည်စတင်ချိန်တွင် မန်ယူအသင်းသည် တွန်မီနေး၏ နေရာကို အဓိက ကစားသမား ကက်စမဲရိုးကို ထည့်သွင်း အသုံးပြုခဲ့သည်။

၎င်းဝင်ရောက်လာပြီးနောက် မန်ယူအသင်း၏ ကစားအားတက်လာပြီး ဝက်စ်ဟမ်း အသင်းဘက်သို့ ဖိအားပေးကစားလာနိုင်ပြီး နီးစပ်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုများ ပြုလုပ်လာနိုင်ခဲ့သည်။ ဘင်ရာမာ၏ သွင်းဂိုးကြောင့် ပွဲချိန် ၅၄ မိနစ်တွင် ဝက်စ်ဟမ်း အသင်းက ဦးဆောင်ဂိုးရရှိခဲ့သည်။ ထို့နောက်တွင် လူစားဝင်ကစားသမား ကက်စမဲရိုး မန်ယူအသင်းအတွက် ခေါင်းတိုက် ချေပဂိုးသွင်းယူနိုင်ခဲ့သော်လည်း ဗွီအေအာရ် ကြည့်ရှုစစ်ဆေးပြီး ပယ်ဖျက်ခဲ့သောကြောင့် နစ်နာခဲ့ရသည်။ ပွဲချိန် ၇၇ မိနစ်တွင် ဝက်စ်ဟမ်းအသင်းမှ အူဂတ်ကိုယ့်ဂိုးကိုယ်သွင်းယူမိခဲ့၍ မန်ယူအသင်း ချေပဂိုးရရှိခဲ့သည်။

တစ်ဖက်တစ်ဂိုးစီ သရေကျပြီးနောက် ပွဲမှာ ပြိုင်ဆိုင်မှုပြင်းထန်လာပြီး အကြိတ်အနယ်ရှိခဲ့သည်။ မန်ယူအသင်းအတွက် အနိုင်သေချာစေမည့် သွင်းဂိုးများကို မိနစ် ၉၀ နှင့် နာကျင် အချိန်ပိုတွင် ဂါနာချိုနှင့် ဖရက်တို့က သွင်းယူပေးခဲ့သည်။

ယခုပွဲအနိုင်ရရှိခဲ့သော မန်ယူအသင်းသည် အက်ဖ်အေဖလား ကွာတားဖိုင်နယ်တွင် ဖူလ်ဟမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

အခြားသော ပွဲစဉ်ရလဒ်များတွင် ဂရမ်စီက ဆောက်သမ်တန်ကို နှစ်ဂိုး–တစ်ဂိုး၊ ဘန်လေကဖလီဝုဖ်ကို တစ်ဂိုး – ဂိုးမရှိ အနိုင်ရရှိခဲ့သည်။

ထို့ပြင် ရှက်ဖီးနှင့် စပါးအသင်းတို့ပွဲစဉ်တွင်လည်း ရှက်ဖီးက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

**အောင်ဇော်**

## ကော့ကရိတ်မြို့၌ ကရင်စာပေနှင့် ယဉ်ကျေးမှုတိုးတက်ပြန့်ပွားရေး ဆွေးနွေး

**ကော့ကရိတ် မတ် ၂**

ကရင်ပြည်နယ် ကော့ကရိတ်မြို့ ကရင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့က ကရင်စာပေနှင့် ယဉ်ကျေးမှုအား ထိန်းသိမ်းရေး၊ ရိုးရာယဉ်ကျေးမှု မပျောက်ကွယ်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ မတ် ၁ ရက်က ကျင်းပသည်။

အစည်းအဝေးတွင် ကော့ကရိတ်မြို့ ကရင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ စောကျော်ဝင်းက ကရင်စာပေနှင့် ယဉ်ကျေးမှု တိုးတက်ပြန့်ပွားရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အဖွဲ့ဝင်များအား ဆွေးနွေးသည်။

ထို့နောက် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးမန်းအောင်ကြိုင်က တိုင်းရင်းသားဘာသာစကား၊ ရိုးရာယဉ်ကျေးမှုများ မပျောက်ကွယ်ရေးအတွက် ကရင်တိုင်းရင်းသားများက ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အဖွဲ့ဝင်စောကြည်ဝမ်းက ကရင်စာပေ ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းနှင့် ကရင်စာပေတိုးတက် ပြန့်ပွားရေးအတွက် ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များကို ဆွေးနွေးသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ကော့ကရိတ်မြို့ ကရင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ Women Club အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ပါတီစုံခေတ်တွင် ပြည်သူကို ကိုယ်စားပြုရမည့်ပါတီများ ခိုင်မာအားကောင်းရေး

မဲဆန္ဒရှင်တစ်ဦး

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ၂၆-၁-၂၀၂၃ ရက်စွဲဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၁၅/၂၀၂၃)ကို ပြဋ္ဌာန်းခဲ့ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၆ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ၃၁-၁-၂၀၂၃ ရက်စွဲပါ၊ အမိန့်ကြော်ငြာစာအမှတ်၊ ၁၀/၂၀၂၃ ဖြင့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကို ထုတ်ပြန်ပေးခဲ့ပါသည်။**

**✻ ရွေးကောက်ပွဲတွင် အာဏာရပါတီအစိုးရ၏ ပါဝင်စွက်ဖက်မှုများ၊ မဲစာရင်းကြီးမားစွာ မှားယွင်းမှုများ၊ မဲမသမာမှုဖြစ်စဉ်များကို တာဝန်ယူမဖြေရှင်းဘဲ လွှတ်တော်ခေါ်ယူပြီး နိုင်ငံတော်အာဏာကိုရယူမည့် အခြေအနေတို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အရေးပေါ်ကာလပြဋ္ဌာန်းပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဖွဲ့စည်း၍ နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းတာဝန်ယူ ဆောင်ရွက်ခဲ့ရသည်။ အရေးပေါ်ကာလ ဆိုသည်မှာ ဒီမိုကရေစီလမ်းကြောင်း မတိမ်းစောင်းရလေအောင် တပ်မတော်က ဝင်ရောက်ထိန်းသိမ်းပေးရသည့် အခြေအနေပင်ဖြစ်သည်။ အစွန်းရောက် ဒီမိုကရေစီအာဏာပိုင်လမ်းစဉ်သို့ ဦးတည်နေသောအခြေအနေအား အချိန်မီ တားဆီးလိုက်နိုင်သည်ဟု ဆိုရပေလိမ့်မည်**

နိုင်ငံရေးပါတီဆိုသည်မှာ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ မှတ်ပုံတင်ထားသော နိုင်ငံရေးအဖွဲ့အစည်းများဖြစ်သည်။ ပါတီစုံခေတ်တွင် ပြည်သူကိုဗဟိုပြု၍ ပြည်သူ့အကျိုးကို မျက်နှာမူရသည့် နိုင်ငံရေးအင်အားစုများဖြစ်သည်။ ပါတီ၏မူဝါဒ သဘောတရားများကို ပြည်သူလူထုအတွင်း ပျံ့နှံ့အောင်ဆောင်ရွက်ပြီး အစိုးရနှင့် ပြည်သူအကြား ပေါင်းကူးသဖွယ် ထိန်းညှိပေးရသကဲ့သို့ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ပြီး ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးနယ်ပယ်တွင် ပါဝင်ခွင့်ရရှိရေးအတွက်လည်း ကြိုးပမ်းနေကြရသည့် အဖွဲ့အစည်းများဖြစ်ကြသည်။

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီးစ ပါလီမန်ဒီမိုကရေစီပထမခေတ်ကာလ၊ တစ်ပါတီ အုပ်ချုပ်ရေးခေတ်ကာလ၊ တစ်ပါတီစနစ်မှ ပါတီစုံစနစ်သို့ အသွင်ကူးပြောင်းရေးကာလ၊ ပါတီစုံဒီမိုကရေစီ ဒုတိယခေတ်ကာလနှင့် တပ်မတော်က နိုင်ငံတော်တာဝန်အား တာဝန်ယူစောင့်ရှောက်ခဲ့ရသည့်ကာလတို့ကို ဖြတ်သန်းခဲ့ရသည်။ ထိုခေတ်ကာလများ တစ်လျှောက်လုံးတွင် နိုင်ငံရေးပါတီများနှင့် နိုင်ငံရေး အင်အားစုများ အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် ပေါ်ပေါက်ခဲ့ကြသည်။ အချို့လည်း မထင်မရှားရော ထင်ထင်ရှားရှားပါ ပျောက်ကွယ်သွားခဲ့ကြသည်။ အချို့အထင်အရှားရပ်တည်လျက်ရှိဆဲဖြစ်သည်။

### တော်လှန်ရေးကောင်စီဖွဲ့စည်း၍ နိုင်ငံတော်တာဝန်ကိုရယူ

လွတ်လပ်ရေးရပြီး ပါလီမန်ခေတ်ဦးကာလတွင် နိုင်ငံရေးပါတီနှင့် နိုင်ငံရေးအင်အားစုအဖွဲ့များ အမြောက်အမြားပေါ်ပေါက်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ဥပဒေအာဏာတည်သည့်နေ့မှစ၍ ၁၈ လအတွင်း ရွေးကောက်ပွဲကျင်းပပေးရမည်ဖြစ်သော်လည်း နိုင်ငံရေးအင်အားစုများတွင် ဝါဒစွဲ၊ ဂိုဏ်းကွဲ၊ အုပ်စုကွဲများအခြေအနေ၊ တောခိုလက်နက်ကိုင် သောင်းကျန်းမှုအခြေအနေများကြောင့် ၁၉၅၁ - ၁၉၅၂ ခုနှစ်မှသာ ပထမအကြိမ် ရွေးကောက်ပွဲကို ကျင်းပနိုင်ခဲ့ပြီး ထိုရွေးကောက်ပွဲတွင် ဖဆပလ အနိုင်ရရှိခဲ့သည်။ ၁၉၅၆ ခုနှစ် ဒုတိယအကြိမ် ရွေးကောက်ပွဲတွင် ဖဆပလနှင့် ပမညတအတိုက်အခံ ညွန့်ပေါင်းအင်အားစုတို့ အဓိကအားပြိုင်ခဲ့ရာ ဖဆပလသည် အမတ်နေရာအများစုဖြင့် အနိုင်ရခဲ့ပြန်သည်။ လွတ်လပ်ရေးရပြီး ၁၀ နှစ်အကြာ ၁၉၅၈ ခုနှစ်တွင် ဖဆပလအစိုးရအတွင်း ပုဂ္ဂိုလ်ရေးနှင့် အာဏာရရေးအခြေခံသည့် သန့်ရှင်းနှင့် တည်မြဲတို့ နိုင်ငံရေးအုပ်စုကွဲဂယက်နှင့် အစိုးရယန္တရားပျက်ယွင်းတော့မည့်အခြေအနေတို့ကြောင့် တပ်မတော်က အိမ်စောင့်အစိုးရဖွဲ့ကာ နိုင်ငံ့တာဝန်ယူခဲ့ရပြီးနောက် ပြန်လည် ကျင်းပပေးခဲ့သည့် ၁၉၆၀ ပြည့်နှစ် တတိယအကြိမ်ရွေးကောက်ပွဲတွင် သန့်ရှင်းဖဆပလ အနိုင်ရရှိခဲ့သည်။ သန့်ရှင်းဖဆပလတို့က ပြည်ထောင်စုပါတီအမည်ပြောင်းပြီးအစိုးရအာဏာရယူကာ မကြာမီမှာပင် နိုင်ငံရေးအာဏာလုပွဲ အကွဲအပြဲဖြစ်ရပ်များ၊ ဖက်ဒရယ်ပြဿနာနှင့် ပြည်ထောင်စုမှ ခွဲထွက်ရေးကြိုးပမ်းလာမှုများကြောင့် ၁၉၆၂ ခုနှစ်တွင် တပ်မတော်က တော်လှန်ရေးကောင်စီဖွဲ့စည်း၍ နိုင်ငံတော်တာဝန်ကိုရယူခဲ့ရသည်။ ပါလီမန်ဒီမိုကရေစီပထမခေတ်ကာလတွင် လွတ်လပ်ရေးနှင့်အတူပါလာသည့် ပြည်တွင်းရောင်စုံသောင်းကျန်းမှု၊ တရုတ်ဖြူ ပြည်ပကျူးကျော်မှု၊ နိုင်ငံရေးအုပ်စုကွဲ၊ ဂိုဏ်းကွဲများနှင့် အုပ်ချုပ်ရေးယန္တရားပျက်ပြားမှု၊ အမျိုးသားစည်းလုံးညီညွတ်ရေးပြိုကွဲမှုနှင့် ပြည်ထောင်စုမှခွဲထွက်ရေးကြိုးပမ်းမှုအနိဋ္ဌာရုံတို့ဖြင့် ဖြတ်သန်းခဲ့ရပြီးနောက် ၁၉၆၂ ခုနှစ်တွင် ပါလီမန်ဒီမိုကရေစီပထမခေတ် တစ်ခန်းရပ်ခဲ့ရလေသည်။

၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီခေတ်မှသည် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ တစ်ပါတီဆိုရှယ်လစ်စနစ်ဖြင့် ၁၉၈၈ ခုနှစ်အထိ ၂၆ နှစ် ကြာမြင့်ခဲ့သည်။ ၁၉၈၈ ခုနှစ် အရေးအခင်းကာလ နိုင်ငံတော်၏ အဘက်ဘက်မှ ပျက်စီးယိုယွင်းနေသောအခြေအနေ၊ တိုင်းပြည်ပြိုကွဲတော့မည့်အခြေအနေ၊ ပြည်ပမှ ဝင်ရောက်စွက်ဖက်လာမှုကြောင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးဆုံးရှုံးမည့် အခြေအနေတို့ကို အချိန်မီထိန်းသိမ်းနိုင်ရန် ၁၉၈၈ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် တပ်မတော်က နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို တာဝန်ယူခဲ့ရပြီး တစ်ပါတီအုပ်ချုပ်ရေးစနစ် ချုပ်ငြိမ်းသွားခဲ့ရသည်။ တပ်မတော်က တာဝန်ယူပြီးသည်နှင့် တစ်ပြိုင်နက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ကို ဖွဲ့စည်းပြီးနောက်(၁) တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး၊ (၂) လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး၊ (၃) ပြည်သူများ၏ စားဝတ်နေရေး ချောင်လည်စေရန် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ပေးရေးနှင့် ပုဂ္ဂလိကသမဝါယမတို့ ဆောင်ရွက်နိုင်အောင်လည်း တတ်နိုင်သမျှကူညီဆောင်ရွက်ပေးနိုင်ရေး၊ (၄) ထိုလုပ်ငန်းရပ်များ ပြည့်စုံပြီးလျှင် ပါတီစုံ ဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပရေး လုပ်ငန်းတာဝန် (၄)ရပ်ကို ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သည်။

### နိုင်ငံ့သမိုင်းတွင် နိုင်ငံရေးပါတီ အများဆုံး စံချိန်တင်ခဲ့

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်ဥပဒေကို ဥပဒေအမှတ်၊ ၁/၈၈ ဖြင့် ပြဋ္ဌာန်းပေးခဲ့သည်။ လွတ်လပ်ရေးရပြီး ပါလီမန်ခေတ်ကတည်းက ပါတီတည်ထောင်ရာတွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေဖြင့် ပြဋ္ဌာန်းဆောင်ရွက်မှုမရှိခဲ့ခြင်း၊ ၁၉၈၈ ခုနှစ် အရေးအခင်းကာလတွင် ပါတီစုံစနစ်တည်ထောင်ရန် တောင်းဆိုခဲ့ကြသော်လည်း အသင်းအဖွဲ့အမျိုးမျိုး၊ သမဂ္ဂအမည်အမျိုးမျိုး၊ နောက်ခံအကြောင်းတရားအမျိုးမျိုးဖြင့် ပေါ်ပေါက်ခဲ့ခြင်းတို့ကြောင့် ပါတီစုံစနစ်သို့ ပြောင်းလဲချိန်တွင် ပါတီအဖွဲ့အစည်းများကို စည်းကမ်းတကျဖြင့် ဥပဒေနှင့်အညီ မှတ်ပုံတင်နိုင်ရေးအတွက် ၁၉၈၈ ခုနှစ် စက်တင်ဘာ ၂၇ ရက်တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ်၊ ၄/၈၈)နှင့် ၁၉၈၉ ခုနှစ် မတ် ၃၁ ရက်တွင် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၊ ၁၄/၈၉ကို ပြဋ္ဌာန်းပေးခဲ့သည်။ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်ကလည်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများနှင့် ပြည်သူ့ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ထုတ်ပြန်ခဲ့သည်။ နိုင်ငံရေးပါတီအဖွဲ့အစည်းများကို မှတ်ပုံတင်ခွင့်ပြုခဲ့ရာ နောက်ဆုံးမှတ်ပုံတင်ခွင့်ပြုရက်ဖြစ်သည့် ၁၉၈၉ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်အထိ အချိန်ငါးလအတွင်း မှတ်ပုံတင်ခွင့်ပြုခဲ့သည့် နိုင်ငံရေးပါတီပေါင်းမှာ ၂၃၅ ပါတီဖြင့် နိုင်ငံ့သမိုင်းတွင် နိုင်ငံရေးပါတီအများဆုံးအရေအတွက်ဖြင့် စံချိန်တင်ခဲ့လေသည်။

ယင်းသို့ မှတ်ပုံတင်ထားသည့် ပါတီပေါင်း ၂၃၅ ပါတီအနက် ပါတီတွင်းမရပ်တည်နိုင်သည့် အခြေအနေများအရ ပါတီမှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ပေးရန် လျှောက်ထားသဖြင့် ယင်းတို့၏ ဆန္ဒအရ ကော်မရှင်က ပါတီ ၁၀၂ ပါတီကို ဖျက်သိမ်းခဲ့ရသည်။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ နိုင်ငံတော်အား လက်နက်စွဲကိုင်တိုက်ခိုက်နေသော သောင်းကျန်းသူအဖွဲ့အစည်းများ၏ မြေပေါ်မြေအောက်အဖွဲ့အစည်းများဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည့် ပါတီသုံးပါတီကို ဖျက်သိမ်းခဲ့ရသည်။ ရွေးကောက်ပွဲတွင် အနည်းဆုံး မဲဆန္ဒနယ်သုံးနယ်မှာပင် ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြိုင်နိုင်သည့်ပါတီ ၃၇ ပါတီကိုလည်းပယ်ဖျက်ခဲ့ရသည်။ ရွေးကောက်ပွဲမကျင်းပမီမှာပင် ပါတီ ၁၄၂ ပါတီကို ဖျက်သိမ်းခဲ့ရပြီး ၁၉၉၀ ပြည့်နှစ် မေ ၂၇ ရက်တွင် ကျင်းပခဲ့သည့် ပါတီစုံ ဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် ၉၃ ပါတီသာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ရွေးကောက်ပွဲကျင်းပပြီးနောက် ပါတီဖျက်သိမ်းပေးရန် ဆန္ဒအလျှောက်တင်ပြလာသည့် ပါတီ ၁၅ ပါတီ၊ နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသော လက်နက်ကိုင်အဖွဲ့အစည်းများနှင့် အဆက်အသွယ်ရှိသည့် ပါတီငါးပါတီ၊ ပါတီလှုပ်ရှားမှုနှင့် အလုပ်အမှုဆောင်အဖွဲ့မရှိတော့သည့် ပါတီခုနစ်ပါတီ၊ နိုင်ငံရေးပါတီအင်္ဂါရပ်နှင့် မညီညွတ်တော့သည့် ပါတီ ၅၆ ပါတီတို့ကိုလည်း ကော်မရှင်က ဥပဒေနှင့်အညီဖျက်သိမ်းခဲ့ရသဖြင့် မူလက မှတ်ပုံတင်ခဲ့သည့် ပါတီပေါင်း ၂၃၅ ပါတီတွင် တရားဝင်ရပ်တည်နိုင်သည့် ပါတီ ၁၀ ပါတီသာကျန်ရှိပြီး ယင်းတို့အနက် ငါးပါတီသာ ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မှတ်ပုံတင်ခွင့် ပြန်လည်လျှောက်ထားခဲ့ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှတ်တမ်းများအရ သိရသည်။

၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ ကျင်းပပြီးနောက် ရွေးကောက်ပွဲတွင် အနိုင်ရပါတီအား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အစိုးရတာဝန်လွှဲအပ်နိုင်ရေးအတွက် လိုအပ်နေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် အမျိုးသားညီလာခံကို ကျင်းပစေခဲ့သည်။ ရွေးကောက်ပွဲတွင် အမတ်နေရာအများဆုံးရရှိခဲ့သည့်ပါတီနှင့် ယင်းပါတီအမတ်များက အမျိုးသားညီလာခံမှ ကျောခိုင်းထွက်ခွာသွားခဲ့သဖြင့် ပါတီစုံခေတ်ပြန်လည်ရှင်သန်စေမည့် လမ်းကြောင်းဖြစ်သော ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရလဒ်သည်လည်း ပျက်ပြယ်သွားခဲ့ရလေသည်။

### ပါတီစုံဒီမိုကရေစီအုပ်ချုပ်ရေးစနစ် ချောမွေ့စွာဖြင့် ကူးပြောင်းပေးနိုင်ခဲ့

အမျိုးသားညီလာခံမှ ပေါ်ထွက်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)မူကြမ်းကို ၂၀၀၈ ခုနှစ် မေ ၁၀ ရက်တွင် ကျင်းပသည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် မဲဆန္ဒရှင် ၉၂ ဒသမ ၄ ရာခိုင်နှုန်းတို့၏ ထောက်ခံဆန္ဒမဲဖြင့် အတည်ပြုပြီးနိုင်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၁၀ ပြည့်နှစ် မတ် ၈ ရက်တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေတို့ကို အသစ်ပြဋ္ဌာန်းပြီး ပထမအကြိမ်လွှတ်တော်သက်တမ်းအတွက် လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပပေးခဲ့သည်။ တပ်မတော်က နိုင်ငံ့တာဝန်ယူခဲ့ရသည့် အုပ်ချုပ်ရေးကာလမှ ပြည်သူက ရွေးကောက်တင်မြှောက်သည့် ပါတီစုံဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့ ညင်သာချောမွေ့စွာဖြင့် ကူးပြောင်းပေးနိုင်ခဲ့သည်။ ပြည်သူတို့လိုလားတောင့်တခဲ့သည့် ပါတီစုံဒီမိုကရေစီစနစ် ဒုတိယခေတ်ကာလကို ပြန်လည်လမ်းခင်းပေး၍ လျှောက်လှမ်းစေခဲ့သည်။

၂၀၁၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၃၇ ပါတီမှ ကိုယ်စားလှယ်လောင်း ၂၉၈၇ ဦး၊ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း ၈၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ နိုင်ငံရေးပါတီ ၂၂ ပါတီမှ ကိုယ်စားလှယ် ၁၁၄၈ ဦး၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်ခြောက်ဦး ရွေးကောက်တင်မြှောက်ခံခဲ့ရပြီး ပထမအကြိမ် လွှတ်တော်သက်တမ်းကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ဦးဆောင်ကာ လျှောက်လှမ်းခဲ့ကြသည်။ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် အစိုးရလက်ထက် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အရှိန်ရစမှာပင် ဒုတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် ရွေးကောက်ပွဲအချိန်ကာလသို့ ရောက်ခဲ့ရလေသည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ဒုတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပခဲ့ပြီး နိုင်ငံရေးပါတီ ၉၁ ပါတီမှ ကိုယ်စားလှယ်လောင်း ၅၇၂၈ ဦး၊ တစ်သီး ပုဂ္ဂလကိုယ်စားလှယ်လောင်း *စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

၃၁၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ နိုင်ငံရေးပါတီ ၂၂ ပါတီမှ ကိုယ်စားလှယ် ၁၁၄၅ ဦး၊ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်ငါးဦး ရွေးကောက်တင်မြှောက်ခံခဲ့ရပြီး NLD ပါတီက အစိုးရဖွဲ့ကာ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းကို ဖြတ်သန်းခဲ့ကြသည်။

**ဒီမိုကရေစီစံနှုန်းများနှင့်အညီ လွှဲအပ်သွားမည်**

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် တတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပခဲ့သည်။ နိုင်ငံရေးပါတီ ၈၇ ပါတီမှ ကိုယ်စားလှယ်လောင်း ၅၃၇၉ ဦး၊ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း ၂၆၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ သို့သော် ရွေးကောက်ပွဲတွင် အာဏာရပါတီအစိုးရ၏ ပါဝင်စွက်ဖက်မှုများ၊ မဲစာရင်းကြီးမားစွာ မှားယွင်းမှုများ၊ မဲမသမာမှုဖြစ်စဉ်များကို တာဝန်ယူမဖြေရှင်းဘဲ လွှတ်တော်ခေါ်ယူပြီး နိုင်ငံတော်အာဏာကို ရယူမည့်အခြေအနေတို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အရေးပေါ်ကာလပြဋ္ဌာန်းပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဖွဲ့စည်း၍ နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းတာဝန်ယူ ဆောင်ရွက်ခဲ့ရသည်။ အရေးပေါ်ကာလဆိုသည်မှာ ဒီမိုကရေစီလမ်းကြောင်း မတိမ်းစောင်းရလေအောင် တပ်မတော်က ဝင်ရောက်ထိန်းသိမ်းပေးရသည့် အခြေအနေပင်ဖြစ်သည်။ အစွန်းရောက် ဒီမိုကရေစီအာဏာပိုင်လမ်းစဉ်သို့ ဦးတည်နေသော အခြေအနေအား အချိန်မီတားဆီးလိုက်နိုင်သည်ဟု ဆိုရပေလိမ့်မည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အရေးပေါ်ကာလပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှေ့လုပ်ငန်းစဉ်များချမှတ်ထားပြီးဖြစ်ရာ ကျင်းပရန်ရှိသည့် လာမည့်အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီများက ဝင်ရောက်ယှဉ်ပြိုင်ကြရပေမည်။

အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခြင်းသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာနှင့် တိုက်ရိုက်သက်ဆိုင်လျက်ရှိသည်။ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရန် မဲဆန္ဒနယ်အားလုံးအတွက် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းစဉ်များ ပြီးပြတ်အောင် ဆောင်ရွက်ထားရန် လိုအပ်မည် ဖြစ်သည်။ ရွေးကောက်ပွဲအတွက် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေများလည်း သင့်လျော်သည့်အချိန်တွင် အသစ်ပေါ်ထွက်လာလိမ့်မည်ဟု မျှော်လင့်ထားပါသည်။

ပါတီစုံခေတ်နိုင်ငံရေးပါတီများကို လေ့လာကြည့်ရာ သာမန်အားဖြင့် ပါတီအမျိုးအစားသုံးမျိုး တွေ့ရှိရသည်။ နိုင်ငံရေးဝါဒအခြေပြုပါတီ၊ ဒေသ/လူမျိုးစုအခြေပြုပါတီနှင့် အခြေခံလူတန်းစားအခြေပြုပါတီတို့ဖြစ်သည်။ နိုင်ငံအချို့တွင် လူမှုပတ်ဝန်းကျင်အကျိုးပြုပါတီများလည်း ရှိကြသည်ဟုဆိုပါသည်။ ပါတီများ၏ ရပ်တည်မှုကိုလေ့လာကြည့်ရာတွင် တိုင်းပြည်အတွက် အမျိုးသားအကျိုးစီးပွားကိုမဏ္ဍိုင်ပြု၍ ရပ်တည်သည့်ပါတီ၊ နယ်မြေဒေသနှင့် တိုင်းရင်းသားလူမျိုးဝိသေသ လက္ခဏာကို မဏ္ဍိုင်ပြု၍ မိမိဒေသ၊ မိမိလူမျိုးကောင်းကျိုးအတွက် ရပ်တည်သည့် ပါတီ၊ အစိုးရအာဏာရရေး ရပ်တည်သည့်ပါတီ၊ ဝန်ကြီးအမတ်နေရာရရေးရပ်တည်သည့် ပါတီ၊ အစိုးရကို ထိန်းကျောင်းရန် အတိုက်အခံသဘောရပ်တည်သည့်ပါတီနှင့် နိုင်ငံရေး ပလက်ဖောင်းနေရာတစ်ခုခုအတွက် ရပ်တည်သည့် ပါတီတို့ကို ယေဘုယျအားဖြင့် တွေ့ရှိရသည်။

**ပါတီတစ်ရပ်ချင်းစီအပေါ်တွင် လူထုကအကဲဖြတ်ရမည့်**

**“စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ပိုမိုအားကောင်းလာစေရန်၊ လာမည့်ရွေးကောက်ပွဲများတွင် ပြောင်းလဲကျင့်သုံးမည့် အချိုးကျကိုယ်စားပြုစနစ်နှင့် လိုက်လျောညီထွေဖြစ်စေရန်၊ လက်ရှိနိုင်ငံရေးပါတီများ၏ ရပ်တည်မှုအခြေအနေနှင့် ကော်မရှင်က ပါတီများအား စစ်ဆေးတွေ့ရှိချက်များအရ ကျစ်လျစ်ပြီး ခိုင်မာအားကောင်းသည့် နိုင်ငံရေးပါတီများ ဖြစ်ထွန်းရန်လိုအပ်မည်ဖြစ်”**

**နိုင်ငံရေး မှတ်ကျောက်များပင်ဖြစ်**

မည်သည့်ရပ်တည်မှုဖြင့် မတူကွဲပြားစွာ ဖွဲ့စည်းတည်ထောင်ထားကြသည်ဖြစ်စေ ပါတီများ၏ တူညီသောရည်မှန်းချက်သည် လူထုထောက်ခံမဲဖြင့် ရွေးကောက်ပွဲအနိုင်ရပြီး ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးနယ်ပယ်တွင် ပါဝင်နိုင်ရန် ဖြစ်ပါသည်။ ပါတီ၏ နိုင်ငံရေးယုံကြည်ချက်၊ ပါတီ၏မူဝါဒ၊ ပါတီဖွဲ့စည်းပုံနှင့်စည်းမျဉ်း၊ ပါတီတွင်းအုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှု၊ ပါတီတွင်းစည်းလုံးညီညွတ်မှု၊ ပါတီဝင်အင်အားတိုးတက်ရရှိရေး၊ ပါတီ၏ စည်းရုံးရေးစွမ်းရည်၊ ပါတီတာဝန်နှင့် နိုင်ငံ့တာဝန်၊ ပါတီအကျိုးစီးပွားနှင့် အမျိုးသားအကျိုးစီးပွား၊ လွှတ်တော်တွင်းနိုင်ငံရေးတာဝန်နှင့် လွှတ်တော်ပြင်ပနိုင်ငံရေးတာဝန်၊ ရွေးကောက်ပွဲအနိုင်ရရှိရေးနှင့် ပါတီရေရှည်အသက်ဝင် ရပ်တည်နိုင်ရေး စသည်တို့သည် ပါတီတစ်ရပ်ချင်းစီအပေါ်တွင် လူထုက အကဲဖြတ်ရမည့် နိုင်ငံရေး မှတ်ကျောက်များပင် ဖြစ်သည်။

လာမည့်ရွေးကောက်ပွဲများတွင် အချိုးကျကိုယ်စားပြုစနစ် ပြောင်းလဲကျင့်သုံးမည်ဖြစ်ကြောင်း ထုတ်ပြန်ထားပြီးဖြစ်ရာ ရွေးကောက်ပွဲတွင် အချိုးကျကိုယ်စားပြုစနစ်ဖြင့် ဒီမိုကရေစီ၏ အနှစ်သာရဖြစ်သော လူထုကိုယ်စားပြုမှုကို မြင့်မားစွာ ဖော်ဆောင်ပေးနိုင်မည် ဖြစ်ပါသည်။ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများအနေဖြင့်လည်း မိမိတို့ရရှိသည့် ထောက်ခံဆန္ဒမဲအရေအတွက်အပေါ်မူတည်၍ အချိုးကျစနစ်ဖြင့် ရွေးကောက်တင်မြှောက်ခံကြရမည်ဖြစ်ရာ နိုင်ငံရေးပါတီများ ခိုင်မာအားကောင်းနေရန်နှင့် စည်းရုံးရေးစွမ်းရည်မြင့်မားနေရန် မဖြစ်မနေလိုအပ်မည် ဖြစ်သည်။

၂၃-၁-၂၀၂၃ ရက်နေ့က ကျင်းပသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၃)တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က “ ...မိမိတို့နိုင်ငံ၌ ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ဗဟိုဦးစီးစနစ်၊ တစ်ပါတီစနစ်ဖြင့်သွားခဲ့ကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာတွင် ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲ ဆောင်ရွက်ရန်အတွက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဆောင်ရွက်ရာတွင် ပါတီစုံဒီမိုကရေစီစနစ် အမြန်ဖြစ်ထွန်းနိုင်ရေး နိုင်ငံရေးပါတီများဖွဲ့စည်းခွင့်ကို လျှော့ပေါ့ပေးသကဲ့သို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်တွင်လည်း နိုင်ငံသူနိုင်ငံသားအားလုံး ဒီမိုကရေစီအတွေ့အကြုံကို ပိုမိုရရှိစေရန်အတွက် ပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့် ပတ်သက်၍ လျှော့ပေါ့ဆောင်ရွက်ခဲ့ကြောင်း၊ ယခင်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အတွေ့အကြုံများအရ ပါတီများပြားသော်လည်း လွှတ်တော်၌ ပါဝင်ခွင့်ရသည့်ပါတီမှာ နည်းပါးသည်ကိုတွေ့ရကြောင်း၊ နိုင်ငံရေးပါတီများပြားပြီး ပါတီဝင်များအစုအဖွဲ့တစ်ခုအနေဖြင့်သာ လုပ်ဆောင်နိုင်သည်ကို တွေ့ရကြောင်း၊ အဆိုပါအစုအဖွဲ့မှာ ငယ်နေမည်ဆိုပါက ဧရိယာအားဖြင့်၊ အရေအတွက်အားဖြင့်၊ နယ်ပယ်အားဖြင့် ကြီးမားကျယ်ပြန့်စွာ စုစည်းနိုင်မှုမရှိသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ပါတီများအားလုံး ယခုထက်ပိုမို၍ ကျစ်လျစ်ခိုင်မာစွာ၊ စည်းစနစ်ကျစွာဖြင့်၊ ထုထည်ဖြင့် ဖွဲ့စည်းနိုင်ရန် လိုအပ်ကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပြန်လည်သုံးသပ်ခြင်းများကို ဆောင်ရွက်ခဲ့ပြီး ပြင်ဆင်သင့်သည်များကို ပြင်ဆင်ပြဋ္ဌာန်းရန်လိုကြောင်း၊ ရှေ့လုပ်ငန်းစဉ်တွင် ပါရှိသည့်အတိုင်း ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို အတည်ပြုနိုင်ရန်အတွက် သုံးသပ်ဆွေးနွေး အကြံပြုစေလိုကြောင်း...” ထည့်သွင်းပြောကြားခဲ့ပြီး ဖြစ်သည်။

**ပါတီ၏ အခြေခံအရင်းအမြစ်များ ရှိထားပြီးဖြစ်**

အသစ်ပြဋ္ဌာန်းခဲ့သည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ တည်ဆဲနိုင်ငံရေး ပါတီများအနေဖြင့် ပါတီဆက်လက်တည်ထောင်လိုပါက ဥပဒေပြဋ္ဌာန်းသည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း (၂၆-၁-၂၀၂၃ ရက်နေ့မှ ၂၈-၃-၂၀၂၃ ရက်နေ့အတွင်း) ပါတီမှတ်ပုံတင်ခွင့် ပြန်လည်လျှောက်ထားရမည် ဖြစ်သည်။ လျှောက်ထားခြင်းမရှိပါက နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ အလိုအလျောက်ပျက်ပြယ်မည် ဖြစ်ပါသည်။ နိုင်ငံရေးပါတီတည်ထောင်ခွင့် အသစ်လျှောက်ထားလိုသူများအနေဖြင့်လည်း ၂၆-၁-၂၀၂၃ ရက်နေ့မှစ၍ လျှောက်ထားနိုင်မည်ဖြစ်ပါသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၀၁၀ ရွေးကောက်ပွဲမှသည် ယနေ့အချိန်အထိ နိုင်ငံရေးပါတီပေါင်း ၁၂၈ ပါတီမှတ်ပုံတင်ခွင့်ပြုခဲ့ပြီး လက်ရှိအချိန်အထိ နိုင်ငံရေးပါတီ ၉၁ ပါတီ တရားဝင်ရပ်တည်ဆဲဖြစ်သည်။ အများစုမှာ လွှတ်တော်သက်တမ်း နှစ်ဆက်တာကာလအတွင်း ရွေးကောက်ပွဲအတွေ့အကြုံနှင့် ပါတီ၏အခြေခံအရင်းအမြစ်များ ရှိထားပြီးဖြစ်လိမ့်မည်ဟု ယူဆသည်။ ပါတီမှတ်ပုံတင်ခွင့်မရှိစေရ ပြဋ္ဌာန်းချက်များနှင့် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိစေရ ပြဋ္ဌာန်းချက်များကိုလည်း သတိပြုကြရမည်ဖြစ်သည်။

**နိုင်ငံသားများအတွက် ပေါ်ထွက်လာမည့် နိုင်ငံရေးပါတီများ လူထုကမျှော်လင့်**

နိုင်ငံရေးပါတီများ ခိုင်မာအားကောင်းရန်အတွက် အခြေခံအကျဆုံးလိုအပ်ချက်မှာ ပါတီလုပ်ငန်းများ စီမံအုပ်ချုပ်မှုကောင်းမွန်ခြင်း၊ ပါတီဝင်အင်အားများ နိုင်သမျှ များများစုဆောင်းနိုင်ခြင်း၊ ပါတီရန်ပုံငွေ တောင့်တင်းခိုင်မာခြင်းနှင့် ပါတီ၏စည်းရုံးရေးစွမ်းရည် မြင့်မားနေခြင်းတို့ပင် ဖြစ်သည်။ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ပိုမိုအားကောင်းလာစေရန်၊ လာမည့်ရွေးကောက်ပွဲများတွင် ပြောင်းလဲကျင့်သုံးမည့် အချိုးကျကိုယ်စားပြုစနစ်နှင့် လိုက်လျောညီထွေဖြစ်စေရန်၊ လက်ရှိနိုင်ငံရေးပါတီများ၏ ရပ်တည်မှုအခြေအနေနှင့် ကော်မရှင်က ပါတီများအား စစ်ဆေးတွေ့ရှိချက်များအရ ကျစ်လျစ်ပြီးခိုင်မာအားကောင်းသည့် နိုင်ငံရေးပါတီများ ဖြစ်ထွန်းရန် လိုအပ်မည်ဖြစ်သည်။ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် စိတ်ရင်းစေတနာမွန်ဖြင့် ပေါ်ထွက်လာမည့် နိုင်ငံရေးပါတီများကိုလည်း လူထုက မျှော်လင့်နေမည်ဖြစ်သည်။

ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့် ပါတီများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့် ပါတီများသည် အသစ်ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ ထိုက်သင့်သည့် ပါတီဝင်အင်အားစုဆောင်းရန်၊ နိုင်ငံရေးပါတီတစ်ခုအနေဖြင့် ရှိသင့်သည့် ပါတီရန်ပုံငွေကြေးထားရှိရန်၊ ပါတီလုပ်ငန်းများစနစ်တကျ ဆောင်ရွက်ရမည့် ပါတီရုံးခန်းများဖွင့်လှစ်ရန်၊ ရွေးကောက်ပွဲတွင် ဥပဒေက သတ်မှတ်ထားသည့် မဲဆန္ဒနယ်အရေအတွက်တွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန်တို့အတွက် အပြိုင်ကြိုးပမ်းနေကြရမည်ဖြစ်သည်။ နိုင်ငံရေးပါတီများအနေဖြင့် စည်းရုံးရေးစွမ်းရည်ကောင်းကောင်းဖြင့် ပါတီဝင်အင်အားများနိုင်သမျှများများ စုဆောင်းနိုင်မှသာလျှင် ရွေးကောက်ပွဲတွင် မိမိပါတီကရရှိသည့် ထောက်ခံဆန္ဒမဲအရေအတွက်အတိုင်း အခြေခံမဲနှင့် အကြွင်းမဲတွက်ချက်နည်းတို့အရ မိမိပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်လောင်းများသည် အချိုးကျကိုယ်စားပြုစနစ်ဖြင့် ရွေးကောက်တင်မြှောက်ခံရမည် ဖြစ်သည်။

တိုင်းရင်းသားလူမျိုးအမည်ဖြင့် ဖွဲ့စည်းတည်ထောင်ထားသည့် နိုင်ငံရေးပါတီများ အနေဖြင့်လည်း ကျစ်လျစ်ခိုင်မာစွာဖြင့် စုစုစည်းစည်းဖြင့် ပါတီစည်းရုံးရေးစွမ်းအား ကောင်းမွန်ခြင်းတို့ဖြင့် ပြည်ထောင်စုအဆင့်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်တို့တွင် ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးအာဏာကို မျှဝေကျင့်သုံးနိုင်မည့် အခွင့်အရေးများ ပိုမိုရရှိလာမည် ဖြစ်သည်။ တိုင်းရင်းသားလူမျိုးနိုင်ငံရေးပါတီများ ခိုင်မာအားကောင်းသည်နှင့်အမျှ ရွေးကောက်ပွဲယဉ်ကျေးမှုမှတစ်ဆင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် သာမက ပြည်သူတစ်ရပ်လုံးက လိုလားတောင့်တနေသည့် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက်ပါ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း ကောင်းမြတ်သော အကျိုးသက်ရောက်မှုများ ရရှိလာလိမ့်မည်ဟု ပြည်သူတစ်ဦးအနေဖြင့် မျှော်လင့်သည်။

**မှန်မှန်ကန်ကန် ရွေးချယ်နိုင်ရန်လို**

ကမ္ဘာ့ဒီမိုကရေစီ ဝါရင့်နိုင်ငံကြီးများမှာပင် ရွေးကောက်ပွဲတွင် အနိုင်ရ၍ မည်သည့်ပါတီက နိုင်ငံကိုအုပ်ချုပ်ရသည်ဖြစ်စေ၊ အစိုးရကိုထိန်းကျောင်းပေးရသည့် အတိုက်အခံပါတီပင်ဖြစ်စေ မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကိုသာ တစိုက်မတ်မတ် ဦးတည်ဆောင်ရွက်ကြသည့် နိုင်ငံရေး ယဉ်ကျေးမှုအလေ့အထမျိုးကိုသာ ခံယူကျင့်သုံးကြလေသည်။ မိမိတို့နိုင်ငံကဲ့သို့ ဒီမိုကရေစီအသွင် ကူးပြောင်းဆဲနိုင်ငံအနေဖြင့် နိုင်ငံတကာ အမြင်ကျယ်ကျယ်၊ အမျိုးသားနိုင်ငံရေး ဆင်ခြင်ဉာဏ်တို့ဖြင့် အတိတ်ကို သင်ခန်းစာယူ၊ ပစ္စုပ္ပန်ကိုမှန်ကန်စွာ တည်ဆောက်ပြီး အနာဂတ်ကို တက်လှမ်းနိုင်ရန် ကြိုးပမ်းကြရမည် ဖြစ်ပါသည်။ ပါတီစုံခေတ်တွင် ရွေးကောက်ပွဲအနိုင်ရ၍ အစိုးရဖွဲ့နိုင်သည်ဖြစ်စေ၊ အစိုးရမဖွဲ့နိုင်သည်ဖြစ်စေ အမျိုးသားအကျိုးစီးပွားကို ဦးတည်သည့် ပါတီများ ခိုင်မာအားကောင်းရန် လိုအပ်ပြီး ပြည်သူနှင့် တစ်သားတည်း ရှိနေဖို့လည်း လိုအပ်သည်။ ရွေးကောက်ပွဲနီးလျှင် ပေါ်လာပြီး ရွေးကောက်ပွဲပြီးလျှင် ပျောက်ကွယ်သွားမည်ဆိုပါက ပြည်သူနှင့် ဝေးသည်ထက် ဝေးသွားပေလိမ့်မည်။ လူထုကလည်း ရွေးကောက်ပွဲတွင် ဉာဏ်နှင့်ယှဉ်သော ဆန္ဒမဲတို့ဖြင့် မှန်မှန်ကန်ကန် ရွေးချယ်နိုင်ရန် လိုသည်။

သို့ဖြစ်၍ လာမည့်အနာဂတ်တွင် ရွေးကောက်ပွဲအနိုင်ရ၍ အစိုးရဖွဲ့နိုင်မည်ဆိုလျှင်လည်း အမျိုးသားအကျိုးစီးပွားကို ဦးတည်သည့် ကောင်းမွန်သောအစိုးရ၊ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်မှုတို့ဖြင့် ပြည့်စုံနိုင်ကြစေရန်၊ ဒီမိုကရေစီသဘောအရ အတိုက်အခံပါတီအဖြစ် အစိုးရကို ထိန်းကျောင်းပေးကြရာတွင်လည်း ပြည်သူတို့၏ အကျိုးစီးပွားကိုသာ ရှေးရှုနိုင်ကြစေရန်အလို့ငှာ ပါတီစုံခေတ်တွင် ပြည်သူကို ကိုယ်စားပြုရမည့်ပါတီများ ခိုင်မာအားကောင်းရေးအတွက် မဲဆန္ဒရှင်ပြည်သူတစ်ဦးအနေဖြင့် ဆန္ဒပြုလျက် ဖော်ညွှန်းတင်ပြလိုက်ရပါသည်။ ။


**ကိုးကား-**

**တပ်မတော်သမိုင်း (စတုတ္ထတွဲ) မှ (အဋ္ဌမတွဲ) အထိ**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် မှတ်တမ်းများ**

**မြန်မာနိုင်ငံရေးပါတီများ (၂၀၂၂)**

**မြန်မာ့အလင်းသတင်းစာ (၂၄-၁-၂၀၂၃)**

# တရားမဝင် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ရေယာဉ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ











**နေပြည်တော် မတ် ၂**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာတွင် ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဖေဖော်ဝါရီ ၂၄ ရက်တွင် လားရှိုးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လားရှိုးမြို့ Oriental High Way Tollgate မှ ခုနစ်မိုင်လေးဖာလုံခန့်နေရာ မြို့ရှောင်လမ်းမပေါ်၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်တင်သွင်းခွင့် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Hand Bag အိတ် ၃၀ အပါအဝင် ကုန်ပစ္စည်း ၁၆ မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော Mitsubishi Fuso Express အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၂၈ ရက်တွင် မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက် စက်မှုနယ်မြေ စက်မှုလမ်းတွင် ရပ်တန့်ထားသော မော်တော်ယာဉ်နှစ်စီးနှင့် ဂိုဒေါင်တစ်လုံးအား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့စုံဖြင့် ဝင်ရောက်စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသည့် မော်တော်ဆိုင်ကယ် ၃၁ စီး၊ မော်တော်ဆိုင်ကယ် Frame များနှင့် အပိုပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၁၃၀၀၀၀) နှင့် Toyota Wish အမျိုးအစား မော်တော်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၀၀၀၀၀) ကိုလည်းကောင်း၊ မူဆယ်မြို့ ဆင်ဖြူစစ်ဆေးရေးဂိတ်၌ တရုတ်နိုင်ငံမှ ဝင်ရောက်လာသော မော်တော်ယာဉ်များအား မူဆယ်ခရိုင် တရားမဝင်ကုန်ပစ္စည်းများ တားဆီးရေးအဖွဲ့က ရှောင်တခင်သွားရောက်စစ်ဆေးခဲ့စဉ် ဆင်ဖြူစစ်ဆေးရေးဂိတ်အကျော် လမ်းဘေးတစ်နေရာတွင် စုပုံထားသော အကောက်ခွန်မဲ့ HANDLE STEERING BAR MCSP ၁၅ ခု အပါအဝင် ကုန်ပစ္စည်း ၁၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၉၂၂၈၄၅)ကို လည်းကောင်း၊ ကျိုင်းတုံမြို့အဝင် Tollgate အနီး၌ ကျိုင်းတုံမြို့နယ် တရားမဝင်ကုန်ပစ္စည်းများ တားဆီးရေးအဖွဲ့က တာချီလိတ်မြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အချိုမှုန့် ကီလိုဂရမ် ၂၀၀၊ သွားတိုက်ဆေး ကီလိုဂရမ် ၁၈၀ အပါအဝင် ကုန်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၄၅၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၇၉၅၇၈၄၅ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၇ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(သွင်းကုန်)၌ ကုန်စည်များအတွင်းမှ သွင်းကုန်လိုင်စင်ခွင့်ပြုချက်ထက် ပိုမိုတင်သွင်းလာသော RUTF Peanut Paste ၁၅၅၈ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၇၂၃၉၀၃)ကို လည်းကောင်း၊ ဖေဖော်ဝါရီ ၂၈ ရက်တွင် မြန်မာစက်မှုဆိပ်ကမ်းကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော Castable Cement ကီလိုဂရမ် ၂၅၀၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၆၂၅၀၀၀)နှင့် သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်း မရှိသည့် King Flower Creamer ကီလိုဂရမ် ၂၅၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၂၅၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၅၉၈၉၀၃ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဖေဖော်ဝါရီ ၂၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ယောကျ်ားစီးဖိနပ် အရန် ၂၅၀၊ Lady Long Pant အထည် ၈၀၀ အပါအဝင် ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၁၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော YUTONG Express တစ်စီးနှင့် SUNLONG Express တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၄၁၆၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မော်လမြိုင်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ စစ်ဆေးရေးအဖွဲ့က မော်လမြိုင်မြို့ မန္တလေးရပ်ကွက် ဟသ်ာရပ်တုအဝိုင်းအနီး၌ မော်တော်ယာဉ်တစ်စီးအား စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အကောက်ခွန်မဲ့ ပေါင်းသား/ကြိတ်သား (အံဆွဲဗီရို) အဟောင်းတစ်လုံးအပါအဝင် ကုန်ပစ္စည်း ၁၄ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော Mitsubishi Canter အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၉၂၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြဝတီကုန်သွယ်ရေးဇုန်၌ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ(ID)နှင့် သွင်းကုန်လိုင်စင်(IL)တို့တွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော Lucky Air-Cooler ၂၅ လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၂၅၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူပင် ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းများအပါအဝင် ဆတ်ရိုးကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်တွေမြို့နယ် ကျေးပင်ကြီးရပ်ကွက် ရန်ပြေမာန်ပြေဘုရားရှေ့ ကုလားတန်မြစ်ရေလယ်တွင်ရပ်တန့်ထားသော ရေယာဉ်တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံထွက် အာလူး ကီလိုဂရမ် ၃၇၅၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော တန်ချိန် ၄၇ ဒသမ ၀၃ တန်ရှိ သစ်သားရေယာဉ်တစ်စင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဖေဖော်ဝါရီ ၂၄ ရက်၊ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၆ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၇၁၂၂၇၄၈) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ထိုင်းနိုင်ငံအတွင်း အကြောင်းအမျိုးမျိုးကြောင့် ဖမ်းဆီးခံရပြီး လွတ်ရက်စေ့ပြန်လည်လွတ်မြောက်လာသည့် မြန်မာနိုင်ငံသား ၁၃၈ ဦးအား လွှဲပြောင်းလက်ခံ

**မြဝတီ မတ် ၂**

ထိုင်းနိုင်ငံအတွင်း ရောက်ရှိပြီး အကြောင်း အမျိုးမျိုးကြောင့် ဖမ်းဆီးခံရကာ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ ICD မှ လွတ်ရက်စေ့ ပြန်လည်လွတ်မြောက်လာသည့် မြန်မာနိုင်ငံသား ၁၃၈ ဦးတို့အား နှစ်နိုင်ငံ တာဝန်ရှိသူများက လွှဲပြောင်းလက်ခံခြင်းကို ယနေ့ ထိုင်းစံတော်ချိန် နံနက် ၈ နာရီခွဲက မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတား၊ ထိုင်းနိုင်ငံဘက်ခြမ်းရှိ BCF ဇုန်တွင် ပြုလုပ်ကြောင်း သိရသည်။



ထိုသို့ လွှဲပြောင်းရာတွင် ထိုင်းနိုင်ငံဘက်မှ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ မြန်မာသံရုံးမှ သံမှူးကြီး ဦးမော်ဗလ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လဝကမှူး Mr . Bor-wornphop Soontornlekha ၊ အလုပ်သမားသံအရာရှိ ဦးလှမျိုးသန်းနှင့် တာဝန်ရှိသူများက လွှဲပြောင်းပေးအပ်ခဲ့ပြီး မြန်မာနိုင်ငံဘက်မှ မြဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ရွှေ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဒုတိယဌာနခွဲမှူးရုံးမှ အမှတ်(၂) ချစ်ကြည်ရေးတံတားတာဝန်ကျ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေမျိုးသက်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုလက်ခံခဲ့ခြင်းဖြစ်သည်။

ထို့နောက် အဆိုပါမြန်မာနိုင်ငံသားများအား မြန်မာဘက်ခြမ်း BCF ဇုန်သို့ မော်တော်ယာဉ်များဖြင့် ခေါ်ဆောင်ခဲ့ပြီး စာရင်းဇယားကောက်ယူခြင်း၊ ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးခြင်း၊ ထောက်ပံ့ငွေများ ထောက်ပံ့ပေးခြင်း၊ အခြားလိုအပ်သည်များနှင့် နေရပ်ပြန်လည် ပို့ဆောင်ရေးများအား တာဝန်ရှိသူများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ လွှဲပြောင်းလက်ခံခဲ့သည့် မြန်မာနိုင်ငံသားများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၁၂၄ ဦး၊ အမျိုးသမီး ၁၄ ဦး စုစုပေါင်း ၁၃၈ ဦး ရှိကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# ရေဖြူမြို့နယ်နှင့် မိုးကုတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၈ ရက် ညနေ ၅ နာရီ ၄၅ မိနစ်တွင် ရေဖြူမြို့နယ် လေ့သိုင်းကျေးရွာအုပ်စု အလယ်စခန်းကျေးရွာရှိ မလွဲတောင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် လှိုင်မင်းဦး မောင်းနှင်ပြီး ခင်ထွန်းဦး လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၅၀၀ ကိုလည်းကောင်း၊ ထို့အတူ မတ် ၁ ရက် ည ၇ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးကုတ်မြို့နယ် ကျောက်တလုံးကျေးရွာအုပ်စု လယ်ကြီးကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေးစခန်းတွင် AD VAN အမျိုးအစား ခရီးသည်တင်မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်ပါခရီးသည် ဇော်မိုင် ထံမှ ဘိန်းဖြူ ၁ ဒသမ ၇ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ည ၈ နာရီခွဲတွင် မိုးကုတ်မြို့ အထက်လယ်ဦးရပ်ကွက်ရှိ မဇုန်းဆောင်၏ နေအိမ်ကို ဝင်ရောက်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# လက်ရှိပထဝီဝင်နိုင်ငံရေးတင်းမာမှုများကို ပေါင်းစည်းအားဖြင့်ဖြေရှင်းရန် ဝန်ကြီးချုပ် မိုဒီ တောင်းဆို

**နယူးဒေလီ မတ် ၂**

အိန္ဒိယနိုင်ငံ မြို့တော်နယူးဒေလီ၌ မတ် ၂ ရက်တွင် ကျင်းပသည့် ဂျီ-၂၀ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် လက်ရှိပထဝီဝင်နိုင်ငံရေး တင်းမာမှုများကို ပေါင်းစည်းမှုဖြင့် ဖြေရှင်းနိုင်ရေး အိန္ဒိယ ဝန်ကြီးချုပ် နာရန်ဒရာမိုဒီက တောင်းဆိုလိုက်သည်။

ဂျီ-၂၀ အစည်းအဝေး၌ ဖွံ့ဖြိုးတိုးတက်မှု၊ ခိုင်မာတောင့်တင်းသည့် စီးပွားရေးနှင့် ဘဏ္ဍာရေး တည်ငြိမ်မှု၊ အကျင့်ပျက်ခြစားမှု၊ အကြမ်းဖက်မှု၊ စားနပ်ရိက္ခာနှင့် စွမ်းအင်လုံခြုံမှုဆိုင်ရာ ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရန် ကမ္ဘာက စောင့်ကြည့်နေကြောင်း မိုဒီက ပြောကြားသည်။

အိန္ဒိယသည် ၎င်း၏ ဂျီ-၂၀ ဥက္ကဋ္ဌရာထူးအတွက် "တစ်ခုတည်းသော ကမ္ဘာမြေ၊ တစ်ခုတည်းသော မိသားစုနှင့် တစ်ခုတည်းသော အနာဂတ်"ဟူသည့် ဆောင်ပုဒ်ကို ရွေးချယ်ထားပြီး ရည်ရွယ်ချက်နှင့် အညီ စည်းလုံးညီညွတ်ရန် လိုအပ်ကြောင်း၊ ယနေ့ တွေ့ဆုံဆွေးနွေးမှုများသည် ခိုင်မာသော ဘုံရည်မှန်းချက်များ အောင်မြင်စည်းလုံးညီညွတ်သည့် စိတ်ဓာတ်ကို ထင်ဟပ်စေလိမ့်မည်ဟု မျှော်လင့်ကြောင်း မိုဒီက ပြောကြားသည်။

အဆိုပါအစည်းအဝေးတွင် အစားအသောက်၊ ဓာတ်မြေဩဇာနှင့် လောင်စာဆီလုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကို အဓိကထားဆွေးနွေးမည်ဖြစ်ပြီး ယင်းကိစ္စရပ်များသည် ကမ္ဘာ့စီးပွားရေးအတွက် အရေးကြီးကြောင်း အစည်းအဝေး သဘာပတိဖြစ်သူ အိန္ဒိယပြည်ပရေးရာဝန်ကြီး အက်စ်ဂျိုင်ရှန်ကာက ပြောကြားသည်။

ဆင်ဟွာ



ဂျီ - ၂၀ အစည်းအဝေး၌ ဝန်ကြီးချုပ် မိုဒီ အမှာစကားပြောကြားစဉ်။

# စည်းလုံးမှုကိုပြသရန်အတွက် ကုလသမဂ္ဂအကြီးအကဲ အီရတ်သို့သွားရောက်

**ဘဂ္ဂဒတ် မတ် ၂**

ကုလသမဂ္ဂနှင့် အီရတ်နိုင်ငံတို့အကြား စည်းလုံးညီညွတ်မှုကို ပြသသည့် အနေဖြင့် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ် သည် အီရတ်နိုင်ငံသို့ အလည်အပတ် သွားရောက်ခဲ့ပြီး မတ်လ ၁ ရက်က အီရတ် အဆင့်မြင့်အရာရှိကြီးများနှင့် တွေ့ဆုံခဲ့သည်။

အီရတ်နိုင်ငံတွင် ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်မှု၊ လူ့အခွင့်အရေးများကို မြှင့်တင်ရန်နှင့် ဒီမိုကရက်တစ် အဖွဲ့အစည်းများအပေါ် ကုလသမဂ္ဂ၏ ထောက်ခံမှုကိုပြသရန် အီရတ်သို့ အလည်အပတ်လာရောက်ခြင်းဖြစ်ကြောင်း မစ္စတာ ဂူတာရက်စ်က အီရတ်ဝန်ကြီးချုပ် မိုဟာမက်ရှီယာ အယ်ဆူဒါနီနှင့် အတူပြုလုပ်သည့် ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အီရတ်ဝန်ကြီးချုပ်နှင့် တွေ့ဆုံပြီး ကုလသမဂ္ဂနှင့် အီရတ်နိုင်ငံတို့၏ ဆက်ဆံရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် အီရတ်နိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ အကူအညီများ လိုအပ်မှုတို့ကို ဆွေးနွေးခဲ့သည်။ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့အခွင့်အရေးတို့အတွက် အီရတ်နိုင်ငံ၏ကြိုးပမ်းမှုကိုလည်း အသိအမှတ်ပြုကြောင်း ကြေညာချက်တွင် ဖော်ပြခဲ့သည်။

ရာသီဥတုဖောက်ပြန်မှုကို ခံရသည့် နိုင်ငံများထဲတွင် အီရတ်နိုင်ငံလည်း အပါအဝင်ဖြစ်ရာ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းရန်နှင့် စီးပွားရေးဆိုင်ရာ လိုအပ်ချက်များကို ကူညီရန်အတွက် အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းကို အကူအညီ တောင်းခံကြောင်း မစ္စတာ ဂူတာရက်စ်က သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

ဆင်ဟွာ


အီရတ်နိုင်ငံခြားရေးဝန်ကြီး ဖူအက်ဒ်ဟူစိန်နှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ် တို့တွေ့ဆုံစဉ်။

# ဗီယက်နမ်သမ္မတသစ်အဖြစ် ဗိုဘင်သောင် ရွေးချယ်ခံရ

**ဟန်နွိုင်း မတ် ၂**

ဗီယက်နမ်ကွန်မြူနစ်ပါတီပေါ်လစ်ဗျူရိုအဖွဲ့ဝင် ဗိုဘင်သောင်သည် ဗီယက်နမ်နိုင်ငံ သမ္မတသစ်အဖြစ် ရွေးချယ်ခံခဲ့ရကြောင်း ဗီယက်နမ် သတင်းအေဂျင်စီက မတ် ၂ ရက်တွင်ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံ၏ ထိပ်တန်း ဥပဒေပြုလွှတ်တော်သည် အထူးအစည်းအဝေးတစ်ရပ် ခေါ်ယူပြီး ၎င်းကို သမ္မတသစ်အဖြစ် ၉၈ ဒသမ ၃၈ ရာခိုင်နှုန်းသော ထောက်ခံမဲဖြင့် ရွေးချယ်ခဲ့ကြောင်း ဗီယက်နမ် သတင်းအေဂျင်စီက ဖော်ပြသည်။


ဗီယက်နမ်နိုင်ငံသမ္မတသစ် ဗိုဘင်သောင် နိုင်ငံတော်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုစဉ်။

သမ္မတသစ်က ၎င်း၏ ကျမ်းသစ္စာကျိန်ဆိုပွဲတွင် နိုင်ငံတော်နှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံ ဥပဒေအပေါ် အကြွင်းမဲ့ သစ္စာစောင့်သိကာ နိုင်ငံတော်နှင့် ပြည်သူတို့၏တာဝန်ဝတ္တရားများကို ကျေပွန်အောင် ထမ်းဆောင်မည်ဟု ကတိပြုခဲ့သည်။

၎င်းသည် သမ္မတရာထူး သက်တမ်း၌ ၂၀၂၆ ခုနှစ်အထိ တာဝန် ထမ်းဆောင်ရမည်ဖြစ်သည်။ ၁၉၇၀ ပြည့်နှစ် ဒီဇင်ဘာလတွင် မွေးဖွားခဲ့သော ဗိုဘင်သောင်သည် ဗီယက်နမ်ကွန်မြူနစ်ပါတီ၏ ပေါ်လစ်ဗျူရို အဖွဲ့ဝင်များအနက် အသက်အငယ်ဆုံးဖြစ်သည်။

ဆင်ဟွာ

# ဂျပန်နိုင်ငံ၌ အခမဲ့ ကိုဗစ် - ၁၉ ဆေးစစ်မှုနှင့် ကုသမှုများ အဆုံးသတ်သွားဖွယ်ရှိ

**တိုကျို မတ် ၂**

ဂျပန်အစိုးရသည် မေလတွင် ကိုဗစ် - ၁၉ အဆင့် သတ်မှတ်ချက်ကို လျှော့ချတော့မည်ဖြစ်ရာ အခမဲ့ ကိုဗစ် - ၁၉ ဆေးစစ်ပေးမှုများနှင့် ကုသမှုများကို အဆုံးသတ်သွားရန် ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက စဉ်းစားလျက်ရှိသည်။

ဂျပန်အစိုးရသည် မေလတွင် ကိုဗစ် -၁၉ ကို ရာသီတုပ်ကွေး အမျိုးအစားအဖြစ် အဆင့်ငါးသို့ လျှော့ချသွားရန် ဆုံးဖြတ်ပြီးသွားပြီဖြစ်သည်။ ကိုဗစ် -၁၉ လူနာများအပေါ် အခမဲ့ကုသမှုပေးနေသည့် လက်ရှိစနစ်ကို ကျန်းမာရေးဝန်ကြီးဌာနက သုံးသပ်လျက်ရှိသည်။ မေလအတွင်း ကိုဗစ် - ၁၉ အဆင့်သတ်မှတ်ချက်ကို လျှော့ချသွားပြီးနောက် ဘိုးဘွားရိပ်သာရှိ အလုပ်သမားများအတွက် ကိုဗစ်-၁၉ ဆေးစစ်မှုကုန်ကျစရိတ်များကို ဆက်လက်ကာမိစေရန် စီစဉ်နေကြောင်းပြောသည်။

ဈေးကြီးသည့် ဆေးဝါးများအတွက် ကုန်ကျစရိတ် ကာမိစေရန် ပြည်သူ့ရန်ပုံငွေကို ဆက်လက်အသုံးပြုသွားမည်ဖြစ်သည်။ ဆေးရုံတက်ကုသရမှုအတွက် အကြမ်းဖျင်းအားဖြင့် ဒေါ်လာ ၁၅၀ ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ ယင်းကဲ့သို့ပြုလုပ်မှုကို စက်တင်ဘာလကုန် မတိုင်မီအထိ ဆက်လက်ထိန်းသိမ်းသွားရန် အာဏာပိုင်များက ရည်ရွယ်ထားသည်။ သို့သော်လည်း ကူးစက်မှု၏ အခြေအနေအပေါ်မူတည်ကာ ယင်းဆုံးဖြတ်ချက်ကို အချိန်တိုးသင့် မသင့် ဆုံးဖြတ်သွားမည်ဖြစ်သည်။

ယခုလအစောပိုင်း အပြီးသတ်ဆုံးဖြတ်ချက်ကို မကြေညာမီ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများ၊ ဒေသတွင်းအစိုးရများနှင့် ပူးပေါင်းကာ ဆွေးနွေးမှုများပြုလုပ်သွားမည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

အင်န်အိတ်ချ်ကေ

# ဖိလစ်ပိုင်ကမ်းခြေအနီး နစ်မြုပ်လောင်စာဆီတင်သင်္ဘောမှ ဆီယိုဖိတ်မှုကို တားဆီးရန် ခက်ခဲစွာလုပ်ဆောင်နေရ

**မနီလာ မတ် ၂**

ဖိလစ်ပိုင်နိုင်ငံ မင်ဒိုရိုပြည်နယ် ကမ်းရိုးတန်းအနီး ကမ်းလွန်ပင်လယ်ပြင်တွင် လောင်စာဆီလီတာ ရှစ်သိန်းခန့် သယ်ဆောင်လာသည့် လောင်စာဆီတင်သင်္ဘောတစ်စီး နစ်မြုပ်မှုမှ ဆီယိုဖိတ်မှုကို ထိန်းသိမ်းနိုင်ရန်အတွက် ခက်ခက်ခဲခဲ လုပ်ဆောင်နေရကြောင်း ဖိလစ်ပိုင် အာဏာပိုင်များက မတ် ၂ ရက်တွင် ပြောကြားသည်။

ကမ်းရိုးတန်းတစ်လျှောက်ရှိ ဆီယိုဖိတ်မှုများကို ဖယ်ရှားရှင်းလင်းရန်အတွက် ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်(ပီစီဂျီ)နှင့်အတူ ကမ်းရိုးတန်းစည်ပင်သာယာရေး အဖွဲ့လေးဖွဲ့တို့က လုပ်ဆောင်နေကြပြီး အဆိုပါ ရေနံယိုဖိတ်မှုသည် နစ်မြုပ်နေသည့် လောင်စာဆီတင်သင်္ဘော၏ တောင်ဘက် ရေမိုင် ၃၅ မိုင်အကွာအထိ ပျံ့နှံ့ရောက်ရှိနေသည်ဟု ဆိုသည်။ ရေနံယိုစိမ့်မှု၏ အရင်းအမြစ်ကို အတိအကျဖော်ထုတ်ကာ ကမ်းရိုးတန်းသို့ ညစ်ညမ်းလောင်စာဆီများ မရောက်ရှိစေရန် လုပ်ဆောင်သွားမည်ဟု ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်၏ ပြောရေးဆိုခွင့်ရှိသူ ရေတပ်ဗိုလ်ချုပ်ကြီး အာမန်ဒို ဘာလီလိုက ပြောကြားသည်။

အဆိုပါ ဆီတင်သင်္ဘောသည် အင်ဂျင်ပြဿနာကြောင့် မတ် ၁ ရက်က နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

ဆင်ဟွာ

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀ ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀.၂၅ ရာခိုင်နှုန်းရှိ

**(၂-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၀၄၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၀) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၅) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၀၆၁,၂၀၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၉၃၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြား ထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၄၀၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမို လျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူ ယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့် တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့် နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက် လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၃-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၂၀ | ၂၁၇၀ | ၂၁၆၅ | ၂၁၃၀ | ၂၁၇၀ | ၂၁၈၅ | ၂၁၇၅ | ၂၁၅၅ | ၂၂၅၅ | ၂၂၇၀ | ၂၁၆၀ | ၂၁၇၀ | ၂၂၀၅ | ၂၂၁၀ | ၂၂၁၀ | ၂၄၄၀ | ၂၈၁၀ |
| 95 Ron | ၂၁၈၅ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၀ | ၂၂၄၀ | ၂၂၆၅ | ၂၂၅၀ | ၂၂၂၅ | ၂၃၂၅ | ၂၃၄၀ | ၂၂၃၅ | ၂၂၅၀ | ၂၂၈၀ | ၂၂၈၀ | ၂၂၈၅ | ၂၅၁၀ | ၂၈၈၅ |
| HSD (500 ppm) | ၂၂၂၅ | ၂၂၇၅ | ၂၂၇၀ | ၂၂၃၅ | ၂၂၇၀ | ၂၂၉၅ | ၂၂၉၀ | ၂၂၆၀ | ၂၃၇၅ | ၂၃၇၀ | ၂၂၆၅ | ၂၂၇၅ | ၂၃၁၀ | ၂၃၁၀ | ၂၃၁၅ | ၂၅၄၀ | ၃၁၆၀ |
| HSD (50 ppm) | ၂၃၀၅ | ၂၃၅၅ | ၂၃၅၀ | ၂၃၁၅ | ၂၃၅၀ | ၂၃၇၅ | ၂၃၇၀ | ၂၃၄၀ | ၂၄၅၅ | ၂၄၅၀ | ၂၃၄၅ | ၂၃၅၅ | ၂၃၉၀ | ၂၃၉၀ | ၂၃၉၅ | ၂၆၂၀ | ၃၁၉၀ |
| HSD (10 ppm) | ၂၃၀၅ | ၂၃၅၅ | ၂၃၅၀ | ၂၃၁၅ | ၂၃၅၀ | ၂၃၇၅ | ၂၃၇၀ | ၂၃၄၀ | ၂၄၅၅ | ၂၄၅၀ | ၂၃၄၅ | ၂၃၅၅ | ၂၃၉၀ | ၂၃၉၀ | ၂၃၉၅ | ၂၆၂၀ | ၃၁၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၁၃ | ၂၀၈၇ |
| 95 Ron | ၂၀၈၃ | ၂၁၅၈ |
| HSD (500 ppm) | ၂၁၁၇ | ၂၁၈၉ |
| HSD (50 ppm) | ၂၁၉၁ | ၂၂၆၄ |
| HSD (10 ppm) | ၂၁၉၁ | ၂၂၆၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိတ်ဆွေပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# မိန်းတိန်– ချင်းရွှေဟော်နယ်စပ်ဂိတ် အပြည့်အဝ ဂိတ်ဖြတ်သန်းနိုင်သဖြင့် ပိုမိုအဆင်ပြေလာ

**ချင်းရွှေဟော် မတ် ၂**

မြန်မာ– တရုတ်နယ်စပ် ချင်းရွှေဟော်ဒေသ နယ်စပ်ဂိတ် အပြည့်အဝ ဖွင့်လှစ်လိုက်ခြင်းကြောင့် ဖြတ်သန်းသွားလာသူ များပြားလျက်ရှိကြောင်း သိရသည်။ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံ၏ အရေးပါ နယ်စပ်ဂိတ်ဖြစ်သော မိန်းတိန်– ချင်းရွှေဟော်နယ်စပ်ဂိတ်တွင် ခရီးသည်များ ဂိတ်ဖြတ်သန်းသွားလာမှုကို ဖေဖော်ဝါရီ ၂၃ ရက်က အပြည့်အဝ ပြန်လည်စတင်ခဲ့သည်။ ခရီးသည်များ ဂိတ်ဖြတ်သန်းသွားလာမှု ပြန်လည်စတင်သည့်နေ့တွင် ပြည်ဝင်ပြည်ထွက် လုပ်ငန်းစဉ်များ လာရောက်ဆောင်ရွက်ကြသည့် ခရီးသွားများ များပြားလျက်ရှိပြီး ဝန်ထမ်းများက လည်း ပြည်ဝင်ပြည်ထွက်ခရီးသွားများအတွက် ဂိတ်ဖြတ်သန်းသွားလာရေး လုပ်ထုံးလုပ်နည်းများကို စိတ်အားထက်သန်စွာ ဆောင်ရွက်ပေးပြီး အားလုံးကို ဘေးကင်းလုံခြုံစွာ၊ စနစ်ကျစွာ၊ ထိရောက်စွာ ဂိတ်ဖြတ်သန်းသွားလာနိုင်ရန် ဘက်စုံအာမခံချက် ပေးအပ်လျက်ရှိကြောင်း တရုတ်သံရုံးမှ သိရသည်။

ယင်းနယ်စပ်ဂိတ်ကို ကိုဗစ်–၁၉ ရောဂါမဖြစ်ပွားမီ ကာလက လူဝင်/ လူထွက်အနေဖြင့် မြန်မာနိုင်ငံသားများအား ကိန်းမခရိုင် မိန်းတိန်မြို့အထိ ဝင်ရောက်ခွင့်ပြုပြီး တရုတ်နိုင်ငံသားများအား ချင်းရွှေဟော်မြို့အထိ သွားလာခွင့်ပြုခဲ့သည်။ မြန်မာကုန်တင်ယာဉ်များအနေဖြင့် တရုတ်နိုင်ငံ ချင်းရွှေဟော်မြို့ကုန်တင်ယာဉ်များ ယာဉ်ရပ်နားကွင်း (ကုန်ချိန်းကွင်း)များ အထိလည်းကောင်း၊ ကြံတင်ယာဉ်များအနေဖြင့် မိန်းတိန်မြို့ နမ့်ဟွာသကြားစက်အထိလည်းကောင်း သွားလာခွင့်ပြုခဲ့သည်။

ကပ်ရောဂါဖြစ်ပွားမှုကြောင့် နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများကို ၂၀၂၀ ခုနှစ် ဧပြီလအတွင်း တရုတ်နိုင်ငံက စတင်ရပ်ဆိုင်းခဲ့ပြီး ၂၀၂၀ ခုနှစ် နိုဝင်ဘာမှသာ နှစ်နိုင်ငံတရားဝင်ကုန်သွယ်မှု ဝင်ထွက်ဂိတ် နမ့်ဖာဟော်တံတားမှ နှစ်နိုင်ငံပို့ကုန်သွင်းကုန်များ အပြန်အလှန်တင်ပို့/တင်သွင်းမှု ပြန်လည်စတင်နိုင်ခဲ့သည်။ ထို့နောက် ကိုဗစ်–၁၉ ရောဂါပိုး ထပ်မံတွေ့ရှိခဲ့သဖြင့် နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများ ၂၀၂၂ ဖေဖော်ဝါရီလတွင် ထပ်မံရပ်ဆိုင်းသွားပြီး တစ်လနီးပါးအကြာတွင် ပြန်လည်ဖွင့်လှစ်ခဲ့သည်။ သို့ရာတွင် နှစ်နိုင်ငံ လူအဝင်အထွက်ကို တရုတ်နိုင်ငံဘက်ခြမ်းက ၂၀၂၂ မတ်လမှစ၍ ခွင့်ပြုထားခြင်း မရှိသေးသည့်အတွက် ယာဉ်မောင်းများသည် နမ့်ဖာဟော်တံတားပေါ်တွင် ယာဉ်ချိန်းပြောင်းသည့်စနစ်ဖြင့် PPE အဆင့်–၂ ဝတ်စုံဝတ်ဆင်၍ မောင်းနှင်ခဲ့ရသည်။




ယခု ဖေဖော်ဝါရီ ၂၃ ရက်တွင် မြန်မာနိုင်ငံဘက်ခြမ်းမှ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း တာဝန်ခံ ညွှန်ကြားရေးမှူး ဦးမိုးဇော်ဦး၊ ချင်းရွှေဟော်မြို့ အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင်နှင့် တာဝန်ရှိသူများနှင့် တရုတ်နိုင်ငံဘက်ခြမ်းမှ နယ်စပ်စီးပွားရေးဇုန်ဒုတိယအတွင်းရေးမှူး၊ ကိန်းမခရိုင် ပြည်ပဆက်ဆံရေးဌာနမှူးနှင့် တာဝန်ရှိသူများက အထက်ဌာန၏ခွင့်ပြုချက်အရ တွေ့ဆုံညှိနှိုင်းပြီး ယင်းနေ့ နံနက် ၁၀ နာရီမှစတင်ကာ ချင်းရွှေဟော်(မိန်းတိန်) နယ်စပ်ဂိတ်ပေါက်၌ ခရီးသည် လူဝင်/ လူထွက်နှင့် ကုန်သွယ်မှုနှင့် သက်ဆိုင်သည့် ယာဉ်မောင်းများ ဝင်/ထွက်သွားလာမှုကို စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

**သီရိ**

## အိန္ဒိယ - မြန်မာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အခက်အခဲများ၊ စိန်ခေါ်မှုများကို ဆွေးနွေး

**အိန္ဒိယ မတ် ၂**

India–Myanmar Chamber of Commerce (IMCC)၏နာယက မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Shri Vinay Kumar ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ကုန်သည်စက်မှုအသင်းချုပ် ဥက္ကဋ္ဌ ဦးအေးဝင်း ဦးဆောင်သော တာဝန်ရှိသူများ တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၂၇ ရက်က အသင်းချုပ်၌ ကျင်းပသည်။

တွေ့ဆုံစဉ် ကုန်သည်စက်မှုအသင်းချုပ် ဥက္ကဋ္ဌ ဦးအေးဝင်းက နောက်ဆုံးစာရင်းအင်း အချက်အလက်များအရ အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ Trade Partner အဖြစ် နံပါတ် ငါးနေရာ၊ အကြီးဆုံး Export Destination များထဲမှ နံပါတ် (၄)၊ သွင်းကုန်အရင်းအမြစ်များထဲမှ နံပါတ် (၆) နေရာများတွင် ရှိပါကြောင်း၊ IMCC သည် မိမိတို့၏ အရင်းနှီးဆုံး စီးပွားရေးမိတ်ဖက်များထဲတွင် ပါဝင်ပြီး နှစ်နိုင်ငံအကြား စီးပွားရေးနှင့်ကုန်သွယ်မှုဆိုင်ရာများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အိန္ဒိယသံအမတ်ကြီးက မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ အရေးကြီးသည့်ကုန်သွယ်ရေးမိတ်ဖက်နိုင်ငံဖြစ်ကြောင်း၊ အိန္ဒိယ၏ ပို့ကုန်ပါတနာလည်းဖြစ်ကြောင်း၊ ဆိုလာစွမ်းအင်စီမံကိန်း အကောင်အထည်ဖော်နေမှုများ၊ အခက်အခဲများ၊ စိန်ခေါ်မှုများကို ကျော်လွှားပြီး ရေရှည်လက်တွဲ ဆောင်ရွက်သွားနိုင်ရေး၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ သွင်းကုန်လိုင်စင်များဖြေလျှော့ပေးနိုင်ရေး၊ ပြည်တွင်း အခြေခံအဆောက်အအုံ တည်ဆောက်ရေး၊ ဆန်တင်ပို့မှုဆိုင်ရာကိစ္စရပ်များ၊ လျှပ်စစ်မီးတည်ငြိမ်စေရေး၊ ကုန်ကြမ်းများ မပြတ်လပ်စေရေး၊ အိန္ဒိယ–မြန်မာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်နိုင်ရေးတို့ကို ပြောကြားသည်။

အစည်းအဝေးတွင် နှစ်ဖက်ကိုယ်စားလှယ်များက နှစ်နိုင်ငံအကြား ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများ၊ ကြုံတွေ့နေရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများကို ဆွေးနွေးခဲ့ကြပြီး ဆေးဝါးနှင့် ဆေးပစ္စည်းများ၊ စိုက်ပျိုးရေး၊ စွမ်းအင်၊ ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံ၊ ပို့ကုန်သွင်းကုန်ဆိုင်ရာများ၊ ကုန်သွယ်မှုဆိုင်ရာမူဝါဒများ၊ ခရီးသွားလုပ်ငန်းကဏ္ဍတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီးပွားရေးအခွင့်အလမ်းများကို ဆွေးနွေးခဲ့သည်။

**ကိုရိုး**

## ရွှေလီနယ်စပ်ဂိတ်၌ ခရီးသည်ဝင်ထွက်သွားလာမှု ဆက်တိုက်မြင့်တက်

**ရွှေလီ မတ် ၂**

ရွှေလီနယ်စပ်ဂိတ်၌ ဇန်နဝါရီ ၂၅ ရက်မှစ၍ ခရီးသည် ဝင်ထွက်သွားလာမှု ပြန်လည်စတင်ခဲ့ပြီးနောက် ပြည်ဝင်ပြည်ထွက် ခရီးသည် အရေအတွက် ဆက်တိုက်မြင့်တက်လာခဲ့ပြီး တစ်ရက်အတွင်း အဝင်အထွက် ခရီးသည် အများဆုံး ၃၅၀၃ ဦးရှိပြီး အဝင်အထွက် ခရီးသည် စုစုပေါင်း ၆၀၀၀၀ ကျော် ရှိပြီဖြစ်ကြောင်း တရုတ်သံရုံးက သတင်းထုတ်ပြန်ထားသည်။




"အခုဆိုရင် ပြည်ဝင်တဲ့အခါ ၄၈ နာရီအတွင်း စစ်ဆေးထားတဲ့ ကိုဗစ်–၁၉ ပိုးရပ်စ်မရှိကြောင်း စစ်ဆေးမှုရလဒ်နဲ့ သက်တမ်းရှိ ပြည်ဝင်ပြည်ထွက် လက်မှတ်ကိုင်ဆောင်ထားဖို့ပဲ လိုပါတယ်။ အသွားအပြန်လုပ်ရတာ အဆင်ပြေတယ်။ မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံအကြား ပုံမှန်အတိုင်း စီးပွားရေးပြန်လုပ်လို့ရပြီဆိုတော့ ကျွန်တော်တို့ ပိုပြီးစိတ်အားထက်သန်နေတယ်။ အနာဂတ်မှာ ပိုကောင်းလာမယ်လို့ ယုံကြည်ပါတယ်" ဟု နိုင်ငံခြားကုန်သွယ်ရေးလုပ်ကိုင်သူ ကုန်သည် ဦးမောင်ဝင်းက ပြောသည်။

ရွှေလီမြို့တွင်နေထိုင်သူ မစ္စတာကျန်းကလည်း "ကျွန်တော့်မိတ်ဆွေနဲ့ မတွေ့ရတာ သုံးနှစ်ကျော်ပြီ၊ ဒီတစ်ခါတော့ အေးအေးဆေးဆေး ရှေးဟောင်းနှောင်းဖြစ်တွေ ပြောလို့ရပြီ" ဟု ပြောသည်။

**သီရိ**

## တစ်ပတ်အတွင်း ဘုရင့်နောင်ကုန်စည်ဈေးကွက်

ယခုသီတင်းပတ်အတွင်း ရန်ကုန်ဘုရင့်နောင်ကုန်စည်ဈေးကွက်၌ စားအုန်းဆီ၊ ပဲစင်းငုံနီနှင့် ငရုတ် ဈေးတက်ပြီး နွေဆန်ကြမ်း ပေါ်ဆန်းဆန် ဈေးကျဆင်းလာသည်။

**ဆန်**

ယခုတစ်ပတ်အတွင်း နွေဆန်ကြမ်း ဈေးကျပြီး ဈေးကွက်တွင် ဝယ်လိုအားနည်းသည်။ ပေါ်ဆန်းဆန်သစ်များ တစ်အိတ် ကျပ် ၁၅၀၀ ဝန်းကျင် ဈေးကျသည်။ နွေဆန်ကြမ်းအသစ် သီးထပ်တစ်အိတ် ကျပ် ၅၁၀၀၀၊ ရက် ၉၀ အသစ် ကျပ် ၅၇၀၀၀၊ နံ့ကားအသစ် ကျပ် ၅၁၀၀၀၊ အဟောင်း ကျပ် ၅၄၀၀၀၊ ပေါ်ကွဲအသစ် ကျပ် ၆၀၀၀၀၊ ဘိုကလေး ပေါ်ဆန်း တစ်အိတ် ကျပ် ၆၇၀၀၀၊ ဖျာပုံ ကျပ် ၆၉၀၀၀၊ မြောင်းမြ ကျပ် ၇၃၀၀၀၊ ရွှေဘို ကျပ် ၈၇၀၀၀ နှုန်း ဈေးရှိနေသည်။

**စားအုန်းဆီ**

ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၅ ရက်အထိ ရန်ကုန်အထိုင် အခြေခံလက်ကားရည်ညွှန်းဈေးမှာ စားအုန်းဆီတစ်ပိဿာ ကျပ် ၄၆၀၀ နှုန်းဖြစ်ရာ ယခင်အပတ်ထက် ရည်ညွှန်းဈေးတစ်ပိဿာ ကျပ် ၁၃၀ ဈေးတက်လာသည်။ ပြည်ပစားအုန်းဆီ တစ်တန်ဈေးနှုန်းမှာလည်း ယခင်အပတ်က ၁၀၁၇ ဒေါ်လာနှုန်းရှိရာမှ ယခုအပတ်တွင် ၁၀၄၄ ဒေါ်လာနှုန်းသို့ မြင့်တက်လာသည်။ ရည်ညွှန်းဈေး တစ်ပိဿာ ကျပ် ၁၃၀ မြင့်လာချိန် မတ် ၁ ရက် ရန်ကုန်ဆီဈေးကွက်တွင် လက်ငင်းဆီ အလှယ် လက်ကားပီပါဈေးမှာ တစ်ပိဿာ ကျပ် ၇၃၅၀ နှုန်းရှိပြီး ဈေးငြိမ်နေသည်။

**ပဲ**

မတ် ၁ ရက် ရန်ကုန်ပဲဈေးကွက်တွင် မတ်ပဲ (RC) တစ်တန် ကျပ် ၁၈၅၈၅၀၀၀၊ (SQ/RC) တစ်တန် ကျပ် ၂၀၈၀၅၀၀၀၊ ပဲစင်းငုံနီ (Red/RC) တစ်တန်ကျပ် ၂၁၆၀၀၀၀၊ ပဲတီစိမ်းခရမ်းရွှေဝါ(ထိပ်စ)တစ်ပိဿာ ၃၉၁၅ ကျပ်၊ ကုလားပဲခြမ်းတစ်ပိဿာ ကျပ် ၄၁၀၀–၄၄၀၀ နှုန်းရှိသည်။

**ကြက်သွန်နီ**

ယခုလအတွင်း ပွဲရုံဖွင့်ရက်ပေါင်း ၂၄ရက်တွင် နယ်စုံမှ မိုးကြက်သွန်နီ အသစ်ပိဿာချိန် ၄၃၈၀၀၀၀ ဝင်ရောက်ခဲ့သည်။ ကြက်သွန်မှာ လကုန်ပိုင်းတွင် ဈေးနှုန်းအနည်းငယ် ပြန်မြင့်တက်လာသည်။ မတ် ၁ ရက်တွင် နယ်စုံကြက်သွန်နီ ပိဿာချိန် ၂၄၀၀၀၀ ဝင်ရောက်ခဲ့သည်။ ဖေဖော်ဝါရီ ၂၈ ရက် ရန်ကုန်ဈေးကွက်အတွင်း ကြက်သွန်နီ တစ်ပိဿာ လက်ကားဈေးနှုန်းများမှာ ဆိပ်ဖြူ(ပင်လေး) ၁၁၇၅ ကျပ်၊ မြစ်သား ကျပ် ၁၄၅၀– ၁၆၅၀ နှုန်းရှိသည်။ ပခုက္ကူဈေးကွက်တွင် မတ် ၁ ရက် ကြက်သွန်နီ ယောအမြင့်ဆုံးတစ်ပိဿာ ကျပ် ၁၁၅၀ နှုန်းရှိသည်။

**ကြက်သွန်ဖြူ/ အာလူး**

မတ် ၁ ရက် ရန်ကုန်ကြက်သွန်ဖြူဈေးကွက်၌ အောင်ပန်းရှမ်းကြက်သွန်ဖြူအသစ် လက်ကား တစ်ပိဿာ ကျပ် ၄၁၀၀– ၄၈၀၀ နှုန်းရှိသည်။ မတ် ၁ ရက် ရန်ကုန်အာလူးဈေးကွက်တွင် ဆင်ဖြူကျွန်းအာလူး လက်ကားတစ်ပိဿာ ကျပ် ၁၂၀၀– ၁၅၀၀ နှုန်း၊ ပခုက္ကူအာလူး ကျပ် ၂၀၅၀ နှုန်း အသီးသီးရှိနေသည်။

**အောင်ခင်နိုင်**

# ကမ္ဘာ့ထုတ်လုပ်ရောင်းချမှုကွင်းဆက်တွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ ပိုမိုပါဝင်နိုင်ရန် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ဝင်နိုင်ငံများက နည်းလမ်းများရှာဖွေ

**လန်ဒန် မတ် ၂**

ကမ္ဘာ့ထုတ်လုပ်ရောင်းချမှုကွင်းဆက်တွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ ပိုမိုပါဝင်နိုင်ရန် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်သည့် အတွေ့အကြုံနှီးနှောဖလှယ်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက်က ယူကေရှိ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၌ ကျင်းပသည်။



အဆိုပါနှီးနှောဖလှယ်ပွဲကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများဆိုင်ရာ ဆပ်ကော်မတီက ဦးဆောင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ဆွေးနွေးသူများက ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများတွင် ပို့ကုန်/ သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ရာ၌ ရက်ပေါင်း ၃၀ မှ ၄၀ အထိ ကြာမြင့်တတ်ကာ ကွဲပြားသော စာရွက်စာတမ်းအထောက်အထားကိုးမျိုးခန့် တင်ပြရကြောင်း၊ ကမ္ဘာ့ထုတ်လုပ်ရောင်းချမှုကွင်းဆက်တွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ ပိုမိုပါဝင်နိုင်ရေးမှာ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးနည်းလမ်းများ ကျင့်သုံးခြင်း၊ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပို့ကုန်သွင်းကုန်လုပ်ငန်းများဆောင်ရွက်ခြင်း၊ ပို့ကုန်သွင်းကုန်ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ပွင့်လင်းမြင်သာစေခြင်းနှင့် ဈေးကွက်ဝင်ရောက်ရေးအတွက် အကောက်ခွန်သက်သာခွင့်များကို လုပ်ငန်းရှင်များ နားလည်စေရန် အသိပညာပေးခြင်းတို့ကို ဆောင်ရွက်သင့်ကြောင်း အကြံပြုခဲ့ကြသည်။

ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများမှ တက်ရောက်လာသော စီးပွားရေးလုပ်ငန်းရှင်များက နိုင်ငံစုံနှင့်ဒေသတွင်း ကုန်သွယ်မှုစနစ်များတွင် ပိုမိုပူးပေါင်းပါဝင်ခြင်းဖြင့် ယှဉ်ပြိုင်မှုစွမ်းရည် တိုးတက်လာသော်လည်း စားသောက်ကုန်အန္တရာယ်ကင်းရေး၊ အလုပ်သမားနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စံချိန်စံညွှန်းများ၊ သဘော်တင်ခ၊ ထုတ်လုပ်ခ၊ ပို့ကုန်လိုအပ်ချက်များနှင့် ကိုက်ညီရေး စသည့်စိန်ခေါ်မှုများရှိကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ စံချိန်စံညွှန်းများနှင့် ကုန်သွယ်မှုဖွံ့ဖြိုးရေးဆိုင်ရာ အထောက်အပံ့ (Standards and Trade Development Facility)၊ ကုန်သွယ်မှုတိုးမြှင့်ရေးနှင့် ပိုမိုပူးပေါင်းပါဝင်နိုင်ရေးမူဘောင်(Enhanced Integrated Framework) တို့က အဆိုပါစိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရေး ကူညီပေးကြောင်း၊ ယခုနှစ်ကုန်ပိုင်းတွင် ဗြိတိန်နိုင်ငံမှ ဖွံ့ဖြိုးဆဲနှင့်ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများ၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအဆင့်မှ လွတ်မြောက်တော့မည့် နိုင်ငံများအတွက် ပေးအပ်မည့် ကုန်သွယ်မှုဆိုင်ရာသက်သာခွင့်များကို ကြိုဆိုကြောင်း ဆွေးနွေးခဲ့ကြသကဲ့သို့ ဗြိတိန်နိုင်ငံကလည်း ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ၏လိုအပ်ချက်များကို အသိအမှတ်ပြု၍ ဈေးကွက်ဝင်ရောက်နိုင်ရေး ပိုမိုရိုးရှင်းသော အကောက်ခွန်နှင့် ကိုတာကင်းလွတ်ခွင့်များကို ခွင့်ပြုထားခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယခုအစည်းအဝေးမှ ရလဒ်များကို မတ် ၅ ရက်မှ ၉ ရက်အထိ ကာတာနိုင်ငံ ဒိုဟာမြို့၌ ပြုလုပ်မည့် ကုလသမဂ္ဂ၏ (၅) ကြိမ်မြောက် ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများဆိုင်ရာ ဆွေးနွေးပွဲတွင်လည်း ပါဝင်ဆွေးနွေးသွားမည်ဖြစ်သည်။

**သတင်းရင်းမြစ် – ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့**

# ပဲမျိုးစုံနှင့်ပတ်သက်၍ အိန္ဒိယအစိုးရက သုံးသပ်ဆွေးနွေးမှုပြုလုပ်

**မွမ်ဘိုင်း မတ် ၂**

အိန္ဒိယဗဟိုအစိုးရသည် ပဲမျိုးစုံပိုမိုစိုက်ပျိုးထွက်ရှိစေရန် တောင်သူလယ်သမားများအတွက် လိုအပ်သောအကူအညီများ ပံ့ပိုးပေးမည်ဖြစ်သည့် အပြင် ပြည်သူများအနေဖြင့်လည်း ပဲမျိုးစုံကို ဈေးနှုန်းသင့်တင့်စွာဖြင့်ဝယ်ယူနိုင်ရေး ပြည်ပမှ ပဲမျိုးစုံတင်သွင်းမှုကို လွယ်ကူလျင်မြန်အောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံ စားသုံးသူရေးရာဦးစီးဌာနမှ အတွင်းရေးမှူးက ပဲမျိုးစုံအသင်းအဖွဲ့များနှင့်တွေ့ဆုံစဉ် ပြောကြားသည်။

စားသုံးသူရေးရာဦးစီးဌာနသည် ပဲမျိုးစုံပိုမိုစိုက်ပျိုးထွက်ရှိစေရန်နှင့် ပဲမျိုးစုံအား ၂၀၂၃ ခုနှစ်အတွင်း ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူနိုင်ရေး ပဲမျိုးစုံတင်သွင်းသူလုပ်ငန်းရှင်များအား လိုအပ်သည့်အကူအညီများအား ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးခဲ့ပြီး အစည်းအဝေးသို့ All India Dal ဆန်စက်အသင်း၊ အိန္ဒိယ ပဲမျိုးစုံနှင့် အစေ့အဆန်များအသင်းနှင့် ပြည်ပစိုက်ပျိုးရေးကုန်သည်များအသင်းတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ အိန္ဒိယနိုင်ငံအစိုးရအနေဖြင့်လည်း နိုင်ငံအတွင်းရှိ ပဲမျိုးစုံအသင်းအဖွဲ့များ၊ ပဲမျိုးစုံတင်ပို့ရောင်းချသည့် နိုင်ငံကြီးများနှင့် ပုံမှန်အပြန်အလှန်ဆက်ဆံဆောင်ရွက်လျက်ရှိပြီး လိုအပ်သောမူဝါဒအစီအမံများကို ဆောင်ရွက်လျက်ရှိသည်ကို မြင်တွေ့ရသည်။

လာမည့်နှစ်တွင် ကမ္ဘာလုံးဆိုင်ရာ ပဲမျိုးစုံရရှိနိုင်မှုသည် မြန်မာနိုင်ငံက မျှော်မှန်းထားသည့် ထုတ်လုပ်မှုတိုးလာသည်နှင့်အမျှ ပိုမိုကောင်းမွန်လာမည်ဟု ခန့်မှန်းထားသည်။ အာဖရိကနိုင်ငံများတွင် ပဲမျိုးစုံစိုက်ပျိုးသည့်ဧရိယာများသည် ၂၀၂၃ ခုနှစ် ဩဂုတ်လမှစ၍ တိုးလာမည်ဖြစ်သည်။ ယင်းအခြေအနေဖြင့် ပဲမျိုးစုံတင်သွင်းမှုရေစီးကြောင်းကို တစ်သမတ်တည်းထိန်းထားနိုင်မည်ဖြစ်ပြီး ပဲမျိုးစုံရရှိနိုင်ရေး စိန်ခေါ်ချက်များကို ဖြေရှင်းပေးနိုင်မည်ဖြစ်သည်။

ပြည်တွင်းပဲစားသုံးမှုလိုအပ်ချက်အတွက် အကြံပြုလိုသည်မှာ နိုင်ငံအတွင်း ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်အောင်ဆောင်ရွက်ခြင်း၊ တင်သွင်းမှုများအတွက် အကောက်ခွန်ရှင်းလင်းရေးကိစ္စရပ်များ လွယ်ကူမြန်ဆန်အောင် ဆောင်ရွက်ပေးခြင်း၊ ပဲတင်သွင်းသည့် နိုင်ငံအနည်းငယ်အပေါ် မှီခိုနေရခြင်းကို လျော့ကျစေရန်အတွက် ဈေးကွက်အသစ်များရှာဖွေဖော်ထုတ်၍ တင်သွင်းစေခြင်းနှင့် တည်ငြိမ်သော မူဝါဒစနစ်များရှိရန်ဆောင်ရွက်ရမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အသိပေးရေးသားထားသည်။

# အာဆီယံဈေးကွက်၌ ကမ္ဘောဒီးယား ပို့ကုန်တင်ပို့မှု ၁၃ ရာခိုင်နှုန်းအထိ မြင့်တက်

**ဖနောင်ပင် မတ် ၂**

ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစီရင်ခံစာအရ ကမ္ဘောဒီးယားနိုင်ငံနှင့် အာဆီယံနိုင်ငံများ ကုန်သွယ်မှုသည် ၂၀၂၁ ခုနှစ်က အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၈၃၈ သန်းရှိရာမှ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၀၅၃ ဘီလီယံအထိ ၁ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပြီး နိုင်ငံ၏စုစုပေါင်း ပြည်ပကုန်သွယ်မှုပမာဏ ၅၂ ဒသမ ၄၂၅ ဘီလီယံတွင်မူ ၃၀ ဒသမ ၆၂ ရာခိုင်နှုန်းအထိ ပါဝင်ခဲ့ကြောင်း ဖနောင်ပင်ပို့စ်သတင်းစာ၌ ဖော်ပြထားသည်။

ကမ္ဘောဒီးယားနိုင်ငံမှ အာဆီယံနိုင်ငံများသို့ ပို့ကုန်တင်ပို့မှုသည် ၂၀၂၁ ခုနှစ်က အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၁၄ ဘီလီယံမှ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၉၇ ဘီလီယံအထိ ၁၃ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး စုစုပေါင်းတင်ပို့မှုပမာဏ ၂၂ ဒသမ ၄၈၃ ဘီလီယံတွင် ၁၄ ဒသမ ၇ ရာခိုင်နှုန်းအထိ ရှိလာသည်။ သွင်းကုန်များတင်သွင်းရာ၌ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၇၅၆ ဘီလီယံရှိခဲ့သည်။ ၂၀၂၂ ခုနှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံနှင့် ကုန်သွယ်ဖက် အာဆီယံနိုင်ငံများအနက် ဗီယက်နမ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှာ ကုန်သွယ်မှုအများဆုံး နိုင်ငံများဖြစ်ကြောင်း သိရသည်။

ကမ္ဘောဒီးယား ကုန်သည်ကြီးများအသင်း (Cambodia Chamber of Commerce – CCC)၏ ဒုတိယဥက္ကဋ္ဌ Lim Heng က လူဦးရေသန်း ၆၆၀ ကျော်ရှိသော အာဆီယံနိုင်ငံများသည် ပထဝီအနေအထားအရ ကမ္ဘောဒီးယား၏ လယ်ယာထွက်ကုန်များကို ထိပ်တန်းဝယ်ယူသည့် နိုင်ငံများဖြစ်ကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံသည် တရုတ်၊ တောင်ကိုရီးယားနိုင်ငံများနှင့် နှစ်နိုင်ငံ လွတ်လပ်စွာကုန်သွယ်မှုသဘောတူညီချက်များ ရေးထိုးထားခြင်းကြောင့်လည်း အာဆီယံနိုင်ငံများသို့ တင်ပို့သော ပို့ကုန်ထုတ်လုပ်သည့် ရင်းနှီးမြှုပ်နှံသူများကို ပိုမိုဆွဲဆောင်နိုင်ခဲ့သလို တရုတ်နှင့်တောင်ကိုရီးယားကုန်ပစ္စည်းများ ဖြန့်ဖြူးသည့်ဒေသတွင်းအချက်အချာကျသည့်နိုင်ငံဖြစ်လာကြောင်း၊ ၂၀၁၅ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့သည့် အာဆီယံစီးပွားရေးပေါင်းစည်းဆောင်ရွက်မှုအရ အာဆီယံသည် ကမ္ဘောဒီးယားနိုင်ငံအတွက် အရေးပါသော ဈေးကွက်တစ်ခုဖြစ်ခဲ့ကြောင်း၊ ကိုဗစ် – ၁၉ ကပ်ရောဂါကာလအတွင်း အနည်းငယ်နှောင့်နှေးမှုများရှိခဲ့သော်လည်း နောင်တွင် ကုန်သွယ်မှုပိုမိုတိုးတက်လာမည်ဟု ခန့်မှန်းကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံမှ အာဆီယံနိုင်ငံများသို့ လယ်ယာထွက်ကုန်များ၊ ကုန်ကြမ်းများ၊ သတ္တုတွင်းထွက်များကို အဓိကတင်ပို့ပြီး စားသောက်ကုန်နှင့်အဖျော်ယမကာ၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ်စက်ကိရိယာများ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ စိုက်ပျိုးရေးသုံး စက်ယန္တရားများနှင့် မော်တော်ယာဉ်များ တင်သွင်းကြောင်း ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံအတွက် အာဆီယံ အထူးသဖြင့် ဗီယက်နမ်၊ ထိုင်းနှင့် လာအိုနယ်စပ်တစ်လျှောက်သည် ကုန်သွယ်ရေးဈေးကွက်တစ်ခုဖြစ်ပြီး ခရီးလမ်းကြောင်းသက်သာသည့်အတွက် ကုန်ကျစရိတ်သက်သာစေပြီး အမြတ်အစွန်းပိုမိုရရှိစေသည့် ကုန်သွယ်ဖက်ဒေသအဖြစ် ကျွမ်းကျင်သူများက သတ်မှတ်ထားကြသည်။ စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ အစီရင်ခံချက်အရ အာဆီယံနိုင်ငံများသို့ ဆန်၊ စပါး၊ ပီလောပီနံ၊ သီဟိုဠ်စေ့၊ ပြောင်း၊ ပဲတောင့်ရှည်၊ ပဲနီလေး၊ ကုလားပဲ၊ မြေပဲ၊ ငှက်ပျောသီး၊ သရက်သီး၊ ဆီအုန်း၊ ငရုတ်ကောင်း၊ ဆေးရွက်ကြီးနှင့် ရော်ဘာစေးတို့ကို အဓိကလယ်ယာထွက်ကုန်များအနေဖြင့် တင်ပို့လျက်ရှိသည်။

# ရိုးရာရွှေထည်လက်ဝတ်ရတနာများကို ပို့ကုန်အဖြစ် ဘင်္ဂလားဒေ့ရှ် မျှော်မှန်း

**ဒါကာမက် မတ် ၂**

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၎င်းတို့နိုင်ငံအတွင်းရှိ ပုံစံအမျိုးမျိုးသော ရိုးရာလက်မှု လက်ဝတ်ရတနာများကို ပို့ကုန်အဖြစ် တင်ပို့သွားမည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် ကျောက်မျက်လုပ်ငန်းရှင်များအသင်းက ပြောကြားခဲ့သည်ကို Dhaka Tribune တွင်ဖေဖော်ဝါရီ ၁၁ ရက်က ရေးသားဖော်ပြထားသည်။

ဘင်္ဂလားဒေ့ရှ်ကျောက်မျက်လုပ်ငန်းရှင်များအသင်းမှ စီစဉ်ကျင်းပသည့် သုံးရက်တာ ကျောက်မျက်ရတနာပြပွဲတွင် "လက်ဝတ်ရတနာအလုပ်ရုံအတွက် စိန်ခေါ်မှုများနှင့် အလားအလာရှိသော ရှေ့ဆက်လှမ်းမည့်ခရီး" ခေါင်းစဉ်ဖြင့် နှီးနှောဖလှယ်ပွဲ၌ ကျောက်မျက်ကျွမ်းကျင်ပညာရှင်များက ပြောကြားခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ဘင်္ဂလားဒေ့ရှ်ကျောက်မျက်လုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များ တင်ပြသည့်အဓိကအချက်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရွှေကုန်ကြမ်းမရရှိနိုင်ခြင်း၊ ကြီးမားသောရင်းနှီးမြှုပ်နှံမှုမရှိခြင်း၊ ပြည်တွင်းဈေးကွက်ကိုသာ မှီခိုနေရခြင်းတို့သည် ရွှေကဏ္ဍအတွက် အဓိကစိန်ခေါ်မှု အချို့ဖြစ်ကြောင်းလည်း ဖော်ပြပါရှိသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရိုးရာလက်မှုရွှေလက်ဝတ်ရတနာများကို လက်ပန်းထိမ်ဖြင့် ပြုလုပ်သည့်လုပ်ငန်းတွင် လုပ်သားအများအပြားရှိကြောင်း ဘင်္ဂလားဒေ့ရှ်ကျောက်မျက်လုပ်ငန်းရှင်များအသင်းက ပြောကြားထားသည်။ ဘင်္ဂလားဒေ့ရှ် ရိုးရာလက်မှုရွှေလက်ဝတ်ရတနာများသည် အမေရိကန်၊ ကနေဒါနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများတွင် ဝယ်လိုအားကောင်းမွန်သည်။

သတင်းရင်းမြစ်များ– မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးသံမှူးများ၏ ပေးပို့မှုအချက်အလက်များ။

**ခင်ရတနာ စုစည်းဖော်ပြသည်။**

# တိုင်းရော ဖွံ့ဖြိုးစေဖို့ အထောက်အကူပြုလျက်ရှိသည့် လမ်းအမှတ် (၁၀)

**တိုင်းဒေသကြီးအတွင်း မြစ်လက်တက်များစွာ ခွဲဖြာစီးဆင်းနေပြီး မြစ်ဝကျွန်းပေါ်တစ်လျှောက် နုန်းမြေများ၊ လမုတောနှင့် ရွံ့နွံတောများသည် ဆန်စပါး စိုက်ပျိုးဖြစ်ထွန်း အောင်မြင်ရန် သဘာဝအရင်းအမြစ်တစ်ခုအဖြစ် ဖြစ်တည်နေသည်။ ထိုသို့ သဘာဝအရ ဖြစ်တည်မှုအပေါ်အရင်းပြု၍ ဆန်စပါးကို ဒေသတွင်း ပြည်သူများ အဓိကထား စိုက်ပျိုးသည့်အတွက် ဧရာဝတီတိုင်းဒေသကြီးကို " မြန်မာနိုင်ငံ၏ စပါးကျီ "ဟု တင်စားခေါ်ဝေါ်ကြသည်ပင်။ ရေအရင်းအမြစ်များ ပေါများသည့် တိုင်းဒေသကြီးဖြစ်သည့်အတွက် ဆန်စပါး သာမက ပဲ၊ ပြောင်း၊ နေကြာ စသော ကောက်ပဲသီးနှံများနှင့် ငါး၊ ပုစွန်၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ငါးပိ စသော ရေထွက်ကုန်ပစ္စည်းများလည်း ပေါများစွာ ထွက်ရှိသည်။**

## မေသော်



ဘိုကလေး – မော်လမြိုင်ကျွန်း– ကျုံမငေးလမ်း(ဘိုကလေး– ဘိုးဘေး– အညာစုအပိုင်း) အဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။

ထိုသို့ ဒေသတွင်းထွက်ရှိသည့် ထွက်ကုန်များကို ဈေးကွက်သို့အချိန်မီ တင်ပို့ရောင်းချပြီး ဒေသစီးပွား ဖွံ့ဖြိုးစေရန် လမ်းကွန်ရက်များကို တိုင်းဒေသကြီး အတွင်း အဆင့်မြှင့်တင်လျက်ရှိသည်။ တိုင်းဒေသကြီး အတွင်း ကြွယ်ဝစွာတည်ရှိသည့် သဘာဝ မြစ်၊ ချောင်း၊ အင်း၊ အိုင်များသည် ဒေသခံပြည်သူများ သွားလာ ဆက်သွယ်ရေးကို အဟန့်အတားမဖြစ်စေဘဲ ဒေသတွင်း လူမှုစီးပွားကို အကျိုးပြုနိုင်စေရန် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန အနေဖြင့် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

**အကျိုးပြုလမ်းများတွင် တစ်လမ်းအပါအဝင်ဖြစ်**

လမ်းဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးအတွင်း ဖော်ဆောင်လျက်ရှိသည့် အကျိုးပြုလမ်းများတွင် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်ဖွံ့ဖြိုး တိုးတက်မှုစီမံကိန်း လမ်းအမှတ်(၁၀) ဘိုကလေး– မော်လမြိုင်ကျွန်း– ကျုံမငေးလမ်း (ဘိုကလေး– ဘိုးဘေး–အညာစုအပိုင်း)သည် တစ်လမ်းအပါအဝင် ဖြစ်သည်။

**လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်**

"ဒီလမ်းဟာ ပြည်ထောင်စုက စီမံခန့်ခွဲတဲ့ လမ်းတစ်လမ်းဖြစ်ပါတယ်။ ကျွန်တော်တို့ စတင် တာဝန်ယူစဉ်ကာလမှာ မြေလမ်းအဆင့်ပဲရှိပြီးတော့ ဒေသခံပြည်သူတွေက ရေလမ်းကိုပဲ အဓိကထား သုံးစွဲနေခဲ့ရတယ်။ အခုလို မြေလမ်းအဆင့်မှ ကတ္တရာလမ်း၊ ကတ္တရာကွန်ကရစ်လမ်းအဆင့် တိုးမြှင့်ဆောင်ရွက်ပေးနိုင်ခဲ့တော့ လမ်းပန်း ဆက်သွယ်ရေးတွေ တိုးတက်လာတယ်။ ဒေသတွင်း ပြည်သူတွေ ကုန်းလမ်းခရီးကို အသုံးပြုနိုင်ပြီး ကုန်စည်စီးဆင်းမှုတွေ မြန်ဆန်လာတယ်။ ဒေသ တွင်း ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး ကဏ္ဍပေါင်းစုံ တစ်ရှိန်ထိုး တိုးတက်လာတာကတော့ ထင်ရှားတဲ့ သာဓကတစ်ခုပါ။ ရာခိုင်နှုန်းပြည့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ခဲ့ရင်တော့ နွေ၊ မိုး၊ ဆောင်း ရာသီမရွေးလုံခြုံ စိတ်ချ၊ ချောမွေ့စွာ သွားလာအသုံးပြုနိုင်ကြမှာ ဖြစ်ပါတယ်" ဟု ဘိုကလေး– မော်လမြိုင်ကျွန်း– ကျုံမငေးလမ်း (ဘိုကလေး–ဘိုးဘေး–အညာစုအပိုင်း)ကို တာဝန် ယူ၍ လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် လမ်းဦးစီးဌာန လမ်း ဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၂၁)မှ ဒုတိယ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသန်းမြိုင်ထူးက ပြော သည်။

**ဒီလမ်းဟာ ပြည်ထောင်စုက စီမံခန့်ခွဲတဲ့လမ်းတစ်လမ်း ဖြစ်ပါတယ်။ ကျွန်တော်တို့ စတင်တာဝန်ယူစဉ်ကာလမှာ မြေလမ်းအဆင့်ပဲရှိပြီးတော့ ဒေသခံ ပြည်သူတွေက ရေလမ်းကိုပဲ အဓိကထား သုံးစွဲနေခဲ့ရတယ်။ အခုလို မြေလမ်းအဆင့်မှ ကတ္တရာလမ်း၊ ကတ္တရာကွန်ကရစ်လမ်းအဆင့် တိုးမြှင့် ဆောင်ရွက်ပေးနိုင်ခဲ့တော့ လမ်းပန်းဆက်သွယ်ရေးတွေ တိုးတက်လာတယ်။ ဒေသတွင်း ပြည်သူတွေ ကုန်းလမ်းခရီးကို အသုံးပြုနိုင်ပြီး ကုန်စည်စီးဆင်းမှုတွေ မြန်ဆန်လာတယ်။ ဒေသတွင်း ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး ကဏ္ဍပေါင်းစုံ တစ်ရှိန်ထိုး တိုးတက်လာတာကတော့ ထင်ရှားတဲ့ သာဓကတစ်ခုပါ။ ရာခိုင်နှုန်းပြည့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ခဲ့ရင်တော့ နွေ၊ မိုး၊ ဆောင်းရာသီမရွေးလုံခြုံ စိတ်ချ၊ ချောမွေ့စွာ သွားလာအသုံးပြုနိုင်ကြမှာ ဖြစ်ပါတယ်**

**လမ်းကွန်ရက်ရေးဆွဲဖောက်လုပ်**

နာဂစ်မုန်တိုင်းပြီးစီးချိန်မှစတင်ကာ မြစ်ဝကျွန်း ပေါ် လမ်းကွန်ရက်အဖြစ် မအူပင်– မော်လမြိုင် ကျွန်းလမ်း၊ မော်လမြိုင်ကျွန်း–သစ်ပုတ်–ပြင်စလူ လမ်း၊ လပွတ္တာ– သက်နှင်းကြီး– ပြင်စလူလမ်း၊ လပွတ္တာ– သုံးခွ– အုတ်တွင်း– ထိပ်စွန်းလမ်း၊ ဘိုးကလေး– ကြိမ်ချောင်း– ကဒုံကနီလမ်း၊ ဘိုကလေး– ထော်ပိုင်– အမာလမ်း၊ ဖျာပုံ–ဒေါ်ငြိမ်း– အမာလမ်း၊ ကျုံကဒွန်း– စက်ဆန်းလမ်း၊ ပုသိမ်– သလပ်ခွာ–မော်တင်စွန်းလမ်း၊ ဘိုကလေး–မော်လ မြိုင်ကျွန်း– ကျုံမငေးလမ်း(ဘိုကလေး–ဘိုးဘေး– အညာစုအပိုင်း)၊ ပုသိမ်–ငပုတောလမ်း ဟူသည့် ဒေသဖွံ့ဖြိုးရေးလမ်းမကြီး ၁၁ လမ်းကို လမ်း ကွန်ရက် ရေးဆွဲဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။

**လမ်းပန်းဆက်သွယ်ရေး ခိုင်မာအားကောင်းဖို့ လမ်းစီမံကိန်းတွေဆောင်ရွက်**

"ရှိနေတဲ့ အရင်းအမြစ် မြစ်ချောင်းတွေက ဒေသအတွက် အကျိုးကျေးဇူးတွေ ဖြစ်စေဖို့ ဒီဒေသ မှာ လမ်းကွန်ရက်တွေ အားကောင်းမှ ဖြစ်မှာပါ။ ကျွန်တော်တို့ဆီမှာ နာဂစ်မုန်တိုင်းဒဏ် ခံရပြီးတော့ ပျက်စီးဆုံးရှုံးတာတွေ များခဲ့တယ်။ ဒီလိုပျက်စီးမှု တွေကို ကျော်လွှားပြီး ဒေသတွင်း လူမှုစီးပွားတွေ နောက်မကျရအောင် လမ်းပန်းဆက်သွယ်ရေး ခိုင်မာအားကောင်းဖို့ လမ်းစီမံကိန်းတွေ ဆောင်ရွက် ပေးတာတွေ ရှိပါတယ်။ ဒါကြောင့်လည်း လမ်းပန်း ဆက်သွယ်ရေး အခြေခံကောင်းရတဲ့အတွက် ကျွန်တော်တို့ဒေသက အရင်းအမြစ်တွေကို အသုံးပြု ပြီးတော့ ဒေသရဲ့အဓိကစီးပွားဖြစ်တဲ့ စိုက်ပျိုးရေးကို လုပ်နိုင်ပါတယ်။ ဒါကြောင့်လည်း တခြား တိုင်းဒေသကြီး၊ ပြည်နယ်တွေနဲ့တစ်ပြေးညီ ဖွံ့ဖြိုးမှု ရှိနေတာပါ" ဟု မော်လမြိုင်ကျွန်းမြို့မှ ဒေသခံ ဦးလှဝင်းက ပြောသည်။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းလမ်းအမှတ်(၁၀) ဖြစ်သော ဘိုကလေး– မော်လမြိုင်ကျွန်း– ကျုံမငေးလမ်း (ဘိုကလေး–ဘိုးဘေး–အညာစုအပိုင်း)သည် မြစ်၊ ချောင်းများပေါများလှသည့် ဖျာပုံခရိုင် ဘိုကလေး မြို့မှ လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နှင့် ကျုံမငေးမြို့တို့ကိုဖြတ်ကာ မြောင်းမြခရိုင် ဝါးခယ်မ မြို့အထိ ဖြတ်သန်းဖောက်လုပ်ထားသော ၂၂ မိုင် ခုနစ်ဖာလုံ ရှည်လျားသည့် အဓိကလမ်းမကြီးတစ်ခု ဖြစ်သည်။

**လမ်းတစ်ခုလုံးရဲ့ ၉၂ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးဖြစ်**

၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်တွင် ရရှိရန်ပုံငွေဖြင့် မူလ အမာခံလမ်း(နှစ်မိုင်ခြောက်ဖာလုံ) အနက်တစ်မိုင် ကို အကျယ် ၁၈ ပေ ကတ္တရာကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ခဲ့ပြီး ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်ကုန်တွင် လမ်းတစ်ခုလုံးရဲ့ ၉၂ ရာခိုင်နှုန်းခန့်ကို ကတ္တရာ လမ်း၊ကတ္တရာကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပြီး ဖြစ်သည်။

အဆင့်မြှင့်တင်ရန်ကျန်ရှိသည့် တစ်မိုင်ခြောက် ဖာလုံကို ကတ္တရာကွန်ကရစ်လမ်းအဖြစ် အဆင့် မြှင့်တင်နိုင်ရန်အတွက် ရန်ပုံငွေလျာထား တင်ပြ ထားရှိပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ အကောင် အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရ သည်။

မော်လမြိုင်ကျွန်းမြို့နေ ဦးမင်းသူက "အရင်က ကျွန်တော်တို့ ဒေသမှာ ၁၅ မိုင် လောက်ပဲဝေးတဲ့ ဝါးခယ်မမြို့မှာရှိတဲ့ ဆွေမျိုး၊ မိတ်ဆွေတွေဆီကို ကုန်းလမ်းခရီးက သွားချင်ရင် မော်လမြိုင်ကျွန်းမြို့၊ မအူပင်မြို့တွေကိုဖြတ်ပြီး ရန်ကုန်–ပုသိမ်လမ်းက တစ်ဆင့် အိမ်မဲ–ကျွန်းကုန်း–ဝါးခယ်မလမ်းအတိုင်း ကွေ့ပတ်သွားရတာ အနည်းဆုံး ခြောက်နာရီ လောက်ကြာတယ်။ အခုတော့ မော်လမြိုင်ကျွန်းမြို့နဲ့ ဝါးခယ်မမြို့ကြား ကတ္တရာလမ်းတွေခင်း၊ တံတား တွေထိုးပြီးဖြစ်ပါတယ်။ အမာခံလမ်းက နည်းနည်းပဲ သွားရတာပါ။ လမ်းပိုင်းတွေက အဆင့်မြှင့်ထားတော့ အခုက ကားနဲ့ပဲ သွားသွား၊ ဆိုင်ကယ်နဲ့ပဲ သွားသွား နာရီဝက်ဆိုတာ အကြာဆုံးပဲ" ဟု ပြောသည်။

သို့ဖြစ်ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်း ဦးစီးဌာန လမ်းဆောက်လုပ်ရေး စီမံကိန်းအထူး အဖွဲ့(၂၁)မှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ဘိုကလေး– မော်လမြိုင်ကျွန်း– ကျုံမငေးလမ်း (ဘိုကလေး–ဘိုးဘေး–အညာစုအပိုင်းနာဂစ်လမ်း ကွန်ရက်လမ်းအမှတ် (၁၀)ကို ယခုကဲ့သို့ ကတ္တရာ လမ်း၊ ကတ္တရာကွန်ကရစ်လမ်းများအဖြစ် အဆင့် မြှင့်တင်ပေးခြင်းအားဖြင့် ယခင်က အချိန်ကြာမြင့်စွာ သွားလာနေခဲ့ကြရသော ဒေသတွင်း မြို့နယ်များသို့ အချိန်တိုအတွင်း သွားလာနိုင်ကြပြီဖြစ်သည်။ ထို့အတူ ဒေသတွင်း ကုန်စည်စီးဆင်းမှု လွယ်ကူ မြန်ဆန်လာပြီး သယ်ယူပို့ဆောင်စရိတ် လျော့ကျ စေနိုင်သည့်အပြင် ဒေသတွင်း ကျန်းမာရေး၊ ပညာ ရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍပေါင်းစုံ တစ်ပြေးညီ ဖွံ့ဖြိုးရေးအတွက်ပါ အထောက်အကူပြုလျက် ရှိသည့် လမ်းအမှတ် (၁၀) ဖြစ်ပါကြောင်း ရေးသား တင်ပြလိုက်ရသည်။ ။

---

# လူငယ်ပန်းချီဆရာ ကျော်မင်းဝင်း၏ တစ်ကိုယ်တော်ပန်းချီပြပွဲကျင်းပ



**မန္တလေး မတ် ၂**

လူငယ်ပန်းချီဆရာ ကျော်မင်းဝင်း၏ တစ်ကိုယ်တော်ပန်းချီပြပွဲ (Solo Art EXHIBITION artist KYAW MIN WIN ) ဖွင့်ပွဲအခမ်းအနားကို မတ် ၁ ရက် နံနက်ပိုင်းက မန္တလေးအောင်မြေသာစံမြို့နယ်ရှိ မန္တလေး တောင်ပန်းချီပြခန်း (Mandalay Hill Art Gallery )၌ ကျင်းပသည်။

အခမ်းအနားတွင် ပန်းချီဆရာကြီးများက မုဒိတာစကားပြောကြား ပြီး ပြပွဲတွင် လက်ရာမြောက်ရေဆေး ပန်းချီကား ၈၀ ပြသထားကာ ပြပွဲသို့ ပန်းချီ ဆရာ ဆရာမများ၊ ဝါသနာရှင်များ၊ သတင်းမီဒီယာများ စုံလင်စွာ တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပန်းချီပြပွဲကို မတ် ၁ ရက် မှ ၅ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသထားမည်ဖြစ်ပြီး မည်သူမဆို လာရောက် ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**ခင်ခင်ဝင်း**
**(ပညာရေး)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃-၃-၂၀၂၃ သောကြာနေ့

### MRTV HD

- ၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တာသုတ်၊ ရတနသုတ်၊ တောရွှဲသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ) (ဒုတိယပိုင်း)**
- ၀၉:၃၅ Soccer View
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ လူမှုစီးပွားသတင်းများ
- ၁၁:၀၀ ကလောင်စွမ်းဖြင့်ဉာဏ်အလင်းတံခါး ဖွင့်ပေးကြသူများ
- ၁၁:၃၀ ၂၀၂၃ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ(ဇီဝဗေဒဘာသာရပ်)
- ၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **"အတိတ်ဒါးဒါးအချစ်ချိုချို"**(အပိုင်း-၄၉)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **"ယုံကြည်ရာလမ်း"**(အပိုင်း-၁၂)
- ၁၅:၀၀ လူငယ်ရေးရာအစီအစဉ်
- ၁၅:၃၅ ၂၀၂၃ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ(ဘောဂဗေဒဘာသာရပ်)
- ၁၆:၃၅ **"မျိုးဂုဏ်တင့်စေဆိုကရေးတီးအငွေ"**
- ၁၇:၂၀ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ) (တတိယပိုင်း)**
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သုတဝေဖြာ…သီရိဂေဟာ
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ **"အတိတ်ဒါးဒါးအချစ်ချိုချို"**(အပိုင်း-၅၀)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ (၇၈)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် **"ပြည်ချစ်သားမွန် တေးသဝဏ်"** တေးဂီတ ဖျော်ဖြေပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ပွဲစဉ်-၂)
- ၂၂:၀၀ (၇၈)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်း "ကြယ်နှင့်အတူ"(အပိုင်း-၂)

### mitv

- 07:01 Mingalar Su Taung (Kyawt Kay Khaing)
- 07:08 Gemstone Sculptor
- 07:21 Serene and Happy Rural Life in Myanmar
- 07:32 Safari World
- 07:43 Shwe U Min Natural Cave In Kalaw
- 08:01 News
- 08:27 Popa Trip
- 08:37 Nga Laik Sakhanthar Elephant Camp
- 09:01 Listening Pleasure, Instrumental Music (Don Min) Mya Nanda
- 09:14 A Happy Visit to Zoological Garden (Nay Pyi Taw)
- 09:25 Chef Life: Myo Min Soe Oo
- 09:35 Myanmar Paper Toys
- 10:01 News
- 10:26 Topical Topics (No. 40) Seek Changes to Overcome Difficulties And Challenges in Life
- 10:52 Myanmar Traditional Snacks: Mounhsi Gyaw
- 11:02 Tigers, Lions and the Guardians

### MRTV NRC

**ချင်း (လိုင်ဇိုး) (၀၆ :၀၀ မှ ၀၇:၀၀)**
ကျန်းမာရေးအတွက်ကောင်းကျိုးများသည့် မဟာကာကြံဆစ်

**ချင်း (ချိုး) (၀၇:၀၀ မှ ၀၈:၀၀)**
နှိုင်းယှဉ်ဆုံးမစကား(စကားပုံများ)

**မွန် (၀၈:၀၀ မှ ၁၀:၀၀)**
ချစ်စရာ့မွန်ရိုးရာအိမ်

**ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)**
ထိမ်းသိမ်းစိုလေရိုးရာအမွေ(ရထားဆွဲပွဲ)(အပိုင်း-၁)

**ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)**
စံကားမြို့ဟောင်းနှင့်ဖယ်ခုံအင်းအလှ

**'ဝ' (၁၄:၀၀ မှ ၁၆:၀၀)**
ရွှေသီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် (အပိုင်း-၅)

**ကချင် (၁၆:၀၀ မှ ၁၈:၀၀)**
ကချင်ခေါင်ရည်(စပီ)ပြုလုပ်ပုံ

**ကယား (၁၈:၀၀ မှ ၂၀:၀၀)**
မြင်တွေ့စေချင်ကယားတို့ရဲ့ရွာနေ (ကယန်းတိုင်းရင်းသားတို့စံပျော်ရာပန်ပက်ရွာ)

**ဝကောကရင် (၂၀:၀၀ မှ ၂၁:၀၀)**
အိမ်သန့်ရှင်းရေးအတွက်လိုအပ်သောတံမြက်စည်း

**အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
သဘာဝရဲ့လက်ဆောင်အင်းရဲကျွန်း

**အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ပန်းလိုမွှေး၍စွမ်းသည့်ဆေး

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၄၅ ရသစုံစွာ၍မြေကမ္ဘာ
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **"သူတစ်ပါးအငယ်ဆောင်ခြင်း"**
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၇)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျပန်နိုင်ငံ)
- ၁၁:၃၀ "အတွေးအမြင်"(အပိုင်း-၇)

### MRTV FARMERS'

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၄၀ သမားရိုးကျမှသည်ဆန်းသစ်မှုဆီသို့
- ၀၇:၁၀ ကုန်ကြမ်းမှသည်ကုန်ချောဆီသို့
- ၀၇:၃၅ စီးပွားဖြစ်နိုင်တစ်ပိုင်တစ်နိုင် ဒေသကြက်နှင့်ဘဲမွေးကြအပိုင်
- ၀၈:၂၀ မြေပဲစိုက်ပျိုးဝင်ငွေတိုး
- ၀၈:၅၅ သာစည်မြို့နယ်မယ်ဇလီကန်ကျေးရွာမှ အိုးလုပ်ငန်း
- ၀၈:၂၀ ဝါစိုက်တောင်သူများ၏အကျိုးစီးပွား အတွက်သာစည်မြို့နယ်မှအထူးဖုန် စံပြစိုက်ကွက်

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary
- ၀၇:၄၅ အားကစားလောကထဲကသူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ်နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၅)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# မြန်မာ - ဂျပန်စင်တာတွင် လာမည့်သုံးနှစ်အတွင်း မြန်မာလူငယ်များအတွက် Young Leader Program များ ဖွင့်လှစ်သင်ကြားသွားမည်

ရန်ကုန် မတ် ၂

JICA Myanmar Office မှ Senior Representative Mr. ONO Shotaro၊ မြန်မာ-ဂျပန်စင်တာမှ Chief Advisor Mr. Kunihiro YAMAUCHI နှင့် တာဝန်ရှိသူများသည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မတ် ၁ ရက်က လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သို့ လာရောက်၍ အသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် တာဝန်ရှိသူများကို လာရောက်တွေ့ဆုံသည်။ (ယာပုံ)



တွေ့ဆုံပွဲတွင် မြန်မာ-ဂျပန်စင်တာ၏ Chief Advisor က မြန်မာ-ဂျပန်စင်တာသည် Private Sector Development အတွက် JICA မှ ပံ့ပိုးကူညီပေးသည့် Project များထဲမှ တစ်ခု အပါအဝင်ဖြစ်ပြီး ကုန်သည်/စက်မှုအသင်းချုပ်၏ ပူးပေါင်းပါဝင်မှုဖြင့် တည်ထောင်ထားခြင်းဖြစ်ကြောင်း၊ မြန်မာ-ဂျပန်စင်တာ Project သည် မတ် ၃၁ ရက်တွင် သက်တမ်းပြည့်မြောက်ပြီဖြစ်သော်လည်း နှစ်ဖက်သဘောတူညီမှုဖြင့် သုံးနှစ် ထပ်မံသက်တမ်းတိုး၍ လာမည့် သုံးနှစ်အတွင်း မြန်မာလူငယ်များအတွက် Young Leader Program များကို ဦးစားပေး ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပါကြောင်း၊ အသင်းချုပ်အနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ကုန်သည်/စက်မှုအသင်းချုပ် ဥက္ကဋ္ဌ ဦးအေးဝင်းက အသင်းချုပ်တွင် မြန်မာ-ဂျပန်စင်တာ စတင်ဖွင့်လှစ်သည်မှစ၍ သင်တန်းများ အများအပြား ဖွင့်လှစ်သင်ကြားပို့ချနိုင်ခဲ့ပြီး Business Community အတွက်သာမက လူငယ်လူရွယ်များအတွက်ပါ များစွာ အထောက်အကူပြုခဲ့ကြောင်း၊ မြန်မာ-ဂျပန်စင်တာနှင့် ကုန်သည်/စက်မှုအသင်းချုပ်တို့ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြင့် ရရှိခဲ့သည့် အောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ပြီး ရှေ့ဆက်၍လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**မျိုးမင်းသူရ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂-၃-၂၀၂၃

| ရွှေ | | |
|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် | ၂၁၅၅၉၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် | ၂၁၅၇၁၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၈၃၀ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၈၃၃ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၈၅ ကျပ် | ၂၂၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၂၆၅ ကျပ် | ၂၃၁၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၀၀ ကျပ် | ၂၁၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၇၅ ကျပ် | ၂၂၂၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၃၅ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၆၅ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၀ . ၃၄၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၄၆ . ၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၆၉ . ၅၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၅ . ၄၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၄၅၈ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၄၀၀ | ၈၃၀၀ | ၆၁၀ | ၅၀၇၅၃၀၀ |
| MTSH | ၃၀၅၀ | ၃၀၅၀ | ၄၄၀၁ | ၁၃၄၁၈၀၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၇၀၀ | ၁၇၀၀ | ၉၂ | ၁၅၆၄၀၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၆ | ၁၅၆၀၀ |
| EFR | ၂၆၀၀ | ၂၆၀၀ | ၈ | ၂၀၈၀၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၁၃၉ | ၆၈၁၁၁၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချိုးစန္ဒီမွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင် ဒက္ခိဏသီရိစက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းစည်းဝေး



**နေပြည်တော် မတ် ၂**

နေပြည်တော်စက်မှုဇုန် ကြီးကြပ်ရေးကော်မတီနှင့် ဆပ်ကော်မတီဥက္ကဋ္ဌများ၏ ဒက္ခိဏသီရိစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စများနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၁ ရက်က နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

ဦးစွာ နေပြည်တော်စက်မှုဇုန်ကြီးကြပ်ရေး ကော်မတီနာယက၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဒက္ခိဏသီရိစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်စေရန်၊ စက်မှုဇုန်အတွင်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် တင်ပြလျှောက်ထားလာသည့် လုပ်ငန်းရှင်များအား စိစစ်ရွေးချယ်နေရာချထားပေးရန်နှင့် လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကော်မတီအသီးသီးမှ ဝိုင်းဝန်းကြပ်မတ် ဆောင်ရွက်ပေးစေလိုကြောင်း၊ ဆောင်ရွက်ရန်ကျန်ရှိသည့် Infrastructure လုပ်ငန်းများအား ဦးစားပေး အစီအစဉ်အလိုက် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ကော်မတီများ၊ ဆပ်ကော်မတီများမှ မိမိတို့ကော်မတီ၏ လုပ်ငန်းတာဝန်များအား လျင်မြန်ကျေပွန်စွာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုသာ စက်မှုဇုန် အောင်မြင်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ ဒက္ခိဏသီရိစက်မှုဇုန်ရှိ စက်မှုလုပ်ငန်းများ အပါအဝင် ဇုန်ပြင်ပရှိလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပါက အလုပ်အကိုင် အခွင့်အလမ်းများရရှိလာနိုင်ခြင်း၊ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်လာခြင်း၊ ဈေးကွက်ယှဉ်ပြိုင်မှုများကြောင့် ကုန်ပစ္စည်းအရည်အသွေးများကို ယှဉ်ပြိုင်ထုတ်လုပ်ခြင်း၊ အရည်အသွေးမီ ကုန်ပစ္စည်းများကို ပြည်တွင်း၌ပင် ဈေးနှုန်းချိုသာစွာဖြင့် သုံးစွဲလာနိုင်ခြင်းတို့ကြောင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် အားပေးဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ကိုထိခိုက်မှုမရှိသော၊ ဖွံ့ဖြိုးတိုးတက်ရန် အလားအလာရှိသော ရင်းနှီးမြှုပ်နှံမှုများဖြစ်စေရန် ကော်မတီများ၊ ဆပ်ကော်မတီများက ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်စက်မှုဇုန်ကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းက စက်မှုဇုန်ဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကာ နေပြည်တော်စက်မှုဇုန်ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး၊ နေပြည်တော်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဟိန်းဇော်က ဒက္ခိဏသီရိစက်မှုဇုန် အတွင်း မြေနေရာလျှောက်ထားလာသော လုပ်ငန်းရှင်များအား မြေနေရာချထားပေးနိုင်ရေးနှင့် စပ်လျဉ်း၍ စိစစ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဝင်များနှင့် ဆပ်ကော်မတီဥက္ကဋ္ဌများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော်ကောင်စီသို့ တင်ပြလျှောက်ထားလာသည့် လုပ်ငန်းရှင်များ၏ မြေနေရာလျှောက်ထားလာမှုများကို ကော်မတီမှ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ စိစစ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ထွန်းထွန်းဝင်း**

(ပြန်/ဆက်)

## ပုဏ္ဏားကျွန်းမြို့အတွင်းရှိ ဒေသခံပြည်သူများအား နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုပေး

**ပုဏ္ဏားကျွန်း မတ် ၂**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား မတ် ၂ ရက်ကစ၍ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ပုဏ္ဏားကျွန်းမြို့ လောကမာရဇိန်ဘုရားကြီး သာသနဗိမာန်တော်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့၊ အထူးကုပါရဂူ၊ သမားတော်ကြီးများ ဦးဆောင်သည့် အထူးကုဆရာဝန်ကြီးများက ယနေ့တွင် ဒေသခံပြည်သူ ၅၀၀ တို့ကို မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းစသည့် ရောဂါတို့ကို ECG နှင့် အမ်ထရာဆောင်းစက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးပြီး လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးခြင်းကို အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ(ယာယီ)စစ်ဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီး ကျော်မြင့်ဦး၊ နယ်မြေခံတပ်ရင်း ခမရ(၅၅၀)မှ တပ်ရင်းမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်စံဝင်းနှင့် အဖွဲ့ဝင်များက ကြီးကြပ်၍ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် စေတနာ့ဝန်ထမ်းများ၊ ပရဟိတလူမှုရေးအသင်းအဖွဲ့တို့က လိုအပ်သည့်နေရာများတွင် ပံ့ပိုးကူညီ ဆောင်ရွက်ပေးကြပြီး လာရောက်ဆေးကုသမှု ခံယူနေကြသည့် ဒေသခံပြည်သူများကို အာဟာရအားဖြည့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**နီထွန်းအောင်**

(ပြန်/ဆက်)

## နွားထိုးကြီးမြို့နယ်၌ မြေလျှင်ဘေးဆိုင်ရာ ဇာတ်တိုက်လေ့ကျင့်

**နွားထိုးကြီး မတ် ၂**

မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် မီးသတ်ဦးစီးဌာနမှ မြေလျှင်လှုပ်ခတ်မှုများ ဖြစ်ပေါ်လာပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် မီးသတ်ဦးစီးဌာနမှ လေ့ကျင့်သရုပ်ပြပွဲကို မတ် ၁ ရက်က အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်သည်။

မြေလျှင်ဘေးဆိုင်ရာ သရုပ်ပြလေ့ကျင့်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဦးက အမှာစကားပြောကြားခဲ့ပြီး မီးသတ်တပ်ဖွဲ့ဝင်များက အထပ်အမြင့် အဆောက်အအုံအတွင်းမှ လူနာအားကယ်ထုတ်ခြင်း၊ ရှာဖွေကယ်ဆယ်ရေးပစ္စည်းဖြင့် လက်တွေ့သရုပ်ပြခြင်း၊ အထပ်မြင့်အဆောက်အအုံမှ လူနာချခြင်း၊ ကြိုးဆင်ခြင်း၊ မီးငြှိမ်းရေးစွမ်းရည်များကို လက်တွေ့သရုပ်ပြခဲ့ကြသည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန်းအောင်ဇော်**

## တောင်သူများအတွက် မတ်လ (ပထမ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်း ရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်သည်။

**မိုးရွာသွန်းမှုအခြေအနေ။** ။ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမှုမြဲအောက်လျော့နည်းနိုင်ပြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ။** ။ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၈၁ ဒီဂရီဖာရင်ဟိုက်မှ ၉၁ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၂ ဒီဂရီဖာရင်ဟိုက်မှ ၁၀၂ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ။** ။ ချင်းပြည်နယ်တွင် ၃၇ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၅၃ ဒီဂရီဖာရင်ဟိုက်မှ ၆၃ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၆၄ ဒီဂရီဖာရင်ဟိုက်မှ ၇၃ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ။** ။ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) တို့တွင် ၄၅ ရာခိုင်နှုန်းမှ ၅၅ ရာခိုင်နှုန်းအတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ၅၆ ရာခိုင်နှုန်းမှ ၆၆ ရာခိုင်နှုန်းအတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၆၇ ရာခိုင်နှုန်းမှ ၇၇ ရာခိုင်နှုန်းအတွင်းနှင့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ၇၈ ရာခိုင်နှုန်းမှ ၈၈ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ။** ။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် (၃၁ မီလီမီတာ) မှ (၄၁ မီလီမီတာ) အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့် တောင်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၄၂ မီလီမီတာ) မှ (၅၂ မီလီမီတာ) အတွင်းနှင့် မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် (၅၃ မီလီမီတာ) မှ (၆၃ မီလီမီတာ) အတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ။** ။ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ခြောက်သွေ့) အခြေအနေ အသီးသီးရှိနိုင်သည်။

(မိုး/ဇလ)

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဟုမ္မလင်းမြို့ဝင်လမ်း ကွန်ကရစ်လမ်းဖွင့်ပွဲ အခမ်းအနားတက်ရောက်

မုံရွာ မတ် ၂

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဟုမ္မလင်းတပ်နယ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ ဟုမ္မလင်းခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၈ ရက်က ဟုမ္မလင်းမြို့ဝင်လမ်း ကွန်ကရစ်လမ်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်နှင့်တိုင်းဒေသကြီးအနေဖြင့် မြို့ရွာများတစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လမ်းများကောင်းမွန်စေရန် အလေးထားအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဖေဖော်ဝါရီ ၂၈ ရက်က ဖွင့်လှစ်သည့် ကွန်ကရစ်လမ်းသည် သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းပေါ်ရှိအရေးပါသည့်လမ်းတစ်လမ်းဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့မှသာ ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုစီးပွားဘဝ လျင်မြန်စွာ မြင့်မားလာစေမှာဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး လမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသူရစိုးက ဟုမ္မလင်းမြို့ဝင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ မြို့နေပြည်သူများကိုယ်စား ဦးထွန်းစီက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းနိုင်နိုင်ကျော်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲဝင်း၊ တိုင်းဒေသကြီးလမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် မြို့မိမြို့ဖ ဦးကျော်စွာလွင်တို့က ကွန်ကရစ်လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကွန်ကရစ်လမ်းကို ကြည့်ရှုစစ်ဆေးကာ ရှမ်းရိုးရာအကအဖွဲ့များကို ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့ကြသည်။

အဆိုပါ ကွန်ကရစ်လမ်းသည် အရှည်တစ်မိုင်ခြောက်ဖာလုံ၊ အကျယ် ၁၈ ပေ၊ ထုကိုးလက်မဖြစ်ပြီး တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေကျပ် စုစုပေါင်း ၆၅၀ ဒသမ ၉၁၄ သန်းဖြင့် မြို့နယ်လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဟုမ္မလင်းမြို့နယ် နမ့်ပင်ချောင်း အသေးစားရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်ရှင်းလင်းဆောင်တွင် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးအဖွဲ့ တည်ဆောက်ရေး - ၂ မှ တာဝန်ခံအင်ဂျင်နီယာက တည်ဆောက်ရေးလုပ်ငန်း အကောင်အထည်ဖော်ပြီးစီးမှုနှင့် ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်သွားမည့် အခြေအနေများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က နမ့်ပင်ချောင်း အသေးစား ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ပြီးစီးပါက ဟုမ္မလင်းမြို့နှင့် အနီးရှိ ကျေးရွာများမှ ဒေသခံပြည်သူလူထုအား လျှပ်စစ်မီးကို လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ သတ်မှတ်ကာလတွင် ပြီးစီးအောင် ဆောင်ရွက်စေလိုပါကြောင်း၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ သတ်မှတ်အရည်အသွေးများနှင့် စံချိန်စံညွှန်းကိုက်ညီစွာ တည်ဆောက်ရေး၊ လုပ်ငန်းဆောင်ရွက်မှုများအပေါ် စေတနာထားဆောင်ရွက်ရေးတို့နှင့်ပတ်သက်၍ အသေးစိတ်မှာကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကျေးလက်နေပြည်သူများ သွားလာရေးအဆင်ပြေစေရေးအတွက် ကမြောကင်းတံတားသစ်တည်ဆောက်ရေး အကောင်အထည်ဖော်

ထားဝယ် မတ် ၂

**တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် မတ် ၁ ရက်က ထားဝယ်မြို့ ထားဝယ်- ကမြောကင်း- လောင်းလုံးလမ်းပေါ်ရှိ ကမြောကင်းတံတားသစ် တည်ဆောက်ရေးစီမံကိန်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။**



ဦးစွာ ထားဝယ်ခရိုင် လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမျိုးအောင်က ကမြောကင်းတံတားသစ် တည်ဆောက်နေမှုနှင့် ပြီးစီးနေမှုအခြေအနေ၊ ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ချဉ်းကပ်လမ်း ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြမှုအပေါ်တွင် တံတားသစ်ရေရှည်ကောင်းမွန်စေရေး စနစ်တကျဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တံတားသစ်အချိန်မီပြီးစီးရေး သတ်မှတ်ချက်များနှင့်အညီ ကြပ်မတ်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ တံတားသစ် ရေရှည်ခိုင်ခံ့မှုရှိစေရေးအတွက် သတ်မှတ်စံနှုန်းများနှင့်အညီ စနစ်တကျဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ကျေးလက်နေပြည်သူများ သွားလာမှု အဆင်ပြေစေရေးအတွက် လမ်းများကောင်းမွန်ရန်လိုအပ်ကြောင်းနှင့် တံတားသစ်ကို (၇၈)နှစ်မြောက် တပ်မတော်နေ့မတိုင်မီ ဖွင့်လှစ်နိုင်ရေးကြိုးစားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကမြောကင်းတံတားသစ် တည်ဆောက်နေမှု လုပ်ငန်းခွင်အတွင်း ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများထံ မှာကြားပြီး အဆိုပါ ကမြောကင်းတံတားသည် ထားဝယ်-ကမြောကင်း-လောင်းလုံးလမ်းပေါ်တွင်တည်ရှိပြီး ထားဝယ်မြစ်ကို ဖြတ်သန်းတည်ဆောက်နေခြင်းဖြစ်ကာ တံတားအရှည်ပေ ၁၀၅၀ ရှိကြောင်း၊ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ကာ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် ငါးပေ၊ ရေလမ်းကင်းလွတ်အကျယ် ၁၆၄ ပေ၊ အမြင့် ၁၆ ပေ ရှိမည်ဖြစ်ကြောင်းနှင့် တည်ဆောက်ရေးစီမံကိန်းကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၃ ခုနှစ် မတ်လအတွင်း ပြီးစီးနိုင်ရေးရည်မှန်းတည်ဆောက်လျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး**

**(ပြန်/ဆက်)**

# အလယ်တန်းအဆင့်အောင်မြင်သော ကျောင်းသား ကျောင်းသူများ ပညာသင်ယူနိုင်မည့် အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ အသိပညာပေးဟောပြော

ပဲခူး မတ် ၂

အလယ်တန်းအဆင့် Grade-9 ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများ ပညာသင်ယူနိုင်မည့် အခွင့်အလမ်းများနှင့် စပ်လျဉ်း၍ အသိပညာပေးဟောပြောပွဲကို ပဲခူးမြို့ အ.ထ.က (၁)ကျောင်း သီရိပညာခန်းမ၌ မတ် ၁ ရက်က ကျင်းပရာ တိုင်းဒေသကြီး ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဦးစိုးလွင်က ကျောင်းသား ကျောင်းသူများအားလုံး အလယ်တန်းအဆင့် Grade-9 ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် အသက်မွေးဝမ်းကျောင်း အတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိလာမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။



ယင်းနောက် အ.ထ.က(၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ဝင်းက အလယ်တန်းအဆင့် Grade-9 ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး ၊ မွေးမြူရေး ပညာရပ်များကို တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများတွင် တက်ရောက်သင်ယူနိုင်ရေး လျှောက်ထားနိုင်မည်ဖြစ်ကြောင်း၊ ဘာသာရပ်များအလိုက် ထူးချွန်စွာ အောင်မြင်သူများနှင့် ရိုးရိုးအောင်မြင်သူများအနေဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများ အသုံးပြု၍ လေ့ကျင့်သင်ကြားပေးမည်ဖြစ်သဖြင့် ပြင်ပလုပ်ငန်းခွင်များသို့ ဝင်ရောက်ရာတွင်လည်းကောင်း၊ ကိုယ်ပိုင်လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း များစွာအထောက်အကူ ရရှိစေမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ အဆိုပါ အသိပညာပေးဟောပြောပွဲသို့ အ.ထ.က(၁)ကျောင်းမှ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၆၀ တက်ရောက်ခဲ့သည်။ အလားတူ အသိပညာပေးဟောပြောများကို တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်၌ တစ်ပြိုင်တည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။**ကိုတွတ်(ပြန်/ဆက်)**

# ဗဟန်းမြို့နယ်၌ နွေရာသီ ရိုးရာခြင်းလုံး အခြေခံသင်တန်းဖွင့်

ဗဟန်း မတ် ၂

မြန်မာ့ရိုးရာခြင်းလုံးအားကစား ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ နွေရာသီမြန်မာ့ရိုးရာခြင်းလုံး အခြေခံသင်တန်းကို မတ် ၁ ရက်က ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်ရပ်ကွက်ရှိ ကျန်းမာသုခခြင်းလုံးအားကစားရုံ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနား၌ မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လွင်နှင့် ဗဟန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုလတ်တို့က အမှာစကားပြောကြားပြီး သင်တန်းအတွက် လိုအပ်သောပစ္စည်းများနှင့် နည်းပြစရိတ်များကို ပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီး ရိုးရာခြင်းလုံး ဆပ်ကော်မတီဥက္ကဋ္ဌ ဦးအောင်ထက်က လက်ခံရယူသည်။ အဆိုပါ သင်တန်းကို မတ် ၁ ရက် မှ ၃၁ ရက် အထိ နံနက် ၈ နာရီမှ ၁၀ နာရီအထိ တစ်လကြာ ဖွင့်လှစ်မည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး ရိုးရာခြင်းလုံးဆပ်ကော်မတီ နည်းပြချုပ်ဆရာ ဦးအေးလွင်က သင်ကြားပြသမည်ဖြစ်ကာ အလယ်တန်းအဆင့် ကျောင်းသား ၄၀ တက်ရောက်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

**လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ**

**ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်**

# ကရင်ပြည်နယ်အတွင်း မီးဘေးကာကွယ်ရေး ဆောင်ရွက်မှုများကို ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**ဘားအံ မတ် ၂**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် မတ် ၁ ရက်က ပြည်နယ်မီးသတ်ဦးစီးမှူးရုံး၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ နယ်မြေမီးသတ်စခန်းမှူးများနှင့် တွေ့ဆုံ၍ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ချက်များကို တွေ့ဆုံဆွေးနွေးသည်။

ပြည်နယ်ဝန်ကြီးချုပ်က မီးဘေးကြိုတင်ကာကွယ်ရေး ပြင်ဆင်ဆောင်ရွက်ထားမှု၊ တပ်ဖွဲ့ဝင်များ တာဝန်ချထားပေးမှုနှင့် ယာဉ်ယန္တရားစက်ပစ္စည်းများအခြေအနေကို သိရှိလိုသည့်အတွက် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ မီးသတ်တပ်ဖွဲ့သည် မီးဘေးကာကွယ်ရေး တစ်ခုတည်းမဟုတ်ဘဲ လိုအပ်ပါက လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုကယ်ဆယ်ရေး၊ မြို့ရွာသန့်ရှင်းသာယာလှပရေး၊ ကျန်းမာရေးအစရှိသည့် ကိစ္စရပ်များတွင်လည်း သက်ဆိုင်ရာဌာန၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အမိန့်နှင့် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြစေလိုကြောင်း၊ လိုအပ်သည်များ အခက်အခဲများကို ရင်းနှီးပွင့်လင်းစွာ တင်ပြဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်မီးသတ်ဦးစီးမှူးရုံး ညွှန်ကြားရေးမှူးရုံး ဦးတင်မောင်နီက နှစ်အလိုက် ပြည်နယ် အတွင်းမီးလောင်မှုဖြစ်ပွားသည့်အကြိမ်အရေအတွက်၊ ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်မှု နှိုင်းယှဉ်ချက်၊ မြို့နယ်အလိုက် အရန်မီးသတ်တပ်ဖွဲ့ဝင်အင်အား၊ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ ဖွဲ့စည်းထားရှိမှု၊ ပြည်နယ်အတွင်း မီးသတ်ယာဉ်များ အရေအတွက်နှင့် ဖြန့်ခွဲထားရှိမှု၊ ပြည်နယ်အတွင်း မီးသတ်စခန်းများ ဖွင့်လှစ်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ခရိုင်၊ မြို့နယ်၊ နယ်မြေ မီးသတ်စခန်းမှူးများက တာဝန်ထမ်းဆောင်ရာတွင် ကြုံတွေ့ရသည့် အခြေအနေများကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်နှင့် တာဝန်ရှိ သူများသည် ပြည်နယ်မီးသတ်ဦးစီးမှူးရုံး တိုးချဲ့တည်ဆောက်မည့်မြေနေရာ၊ မီးငြိမ်းသတ်ရေး ပစ္စည်းများနှင့် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများ၊ မီးငြိမ်းသတ်ယာဉ်နှင့် ရေသယ်ယာဉ်များကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မီးသတ်တပ်ဖွဲ့ဝင်များအတွက် ငွေကျပ်ငါးသိန်းကို ထောက်ပံ့ပေးအပ်ခဲ့သည်။

**စောမျိုးမင်းသိန်း**

(ပြန်/ဆက်)

## ဥပဒေပညာဗဟုသုတမှတ်စုများ (သက်သေခံအက်ဥပဒေ) စာအုပ် ပထမအကြိမ် ပုံနှိပ်ထုတ်ဝေ

**နေပြည်တော် မတ် ၂**

ဥပဒေရေးရာဝန်ကြီးဌာနသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်




နှင့်အညီ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဥပဒေအသိပညာ ပြန့်ပွားရေးလုပ်ငန်းများကို အထူးအလေးထား ဆောင်ရွက်လျက်ရှိပြီး ဥပဒေစာအုပ်စာတမ်းများပြုစု ထုတ်ဝေဖြန့်ဖြူးခြင်း၊ သုတေသနစာတမ်းများပြုစုခြင်း၊ စာတမ်းဖတ်ပွဲများကျင်းပခြင်း၊ မြန်မာဥပဒေသတင်းအချက်အလက်စနစ် (Myanmar Law Information System Website) တွင် ဥပဒေများ လွှင့်တင်ပေးခြင်း၊ ဥပဒေပညာရပ်ဆိုင်ရာ သင်တန်းများဖွင့်လှစ်ခြင်းစသည့် ဥပဒေအသိပညာ ဖြန့်ဖြူးရေးလုပ်ငန်းများကို ပုံစံအမျိုးမျိုးဖြင့် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါဆောင်ရွက်ချက်များအနက် ဥပဒေရေးရာဝန်ကြီးဌာနက ပြုစုထုတ်ဝေသည့် ဥပဒေပညာဗဟုသုတမှတ်စုများ (သက်သေခံအက်ဥပဒေ) စာအုပ်တွင် ဥပဒေပြဋ္ဌာန်းချက်နှင့် သက်ဆိုင်ရာ စီရင်ထုံးများအား ပူးတွဲလျက် လေ့လာနိုင်ရန် စီစဉ်ထားပြီး ဖတ်ရှုလေ့လာသင့်သော အဖိုးတန်စာအုပ်ကောင်းတစ်အုပ်အဖြစ်ထုတ်ဝေထားသည်။

သို့ဖြစ်ပါ၍ ဥပဒေပညာ ဗဟုသုတမှတ်စုများ (သက်သေခံအက်ဥပဒေ) စာအုပ်ကို ဥပဒေပညာရှင်များ၊ ရှေ့နေရှေ့ရပ်များ၊ ဥပဒေပညာသင်ယူနေသည့် ကျောင်းသားကျောင်းသူများနှင့် ဥပဒေပညာကို စိတ်ဝင်စားသူများ ဖတ်ရှုလေ့လာ အသုံးပြုနိုင်ရန် ရည်ရွယ်၍ ဥပဒေရေးရာဝန်ကြီးဌာနက ပြုစုထုတ်ဝေရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန် - ပုဂံ အမြန်ရထားပြန်လည်ပြေးဆွဲ၍ ခရီးသွားပြည်သူများ အဆင်ပြေ

**နတ်မောက် မတ် ၂**

မြန်မာ့မီးရထားမှ ရထားစီးခရီးသည်များ အဆင်ပြေစေရေးအတွက် ဇန်နဝါရီ ၂၃ ရက်မှ စတင်၍ အမှတ်(၆၁) အဆန်ရထားပြေးဆွဲခဲ့ရာ ခရီးသွားပြည်သူများ အဆင်ပြေကြကြောင်း သိရသည်။ အမှတ်(၆၁) အဆန်အမြန်ရထားသည် ရန်ကုန်ဘူတာမှ ညနေ ၄ နာရီ ၁၅ မိနစ်တွင်ထွက်ခွာပြီး ပုဂံဘူတာသို့ နောက်တစ်နေ့ မွန်းတည့် ၁၂ နာရီတွင် ရောက်ရှိမည်ဖြစ်သည်။ အမှတ်(၆၂) အစုန်အမြန်ရထားသည် ပုဂံဘူတာမှ ညနေ ၄ နာရီ ၁၅ မိနစ်တွင်ထွက်ခွာပြီး နောက်တစ်နေ့ မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်ဘူတာသို့ ရောက်ရှိမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ ကြေညာပေးထားသည်။




“ကျွန်တော်က နတ်မောက်ကနေ ရန်ကုန်သွားမယ့်ခရီးသည်တစ်ယောက်ပါ။ မီးရထားလက်မှတ်ခက ရန်ကုန်-ပုဂံခရီးဆုံးအထိစီးရင် ရိုးရိုးတန်း ငွေကျပ် ၇၂၀၀၊ အထက်တန်းထိုင်ခုံ ငွေကျပ် ၁၄၄၀၀၊ အထက်တန်းအိပ်စင်ဆိုရင် ငွေကျပ် ၁၉၈၀၀ ဖြစ်လို့ ဈေးနှုန်းသက်သာပါတယ်” ဟု သမ္မန်းပင်ရွာမှ ကိုစိန်မောင်က ပြောသည်။

ရန်ကုန်-ပုဂံအမြန်ရထားသည် လမ်းခရီးတွင် ဘူတာ ၃၃ ဘူတာရပ်နားပေးပြီး နတ်မောက်မြို့နယ်တွင် နတ်မောက်၊ လေးအိမ်၊ သားမျှားနှင့်ပင်းချောင်းဘူတာတို့တွင် ရပ်နားပေးသဖြင့် ရန်ကုန် - ပုဂံ လိုက်ပါစီးနင်းမည့် ခရီးသွားများ အဆင်ပြေကြကြောင်း သိရသည်။

**မူမူစန်း**

## ပွင့်ဖြူမြို့နယ်၌ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် မိုးလုံလေလုံအားကစားရုံသစ်ဆောက်လုပ်

**ပွင့်ဖြူ မတ် ၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနသည် မြို့နယ်အတွင်း အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်သူများ ကိုယ်ကာယကျန်းမာကြံ့ခိုင်စေရေးအတွက် အားလပ်ချိန်များတွင် အားကစားလေ့ကျင့်နိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် မိုးလုံလေလုံအားကစားရုံ အဆောက်အအုံသစ် အကောင်အထည်ဖော် ဆောက်လုပ်လျက်ရှိသည်။

အဆိုပါ မိုးလုံလေလုံအားကစားရုံ အဆောက်အအုံမှာ အလျား ၁၂၀ ပေ၊ အနံ ၉၀ ပေရှိပြီး ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၄ ၂၃ ဒသမ ၇၉၂ သန်းဖြင့် တင်ဒါအောင်မြင်သည့်ကုမ္ပဏီက ၂၀၂၂ ဩဂုတ် ၁၁ ရက်မှစတင်ကာ Steel Structure အမျိုးအစား မိုးလုံလေလုံအားကစားရုံ အဆောက်အအုံသစ်ကို တာဝန်ယူဆောက်လုပ်ခဲ့ရာ ယခုအခါ လုပ်ငန်းတည်ဆောက်ပြီးစီးမှု ၆၀ ရာခိုင်နှုန်းခန့် တည်ဆောက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ အားကစားရုံသစ်ကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစွာ တည်ဆောက်ပြီးစီးရေးအတွက် မြို့နယ်တည်ဆောက်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီမှ ကြီးကြပ်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မိုးလုံလေလုံအားကစားရုံ တည်ဆောက်ပြီးစီးပါက မြို့နယ်အတွင်း အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းတွင်းကျင်းပမည့် အားကစားပြိုင်ပွဲများစွာကို စီစဉ်ကျင်းပနိုင်မည်ဖြစ်ကာ အားကစားဝါသနာရှင် မျိုးဆက်သစ်များလည်း အားကစားနည်းများကို လေ့ကျင့်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**



## မုံရွာမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး ဆွေးနွေးပြီး မီးငြိမ်းသတ်မှုသရုပ်ပြ

**မုံရွာ မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းပြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆွေးနွေးပွဲနှင့် မီးငြိမ်းသတ်ရေးသရုပ်ပြပွဲကို မတ် ၁ ရက်က တိုင်းဒေသကြီး သစ်တောဦးစီးဌာနရုံး ပိတောက်အဆောင်ခန်းမ၌ ပြုလုပ်သည်။

တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်နိုင်က မီးသတ်ဦးစီးဌာနသည် ပြည်သူလူထု၏ အသက်အိုးအိမ်ပစ္စည်းများ၊ နိုင်ငံတော်အတွင်းရှိ ကုန်ထုတ်အရင်းအနှီးများကို မီးဘေးအန္တရာယ်မှ ကာကွယ်တားဆီးရေးလုပ်ငန်းစဉ်နှင့် သဘာဝဘေးအန္တရာယ်အပါအဝင် အခြားသောဘေးအန္တရာယ်များ ကျရောက်သည့်အခါ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်းနှင့် မီးဘေးအန္တရာယ်နှင့်စပ်လျဉ်းပြီး မီးလောင်မှုအခြေခံသဘောတရားနှင့် မီးငြိမ်းသတ်နည်းစနစ်များ၊ မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ၊ လေ့ကျင့်ရေးများ စသည့်ခေါင်းစဉ်များဖြင့် အသေးစိတ်ရှင်းလင်းဟောပြောဆွေးနွေးပြီး သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားပေးခဲ့သည်။

ဆက်လက်ပြီး မီးငြိမ်းသတ်ရေးသရုပ်ပြပွဲကိုပြုလုပ်ရာ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များနှင့် တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများစုပေါင်း၍ လက်တွေ့မီးငြိမ်းသတ်ရေး သရုပ်ပြကြပြီး တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးဦးကျော်ဇေယျ၊ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်နိုင်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့သည်။

**ခရိုင်**(ပြန်/ဆက်)

သချာ်100တို့ပေါ်ထွန်းရာ၊ Top Tenတွေရဲ့ရွေးချယ်ရာ၊
လူရည်ချွန်တို့ ဆုံစည်းရာ၊ All Dအင်အားစုရုံးရာ...

ဆရာ
ဦးမောင်မောင်တီ
B.Sc. (Applied Maths); B.A. (History)
သင်္ချာတစ်ဘာသာတည်းသာသင် သင်္ချာသင်တန်း



၂၀၂၃-၂၀၂၄ ပညာသင်နှစ်
G-9,G-10,G-11,G-12 အတန်း
နွေ(၃)လသင်္ချာ
လက်ခံပြီ။
၉-၃-၂၀၂၃ စမည်။
၂၈၄၊ဗညားဒလလမ်းမကြီး၊ မင်္ဂလာရပ်ရှင်ရုံရှေ့
(ယခင်ဘုရင့်နောင်ရုံ)၊ကျောက်မြောင်း၊
တာမွေမြို့နယ်၊ ဖုန်း-095186637

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## လပွတ္တာခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၈

| | | |
|---|---|---|
| မြို့နယ်သမဝါယမအသင်းစု (လီမိတက်) လပွတ္တာမြို့(၎င်း၏ကိုယ်စား ဦးလှမျိုးတင့်-အတွင်းရေးမှူး) | နှင့် | တက်သစ်စစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်း (၎င်း၏ကိုယ်စား ၁။ ဦးညိုကြီး-ဥက္ကဋ္ဌ ၂။ ဦးစိုးမင်းသိန်း- အုပ်ချုပ်မှုဒါရိုက်တာ) |

တရားလို — တရားပြိုင်များ

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့၊ ဆားချက်ကျေးရွာအုပ်စု၊ ဝဲဒေါင့်ကျေးရွာနေ (၂) တရားပြိုင် ဦးစိုးမင်းသိန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို မြို့နယ်သမဝါယမအသင်းစု(လီမိတက်) လပွတ္တာမြို့ (၎င်း၏ကိုယ်စား ဦးလှမျိုးတင့်၊ အတွင်းရေးမှူး)က မြို့နယ်သမဝါယမအသင်းစု (လီမိတက်)ထံမှ ချေးယူသည့် အရင်းကျန်ငွေ (၈၇၈၅၉၀၀)ကျပ်နှင့် အတိုးငွေ (၆၆၇၇၂၈၄)ကျပ်၊ စုစုပေါင်း (၁၅၄၆၃၁၈၄)ကျပ် ရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ် မတ် ၂၁ရက် (၁၃၈၄ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သော စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(မျိုးမာလာခင်)
ဒုတိယခရိုင်တရားသူကြီး
လပွတ္တာခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## လပွတ္တာခရိုင်တရားရုံးတော်
## ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၄

| | | |
|---|---|---|
| မြို့နယ်သမဝါယမအသင်းစု(လီမိတက်) လပွတ္တာမြို့(၎င်း၏ကိုယ်စား ဦးလှမျိုးတင့်-အတွင်းရေးမှူး) | နှင့် | ၁။ ဦးစိုးမိုးအောင်-ဥက္ကဋ္ဌ ၂။ ဦးညိုကြီး-တွဲဖက်ဥက္ကဋ္ဌ (ချမ်းသာကြီးမွေးမြူရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမ အသင်း) |

တရားလို — တရားပြိုင်များ

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့၊ ဆားချက်ကျေးရွာအုပ်စု၊ ချမ်းသာအေးကျေးရွာနေ(၁)တရားပြိုင် ဦးစိုးမိုးအောင်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုမြို့နယ်သမဝါယမအသင်းစု(လီမိတက်)လပွတ္တာမြို့ (၎င်း၏ကိုယ်စား ဦးလှမျိုးတင့်၊အတွင်းရေးမှူး)က မြို့နယ်သမဝါယမအသင်းစု (လီမိတက်)ထံမှ ချေးယူထားသော ချေးငွေအရင်းနှင့် အတိုးငွေ (၁၅၆၅၂၇၄၈) ကျပ်နှင့် ကာလလွန်အတိုးငွေ (၈၉၇၄၂၆၂)ကျပ်၊ စုစုပေါင်း (၂၄၆၂၇၀၄၆) ကျပ်တိတိရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင် ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ခုနှစ်၊ မတ်လ ၂၁ရက်(၁၃၈၄ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁ရက်) မွန်းမတည့်မီ ၁၀နာရီဖြစ်စေ ၂၀၂၃ခုနှစ် မတ်လ ၂၁ရက်(၁၃၈၄ခုနှစ် နှောင်းတန်ခူးလဆန်း ၁ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သော စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့် အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မျိုးမာလာခင်)
ဒုတိယခရိုင်တရားသူကြီး
လပွတ္တာခရိုင်တရားရုံး

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်
## ကတ္တရာပေပါခွံများအား လေလံခေါ်ယူခြင်း
## လေလံအမှတ်စဉ် (၁/၂၀၂၂-၂၀၂၃)

လမ်းဦးစီးဌာန၊ မြောင်းမြခရိုင် လက်အောက်ရှိ မြောင်းမြမြို့နယ်၊ ဝါးခယ်မမြို့နယ်နှင့် အိမ်မဲမြို့နယ်တို့မှ လမ်း-တံတားလုပ်ငန်းများဆောင်ရွက်ပြီး ကျန်ရှိသော ကတ္တရာပေပါခွံ (၈၆၆၆)လုံးအား (မြန်မာကျပ်ငွေ)ဖြင့် လေလံတင် ရောင်းချလိုပါသည်။

လေလံတင်ရောင်းချမည့် ကတ္တရာပေပါခွံ (၈၆၆၆)လုံး၏ အသေးစိတ်စာရင်းနှင့် လေလံစည်းကမ်းသတ်မှတ်ချက်များကို မြောင်းမြခရိုင်၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံးနှင့် လမ်းဦးစီးဌာန၊ မြောင်းမြခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံးများ၏ ကြော်ငြာသင်ပုန်းတို့တွင် ၃-၃-၂၀၂၃ရက်မှစတင်၍ ဖော်ပြထားမည်ဖြစ်ပြီး အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်-

| | | |
|---|---|---|
| **လေလံလျှောက်လွှာစတင်ရောင်းချမည့်ရက်** | - | ၆-၃-၂၀၂၃ရက် |
| **လေလံလျှောက်လွှာ** | - | ၁၅-၃-၂၀၂၃ရက်၊ |
| **အရောင်းပိတ်မည့်ရက်/အချိန်** | | ၁၁:၃၀နာရီ |
| **လေလံဖွင့်လှစ်မည့်ရက်/အချိန်** | - | ၁၇-၃-၂၀၂၃ရက်၊ ၁၀:၀၀နာရီ |
| **လေလံတင်သွင်းစိစစ်ရွေးချယ်မည့်နေရာ** | - | ခရိုင်လက်ထောက် ညွှန်ကြားရေးမှူးရုံး (ညှိရိပ်သာ)၊ လမ်းဦးစီးဌာန၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့ |

လေလံလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို မြောင်းမြခရိုင်၊ လမ်းဦးစီးဌာန၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**လေလံလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**လမ်းဦးစီးဌာန၊ မြောင်းမြခရိုင်**
ဖုန်း-၀၄၂-၇၀၁၅၃၊ ၀၉-၄၂၈၅၉၅၇၈၆

## ပျောက်ဆုံးကြောင်း

ကျွန်မ မသင်းသင်းဆွေ ၉/တကန(နိုင်) ၂၁၇၇၉၉၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။

မသင်းသင်းဆွေ
(ဖုန်း-၀၉-၇၅၄၈၇၁၆၄၉)

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးမင်းသူအောင် ၇/လပတ(နိုင်) ၁၂၀၅၂၀၏ နိုင်ငံကူးလက်မှတ် အမှတ်(MD 610540)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဦးမင်းသူအောင်**
၇/လပတ(နိုင်) ၁၂၀၅၂၀
ဖုန်း-၀၉-၇၉၁၄၀၉၁၈၇

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## လပွတ္တာခရိုင်တရားရုံးတော်
## ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၃

| | | | |
|---|---|---|---|
| မြို့နယ်သမဝါယမအသင်းစု (လီမိတက်) လပွတ္တာမြို့ (၎င်း၏ကိုယ်စား ဦးလှမျိုးတင့် အတွင်းရေးမှူး) | နှင့် | ၁။ ဦးမြင့်နိုင် ၂။ ဦးမင်းခိုင် ၃။ ဦးနေမင်းထက် ၄။ ဦးဆန်းဦး ၅။ ဦးတင်ဦး | (ရှင်သန်ခြင်း၊ မွေးမြူရေးနှင့် အထွေထွေ လုပ်ငန်း သမဝါယမအသင်း) |

တရားလို — တရားပြိုင်များ

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့၊ စလူဆိပ်အုပ်စု၊ ပိတောက်ကုန်းကျေးရွာနေ (၂) တရားပြိုင်ဦးမင်းခိုင်၊ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့၊ စလူဆိပ်အုပ်စု၊ ကံဆိပ်ကျေးရွာနေ (၃)တရားပြိုင် ဦးနေမင်းထက်၊ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့၊စလူဆိပ်အုပ်စု၊ မိချောင်းအိုင်ကျေးရွာနေ (၄) တရားပြိုင် ဦးဆန်းဦးနှင့် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့၊ စလူဆိပ်အုပ်စု၊ပဒဲကောကျေးရွာနေ(၅)တရားပြိုင်ဦးတင်ဦး(ယခုနေရပ်လိပ်စာမသိသူ)တို့သိစေရမည်။

သင့်တို့အပေါ်၌ တရားလိုမြို့နယ်သမဝါယမအသင်းစု (လီမိတက်) လပွတ္တာမြို့(၎င်း၏ ကိုယ်စား ဦးလှမျိုးတင့်၊ အတွင်းရေးမှူး)က လပွတ္တာမြို့နယ်သမဝါယမအသင်းစု(လီမိတက်)ထံမှ Exim Bank ချေးယူငွေအနက်မှ ပေးဆပ်ရန်ကျန်ရှိသည့် တိုးရင်းပေါင်းငွေကျပ် (၆၆၅၁၀၅၂၀)ကျပ်ရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ခုနှစ် မတ်လ ၂၁ရက် (၁၃၈၄ခုနှစ် နှောင်းတန်ခူးလဆန်း ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူများ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလို ကကြည့်ရှုလိုသည့် လိုအပ်သောစာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။သို့မဟုတ် သင့်တို့၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေ လွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ် ဖေဖော်ဝါရီလ ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မျိုးမာလာခင်)
ဒုတိယခရိုင်တရားသူကြီး
လပွတ္တာခရိုင်တရားရုံး

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်9I/2167 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်း ကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ ရွှေကြာမြိုင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၀)၊ မြေကွက်အမှတ်(၂၃၇၆)၊ မြေအကျယ် (၄၀x၆၀)ပေရှိ မောင်သိန်းနိုင် အမည်ဖြင့် ချထားပေးသော မြေချပါမစ် မြေအမျိုးအစား မြေကွက်ကို အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် လက်ရှိပိုင်ဆိုင်ထားသူ ဦးစန်းနိုင် ၁၂/လကန(နိုင်) ၀၇၀၃၃၁ထံမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ဒေါ်သီတာထွန်း**
**၈/မလန(နိုင်)၀၅၅၃၆၅**
**(ဖုန်း-၀၉-၉၇၁၄၀၂၁၂၇)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀(က)၊ ခွင်ပြုလူနေရပ်ကွက်အမှတ် ၂၀(က)၊ မြေကွက်အမှတ် ၂၁(ခ)၊ အကျယ်အဝန်း (၂၀ ပေ x ၆၀ပေ)ရှိ ဦးမျှင်အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးခင်ညို ၁၀/မဒန(နိုင်) ၀၆၆၉၅၈ ကိုင်ဆောင်သူထံမှ အပြီးအပိုင်ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကျွန်တော် ဦးထွန်းထွန်းနိုင် ၈/ပခက(နိုင်) ၁၆၁၄၅၉ကိုင်ဆောင်သူက စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်အမည်ပါ မြေနှင့်အိမ်အရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်တော် ဦးထွန်းထွန်းနိုင်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ ၁၄ ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထွန်းထွန်းနိုင် ၈/ပခက(နိုင်) ၁၆၁၄၅၉**
**အမှတ်(၉၅/၂)၊ မြိုင်တန်းသာလမ်း၊ (၁၄/၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၉၆၅၀၇၈၇၆၈၊ ၀၉-၅၀၇၈၇၆၈**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း
## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြင်သာ(၁)လမ်း၊ အမှတ် (၁၆/ခ)နေ ဒေါ်ခင်ရီ ၁၂/ဗဟန (နိုင်)၀၃၀၁၅၀၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့မိတ်ဆွေ၏သမီးဖြစ်သူ ဒေါ်နီနီအောင် ၁၂/ဗဟန(နိုင်)၀၇၈၅၂၀ သည် မိဘ၏ဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘများအား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့သောကြောင့် ၎င်းအား အမွေစားအမွေခံသမီးအဖြစ်မှ ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်ပါကြောင်း ကြေညာအပ်ပါသည်။

နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝမှာ မိခင်အပါအဝင် မိသားစုဝင်များအားလုံးနှင့် လုံးဝသက်ဆိုင်ခြင်းမရှိပါကြောင်း တာဝန်ယူဖြေရှင်းပေးမည်လည်း မဟုတ်ပါကြောင်း၊ ဒေါ်နီနီအောင်နှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ၏ မိသားစုဝင်များအပေါ် မေးမြန်းစုံစမ်းခြင်းမပြုလုပ်ကြပါရန်နှင့် ဒေါ်နီနီအောင်နှင့် ပတ်သက်သူများအားလုံးသည် ဒေါ်နီနီအောင်နှင့်သာ တိုက်ရိုက်ဆက်သွယ်ဖြေရှင်းကြပါရန် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်ရီ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဥမ္မာမြင့် (LL.B, D.B.L)** | **ဒေါ်မြတ်နိုးခင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **စဉ်-၈၃၅၁ (၁၃-၉-၂၀၁၂)** | **စဉ်-၅၃၁၅၀ (၃၀-၆-၂၀၂၀)** |

**အမှတ် (၈၉၉)၊ မဟာဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)**
**မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၉၇၂၃၀၉၈၉၂**

## ဖောင်းကြွပျောက်
## လျှောက်ထားခြင်း

ယာဉ်အမှတ် 3E/7041 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်
## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/87510, Honda Wave 100 M/Cယာဉ်လက်ဝယ်ရှိသူ ဦးချစ်ဖြိုးဟန် ၁၄/မမန(နိုင်) ၂၁၇၄၅၇ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်
## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3W/79142 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မြင့် ၇/ထတပ (နိုင်)၀၈၃၆၄၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(တောင်ငူ)**

## ကန့်ကွက်နိုင်ကြောင်း
## ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက် (၁)၊ အကွက်အမှတ် (နမ့်ခိုက်တိုးချဲ့)၊ ဦးပိုင်အမှတ် (၁၆၄၈)၊ ရေိယာ ၀ဒသမ၀၉၆ ဧက၊ အမှုတွဲအမှတ် ၁၅၂-၅/၂၀၁၄-၂၀၁၅ (အေ)ဖြင့် ဦးမောင်ချိုမှ အမည်ပေါက်ရရှိထားသော မြေငှားဂရန်(မူရင်း)မှာ ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်ကူးယူခွင့်ပြုနိုင်ပါရန် ဦးမောင်ချို ၉/မမန(နိုင်)၀၁၇၂၄၃၏ လျှောက်ထားလာမှုနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူရှိပါက အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်းကို ၂၂-၅-၂၀၂၂ရက်စွဲဖြင့် မြန်မာ့အလင်း သတင်းစာတွင် ကြေညာခဲ့ပြီးဖြစ်သော်လည်း ယနေ့အချိန်ထိ ကန့်ကွက်တင်ပြသူ မရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် ဦးမောင်ချို၏ မြေငှားဂရန်မိတ္တူမှန်ကူးယူခွင့် လျှောက်ထားလာမှုအား ခွင့်ပြုဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာ အပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့နေ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်အေးဇူလိုင်စိုး ၁၂/ဒပန(နိုင်) ၀၄၈၃၁၄၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၃၊ လူနေရပ်ကွက် -ဇေယျာသီရိ၊ မြေကွက်အမှတ်(၃၀)၊ (တစ်နည်းအားဖြင့်) ဒေါပုံမြို့နယ်၊ ဇေယျာသီရိရပ်ကွက်၊ အောင်မိတ်ဆွေလမ်း၊ အမှတ်(၂၂၃/က)၊ အကျယ်(၂၅x၅၀) ပေရှိသည့်အနက်မှ ခြေရင်းဘက်ခြမ်း၊ အကျယ် (၁၂ ၁/၂ ပေ x ၅၀ပေ)ရှိမြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်အိုယာမား ၁၂/ဒပန(နိုင်)၀၀၄၅၆၈မှ ၎င်းအမည်ပေါက်ပိုင်ဆိုင်ပြီး လိုအပ်သလို စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း အဆိုပြု၍ ရောင်းချရန် စကားကမ်းလှမ်းသည့်အပေါ် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက သဘောရိုးဖြင့် ယုံကြည်သောကြောင့် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ် စိတ်တစ်ဒေသ ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးအောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**U Zaw Myint(Law Firm)**

| | |
|---|---|
| **ဒေါ်ခင်ခက်ခက်နီလာခိုင်သဇင်မြင့်(LL.B)** | **ဒေါ်တင်မိုးနွယ်(LL.B,LL.M)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၈၆/၂၀၁၇)** | **(စဉ်-၃၅၇၉၀/၂၀၁၀)** |
| | **ဦးရဲမြင့်အောင် (LL.B)(စဉ်-၄၁၇၀၃/၂၀၁၃)** |
| | **ဒေါ်တင်ဇာမျိုး(LL.B)(စဉ်-၄၅၂၆၅/၂၀၁၄)** |
| | **အထက်တန်းရှေ့နေများ** |

**အခန်းအမှတ်(၃)၊ သုမနလမ်းနှင့်မြင်တော်သာလမ်းထောင့်၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၀၈၀၅၁၂၊ ၀၉-၇၃၁၆၇၈၁၅**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနသည် နမ့်ပန်ရေအားလျှပ်စစ်စီမံကိန်းကို ပဏာမစူးစမ်းလေ့လာမှု များဆောင်ရွက်၍ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖြင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း လုပ်ငန်း(Re-Tender) ဆောင်ရွက်ရန် ပြည်တွင်းတိုင်းရင်းသား ကုမ္ပဏီများသို့ လုပ်ငန်းအပ်နှံလိုပါသည်-

(က) နမ့်ပန်ရေအားလျှပ်စစ်စီမံကိန်းကို ပဏာမ စူးစမ်းလေ့လာမှုများ ဆောင်ရွက်၍ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖြင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်းလုပ်ငန်း
(Tender No.19/DHPI(P & W)/2022-2023)(Re-Tender)

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီတစ်ခုလျှင် ကိုယ်စားလှယ်(၁)ဦးသာ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အကာ အကွယ်(Mask နှင့် Face Shield)များ ဝတ်ဆင်၍ လာရောက်ဝယ်ယူပေးပါရန် မေတ္တာရပ်ခံပါသည်-

| | |
|---|---|
| **တင်ဒါပုံစံ ရောင်းချမည့်ကာလ** | - ၃-၃-၂၀၂၃ရက်မှ ၂၀-၃-၂၀၂၃ရက်အထိ (အစိုးရ ရုံးပိတ်ရက်များမပါ) |
| **တင်ဒါပုံစံရောင်းချမည့်အချိန်** | - ရုံးဖွင့်ရက် ၁၀ နာရီမှ ၁၅:၀၀ နာရီအထိ |
| **တင်ဒါပုံစံရောင်းချမည့်နေရာ** | - ရုံးအမှတ် ၂၇၊ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန (၃)ထပ်ဆောင်၊ ရုံးသစ်၊နေပြည်တော် |
| **တင်ဒါအဆိုပြုလွှာတင်သွင်းရမည့် ရက်၊ အချိန်၊နေရာ** | - ၃၀-၆-၂၀၂၃ရက်၊ ၁၃:၀၀နာရီ ရုံးအမှတ်(၂၇)၊ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန၊ (၃)ထပ်ဆောင်၊ ရုံးသစ်၊ နေပြည်တော် |

၃။ တင်ဒါကြော်ငြာပုံစံကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ www.moep.gov.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၁၈၄၊ ၈၁၀၄၂၉၈**

## ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့
## နမ့်ဆန်မြို့

၁။ ၂၀၂၃ ခုနှစ် (အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံ ခန့်ခွဲမှု ရန်ပုံငွေ)ဖြင့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံ မြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် နမ့်ကုမ်ချောင်း ဘေးကျောက်စီမြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်း၊ နမ့်ကုမ် ချောင်းတစ်လျှောက် တစ်ဖက် (၃)ပေ ချောင်းအကျယ်ချဲ့ခြင်းနှင့် နုံးဆယ်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁-၃-၂၀၂၃ရက်
(ခ) **တင်ဒါရောင်းချမှုပိတ်သိမ်းမည့်ရက်** - ၂၁-၃-၂၀၂၃ရက်
(ဂ) **တင်ဒါနောက်ဆုံးတင်သွင်းမည့်ရက်** - ၂၈-၃-၂၀၂၃ရက်
(ဃ) **တင်ဒါတင်သွင်းမည့်နေရာ** - ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေး အဖွဲ့ရုံး၊ နမ့်ဆန်မြို့

၂။ အသေးစိတ်အချက်အလက်များကို ပလောင်ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ရုံး၊ ဖုန်း-၀၈၂-၈၉၂၁၁၊ ၀၈၂-၈၉၂၁၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**




## အများသိစေရန် အသိပေးကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၌ အထက-ရွှေတောင်ကျောင်းတွင် တွဲဖက်ဖွင့်လှစ် သင်ကြားမည့် စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအထက်တန်းကျောင်း တွင် အလယ်တန်းဆင့် (Grade-9) ပြီးမြောက်အောင်မြင်ပါက စိတ်ပါ ဝင်စားသည့် မည်သူမဆို တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထား နိုင်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်ပညာရေးမှူးရုံး၊ ရွှေတောင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့နယ်၊ လယ်ဇင်ကျေးရွာ၊ အကွက်အမှတ်နှင့် အမည်(၆၄၆၊ ရှာထောင်)၊ ဦးပိုင်အမှတ်(၉၊ ၁၂/၁၊ ၁၂/၂၊ ၁၅၊ ၂၁)၊ ဧရိယာ(၈ဒသမ၂၃)ကေရှိမြေအား ဦးဝင်းထွဋ်အောင်၊ ဒေါ်ဝင်းလဲ့ဖြူတို့အမည်ဖြင့် မြေငှားစာချုပ် (စက်မှုစီးပွား) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆိုယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက် အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်း ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(စက်မှုစီးပွား) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1C/4861, 9A/9661 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်6D/4217 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 18W/41656, Honda Wave NR100 M/C ယာဉ် လက်ဝယ်ရှိသူ ဒေါ်အေးအေးသွင် ၇/နတလ (နိုင်)၀၆၁၃၉၈က (ကမ-၃)ပျောက် ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက် ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(သာယာဝတီ)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၅)၊ မြင်သာ(၂)လမ်း၊ မြေကွက်အမှတ်(၉၃/ဘီ)၊ မြေပေအကျယ် (အလျား ၆၀ ပေ x အနံ ၂၀ ပေ)ရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန(မြို့မြေစာရင်း)တွင် ဒေါ်စိန်ပွင့်(TTE-070586)အမည်ဖြင့် မှတ်သားတည်ရှိသည့် နှစ်(၆၀)ဂရန် မြေကွက်ဖြစ်ပြီး ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသောတစ်ထပ်လုံးချင်း နေအိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဂရန်အမည် ပေါက် ဒေါ်စိန်ပွင့်နှင့်အရပ်ကတိစာချုပ်ချုပ်ဆိုဝယ်ယူထားသူ ဒေါ်ဝါဝါခင်ထံမှ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်ခင်လှိုင် ၁၂/ဥကတ(နိုင်) ၁၇၀၂၇၁က အရှုပ်အရှင်းကင်းရှင်း၍ မိမိကသာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ ကတိပြုပြောဆိုသဖြင့် အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဌေးလင်း ၈/ခမန(နိုင်)၁၄၀၁၈၀က ရောင်းဖိုးငွေ၏ တစ်စိတ် တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ် အား ကန့်ကွက်လိုပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင် ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးဆုံးသည် အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထက်ထက်အောင်(LL.B) အထက်တန်းရှေ့နေ(စဉ်-၄၉၂၀၉)**
**အမှတ်(၅၆၀)၊ မာဃ(၁၀)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၇၉၀၁၄၄၅၂၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် (၃၅)၊ မြေကွက်အမှတ်(၈၈၁)၊ မြေကွက်တည်နေရာ အမှတ်(၈၈၁)၊ နတ်ရေကန်(၃)လမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (ဒေါ်အေးကြည်) (၁၂/တမန(နိုင်) ၀၃၆၃၆၀)အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)မြေအား မြေအမည်ပေါက် (ဖခင်)ဦးကြည်နှင့် (မိခင်) ဒေါ်အေးကြည်တို့ အသီးသီးကွယ်လွန်သဖြင့် သားသမီးများ ဖြစ်သော ဒေါ်စန်းစန်းဦး (၁၂/တမန(နိုင်)၀၀၉၂၉၈)၊ ဦးကျော်ကျော် (၁၂/တမန(နိုင်) ၀၀၅၆၈၇)၊ ဦးသန်းထိုက် (၁၂/တမန(နိုင်)၀၀၀၂၄၃)၊ ဦးဖိုးသူ (၁၂/တမန(နိုင်)၀၀၀၂၄၂)၊ ဒေါ်ဌေးဌေးဝင်း (၁၂/တမန(နိုင်) ၀၃၆၃၉၀)တို့မှ ၎င်းတို့မှလွဲ၍ အခြားသားသမီးမရှိဘဲ ၎င်းတို့သာ အမွေခံစားခွင့် ရှိသူများဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံ ကျမ်းကျိန်လွှာ(၂)စောင်၊ (ဖခင်)ဦးကြည်၏ သေစာရင်းသွင်း မိတ္တူမှန်၊ (မိခင်) ဒေါ်အေးကြည်၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေ စာရင်း၊ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)တို့ တင်ပြ၍ ပိုင်ဆိုင် ကြောင်းစာချုပ် ချုပ်ဆိုရန်နှင့် အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါကလုပ်ထုံးလုပ်နည်း အတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုခဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ပြည်ခရိုင်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၁

| | | |
|---|---|---|
| ဒေါ်ခိုင်ဇာဟန် | **နှင့်** | ဒေါ်မိန်းကလေး(ခ)ဒေါ်မိန်းခလေး |
| **တရားလို** | | **တရားပြိုင်** |

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့၊ ခေတ္တရာရပ်ကွက်၊ ခေတ္တရာမြို့သစ် အဝင်လမ်း၊ အမှတ်-၁၂၄နေ တရားပြိုင် ဒေါ်မိန်းကလေး(ခ)ဒေါ်မိန်းခလေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခိုင်ဇာဟန်က ကတိပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပေး စေလိုမှု လျှောက်ထားစွဲဆိုသည် ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့် အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ် မတ် ၈ရက် (၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါ ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ် ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့် အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက် တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရွှေမလေး)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ပြည်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက် (၁)၊ အကွက်အမှတ် (နမ့်ခိုက်တိုးချဲ့)၊ ဦးပိုင်အမှတ် (၂၆၆၉)၊ ဧရိယာ ၀ဒသမ ၀၉၆၆ကေ၊ အမှုတွဲအမှတ် ၁၉၈-၅/၁၉၉၂-၁၉၉၃ (စီ)ဖြင့် တပ်ကြပ်ကြီးအေးလွင်မှ ပိုင်ဆိုင်သော မြေကွက်အား ၎င်း၏ကိုယ်စားလှယ် လွှဲခြင်းခံရသူ ဒေါ်လီလာဝသီ ၉/မကန (နိုင်)၁၀၅၅၈၃မှ ရောင်း/ဝယ်စာချုပ် (၂၄၊/၂၀၂၃)ဖြင့် ဦးနာရန်(ရ်) ၉/မကန(နိုင်)၁၀၉၀၃၁ထံ ရောင်းချ ပေးပြီး ဖြစ်၍ အမည်ပြောင်း ထပ်မံ အသစ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း ၂၀အတွင်း ခရိုင်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက် နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက် အမှတ်(ချယ်ရီမြိုင်စီမံကိန်း)၊ ဦးပိုင် အမှတ်(G-၂၅)၊ ဧရိယာ (၀ဒသမ ၀၅၅)ကေ၊ အမှုတွဲအမှတ်(၇၃၃-၅/၂၀၁၈-၂၀၁၉(အေ)ဖြင့် ဦးစိုင်းရီ လှိုင်-ဒေါ်နန်းမိဟွမ်မှ အမည်ပေါက် ပိုင်ဆိုင်သော မြေကွက်အား ၎င်းတို့၏ ကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသူ ဦးရန်စိုးခန့် ၁၃/မဆတ(နိုင်)၀၄၇၈၀၀မှ ရောင်း/ဝယ်စာချုပ်(၉၊/၂၀၂၃) ဖြင့် ဒေါ်ရွှေ(ခ)ရင်ရက်ချို့ ၁/လဂန(နိုင်) ၀၀၄၂၈၆ထံ ရောင်းချပေးပြီးဖြစ်၍ အမည်ပြောင်း လျှောက်ထားလာမှု အပေါ် ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း ၂၀အတွင်း ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက် အထားခိုင်လုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိ စေရန် ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက် အမှတ်(နမ့်ခိုက်တိုးချဲ့)၊ ဦးပိုင်အမှတ် (၂၆၆၁)၊ ဧရိယာ(၀ဒသမ၀၉၆)ကေ၊ အမှုတွဲအမှတ် (၂၄၃-၅/၂၀၁၈-၂၀၁၉ (စီ)ဖြင့် ဦးရဲလင်းထွန်းမှ အမည်ပေါက် ပိုင်ဆိုင်သော မြေကွက်အား ၎င်းတို့၏ ကိုယ်စားလှယ်လွှဲ အပ်ခြင်းခံရသူ ဦးကျော်ကျော်ထွန်း ၉/မရမ(နိုင်) ၀၀၀၀၇၇မှ ရောင်း/ဝယ်စာချုပ် (၅၈၂၊/၂၀၂၂)ဖြင့် ဒေါ်တင်မျိုးခိုင် ၁၃/ တကန(နိုင်) ၀၄၀၄၀၅ ထံ ရောင်းချ ပေးပြီးဖြစ်၍ အမည်ပြောင်း လျှောက် ထားလာမှုအပေါ် ကန့်ကွက်လိုသူ များ ရှိပါက ရက်ပေါင်း ၂၀အတွင်း ခရိုင်အထွေထွေ အုပ်ချုပ်ရေး ဦးစီး ဌာနသို့ အထောက်အထား ခိုင်လုံစွာ ဖြင့် လာရောက် ကန့်ကွက်နိုင်ပါ ကြောင်း အများသိစေရန် ကြော်ငြာ အပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက် အမှတ် (၁၄/ပြည်တော်သာရပ်)၊ ဦးပိုင် အမှတ် (၄၈/က)၊ ဧရိယာ ၀ဒသမ၁၃၁ ကေ၊ အမှုတွဲအမှတ် ၃၅၅-၅/၂၀၁၀-၂၀၁၁ (အေ)ဖြင့် ဒေါ်ခေါန်စိမ်းမှ ပိုင်ဆိုင်ပြီး ဒေါ်ခေါန်စိမ်းမှာ ၄-၄-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ခင်ပွန်းဖြစ်သူ ဦးလရိန်မှ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ် (၇၀၁IV/၂၀၂၂) ဖြင့် အမွေဆက်ခံပြီး ဖြစ်၍ ဦးလရိန် ၁၃/ကခန(နိုင်)၀၄၂၉၅၂မှ အမည်ပြောင်း ထပ်မံအသစ် လျှောက်ထားလာမှု အပေါ် ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း ၂၀အတွင်း ခရိုင်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနသို့ အထောက် အထားခိုင်လုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိ စေရန် ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက် (၁)၊ အကွက် အမှတ် (ချယ်ရီမြိုင်စီမံကိန်း)၊ ဦးပိုင် အမှတ် (H-၀၉)၊ ဧရိယာ ၀ဒသမ၀၅၁ ကေ၊ အမှုတွဲအမှတ် ၁၈၅-၅/၂၀၁၈-၂၀၁၉ (အေ)ဖြင့် ဒေါ်ရွှယ်ဘူမှ အမည် ပေါက်ပိုင်ဆိုင်သော မြေကွက်အား ၎င်း၏ကိုယ်စားလှယ် လွှဲအပ်ခြင်းခံရ သူ ဒေါ်ခင်ငြိမ်းချမ်းကို ၁၃/လရန(နိုင်) ၁၃၅၃၅၄မှ ရောင်း/ဝယ်စာချုပ် (၁၁၊/၂၀၂၃)ဖြင့် ဒေါ်ယုနန်းဖျင့် ၁/လဂန (နိုင်)၀၀၁၅၄၆ထံ ရောင်းချပေးပြီး ဖြစ်၍ အမည်ပြောင်း လျှောက်ထား လာမှုအပေါ် ကန့်ကွက်လိုသူများရှိပါ က ရက်ပေါင်း ၂၀အတွင်း ခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင် လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင် ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါ သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ သမိန်ဗရမ်းလမ်း၊ မြေကွက်အမှတ်(၁၃၁၄)၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ)ရှိ ဒေါ်ဓာခြည်နွေး (၁၂/စခန (နိုင်) ၀၆၄၄၆၅) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်ဓာခြည်နွေး (၁၂/စခန (နိုင်) ၀၆၄၄၆၅)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့် အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်- ၈၈၅၂)** | **အထက်တန်းရှေ့နေ(စဉ်- ၄၈၃၃၈)** |
| **Hein Htet San Law Firm** | **၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၅ ၅၅၀ ၆၁၄၆** |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 24W/44815 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ရွှေ ၉/မမန(နိုင်)၀၂၉၀၃၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပြင်ဦးလွင်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/15536 New Anbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်နိုင်စိုး ၁၂/မဂဒ(နိုင်)၁၄၇၄၂၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ကိုအေဇင်ထွန်း ၁၂/ဥကမ(နိုင်)၂၀၃၆၄၀၏ နိုင်ငံကူးလက်မှတ်-M274734 ပျောက်ဆုံးသွားသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၄၈၄၈၆**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 16U/1019 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မုံရွာမြို့၊ ရုံးကြီးရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၂၁-ဂါတ်တန်း)၊ ဦးပိုင်အမှတ်(၇)၊ ဧရိယာ ၁ ဒသမ ၃၈၀ ဧကရှိမြေအား အမှုတွဲအမှတ် ၁၇၆ V ၂၀၀၁-၂၀၀၂ အရ (၂၁-၈-၂၀၀၁)မှ (၂၀-၈-၂၀၃၁)ထိ ပြည်သူ့ ဆောက်လုပ်ရေးအမည်ဖြင့် နှစ်(၃၀) မြေငှားဂရန်ရရှိထားသော မြေအနက်မှ ဦးပိုင်အမှတ် ၇(က)၊ ဧရိယာ ၀ ဒသမ ၆၀၀ဧကရှိမြေအား စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်လမ်းဦးစီးဌာန အမည်ဖြင့် မြေငှားစာချုပ် (ခွဲစိတ်အမည်ပြောင်း) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်း ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(ခွဲစိတ်အမည်ပြောင်း) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအဆင့်၊ ဇုန်(B)၊ တိုက်အမှတ်(B-4)၊ အခန်းအမှတ်(1201)၊ TYPE (E) ၊ Area (1850) sqft ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်နန်းခမ်းဦး ၁၃/မဆတ(နိုင်)၀၅၅၇၈၁ ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်တော်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးဆွေလင်းမောင်**
**(Xoomin Treading & Logestics Company Ltd)**
**၇/ပခန(နိုင်)၃၃၀၃၈၈**
**၀၉-၆၉၄၀၅၇၇၇၇၊ ၀၉-၉၅၃၁၆၈၆၈၆**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ထုံးဘိုကျေးရွာအုပ်စု၊ ကုန်းဘောကျေးရွာ၊ ကွင်းအမှတ်-၆၈၁/ဃ၊ ကွင်းအမည်-(ရေငယ်အရှေ့)၊ ဦးပိုင်အမှတ် (N-၃၀)၊ မြေဧရိယာ ၀ ဒသမ ၂၂ဧကအကျယ်ဝန်းရှိ မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးကို ဒေါ်ခင်ဝင်းတင့်ထံမှဝယ်ယူ၍ လက်ရှိလက်ရောက် စီမံခန့်ခွဲပိုင်ဆိုင်သူ ဦးမောင်မောင်စိန် ၅/မရန(နိုင်)၁၁၉၂၆၀ထံက ကျွန်ုပ်၏ မိတ်ဆွေမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယင်းမြေကွက်နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ထုံးဘိုကျေးရွာ အုပ်ချုပ်ရေးမှူး သို့မဟုတ် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုရည်ဖြိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၉၅၅၄/၂၃-၁-၂၀၁၄)**
**အခန်းအမှတ်(ဘီ-၁)၊ အမှတ်(၂၅-ဃ )၊ မေခလမ်း၊ ဟော်ကုန်း၊ (၂-ကွက်) ၊**
**ရပ်ကွက်ကြီး(၃)၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၄၃၁၅၅၄၇၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/20088 Honda Scoopyi 110M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းအေး ၇/ပခန(နိုင်)၀၅၇၄၈၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 14U/9891 TVS 200 THREE WHEEL ယာဉ်လက်ဝယ်ရှိသူ ဦးမြဝင်း ၁၂/သကတ(နိုင်) ၁၂၇၀၁၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/52738 Canda 125 M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Co.,Ltdက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/ 77400 Canda 125 M/C ယာဉ်လက်ဝယ်ရှိသူ Toyomax Co.,Ltdက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 44W/73286 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော် ၉/စကတ(နိုင်) ၀၂၈၅၅၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7P/3098 TOYOTA RACTLS Hatch Back(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသက်ခိုင် ၉/မဟမ(နိုင်)၀၂၉၄၂၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

သင့်သွေးဖြင့် အသက်ကယ်ပါ

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
## ညောင်ဦးခရိုင်တရားရုံးတော်
## ၂၀၂၃ခုနှစ်၊တရားမအထွေထွေလျှောက်ထားလွှာအမှတ်-၇

**ကွယ်လွန်သူ ဦးညွန့်လှိုင်ကျန်ရစ်သောပစ္စည်းနှင့်စပ်လျဉ်းသည့်အမှု**

ဒေါ်စာဥ — **လျှောက်ထားသူ**

ညောင်ဦးမြို့နယ်၊ နတ်ကြို့အိုင်ကျေးရွာအုပ်စု၊ နတ်ကြို့အိုင်ကျေးရွာတွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးညွန့်လှိုင် ကျန်ရစ်သောစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်စာထုတ်ပေးပါမည့် အကြောင်းနှင့် ဒေါ်စာဥမှာ ဦးညွန့်လှိုင်၏ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သည်ဟူ၍လည်းကောင်း၊ ဦးညွန့်လှိုင် ကျန်ရစ်သောပစ္စည်းအပေါ် အမွေဆက်ခံခြင်းအက်ဥပဒေအရ အမွေထိန်းလက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ဤအမှုကို ၂၀၂၃ခုနှစ် မတ် ၂၉ရက် (၁၃၈၄ခုနှစ် တန်ခူးလဆန်း ၉ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးညွန့်လှိုင် ကျန်ရစ်သော ပစ္စည်းအပေါ်၌ အကျိုးစီးပွားသက်ဆိုင်သည်အဆို ရှိသူဟူသမျှတို့သည် အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန်သင့်လျော်မည်ဟုထင်မြင်လျှင်) ဤရုံးသို့ဆိုခဲ့သော ၂၀၂၃ခုနှစ် မတ် ၂၉ ရက် (၁၃၈၄ခုနှစ် တန်ခူးလဆန်း ၉ရက်)တွင် မိမိကိုယ်တိုင် သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအား ဖြင့်လည်းကောင်း လာရောက် ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာ မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ ၎င်းရက်တွင် လျှောက်ထားသူ ဒေါ်စာဥ၏ လျှောက်ထားချက်ကို ကြားနာ၍ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ဆုံးဖြတ်လိမ့်မည်ဖြစ်သည်။

၂၀၂၃ခုနှစ် မတ် ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ထိုးပေးလိုက်သည်။

**(သီတာနွယ်)**
**ခရိုင်တရားသူကြီး**
**ညောင်ဦးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိ မြောက်ရပ်၊ မြေဧရိယာ ၀ ဒသမ ၀၅၅ဧက၊ မြေကွက်အမှတ် (ဥ-၇၆၉၁) ဦးမြဇော် ၉/မရမ(နိုင်)၀၅၇၇၇၀ (ဘ)ဦးအုန်းပြေ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်မီမီသန်း ၅/ကသန(နိုင်)၀၅၆၈၄၀ (ဘ)ဦးသန်းဖေမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၆/၂၀၂၃ (၅-၁-၂၀၂၃) တင်ပြ၍ ဦးနေဝင်းထွန်း ၉/မဟမ(နိုင်)၀၀၆၄၂၅ (ဘ)ဦးမောင်ရီ အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့် အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

